Country Strategy and Action Plan

Improving Financial Reporting in Myanmar's Banking Sector

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေး
အစီရင်ခံခြင်းလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာ

နိုင်ငံအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်

ဂျာမနီ နှင့်
ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

- Published: August 1, 2015 -

မာတိကာ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏သတင်းပါးလွှာ.....2

လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏အမှာစာ.....4

အနှစ်ချုပ်တင်ပြချက်.....8

အခန်း (၁) - မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းများ၏ စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းအခြေအနေများ.....20

၁-၁ အဓိကအဖွဲ့အစည်းများ၊ ယင်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် အပြန်အလှန်ဆက်သွယ် ဆောင်ရွက်မှုများ.....20

၁-၁-၁ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး.....20

၁-၁-၂ မြန်မာနိုင်ငံ စာရင်းကောင်စီ.....24

၁-၁-၃ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း.....30

၁-၁-၄ ဘဏ်များအားကြီးကြပ်ခြင်း - မြန်မာနိုင်ငံ ဗဟိုဘဏ်နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန.....32

၁-၂ ဘဏ်လုပ်ငန်းများ၏ အခြေအနေ၊ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းဆိုင်ရာ ကျင့်ထုံးများ.....42

၁-၂-၁ ဘဏ်လုပ်ငန်းများ၏ အခြေအနေ.....42

၁-၂-၂ ဘဏ်လုပ်ငန်းကဏ္ဍရှိ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းကျင့်ထုံးများ.....50

အခန်း (၂) - ကွာဟချက်များကို သရုပ်ခွဲဆန်းစစ်ခြင်း.....64

၂-၁ နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများဆိုင်ရာကျွမ်းကျင်မှု.....66

၂-၂ နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများကို အသက်ဝင်စေရန်ဆောင်ရွက်နိုင်မှုမရှိခြင်း.....68

၂-၃ အများပြည်သူသို့ သတင်းထုတ်ဖော်တင်ပြခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း.....68

၂-၄ စာရင်းကိုင်လုပ်ငန်းဆိုင်ရာ ကျင့်ထုံးများ.....70

၂-၄-၁ စာရင်းကိုင်လုပ်ငန်းဆိုင်ရာ ပြဿနာများ.....72

၂-၄-၂ စာရင်းကိုင် ကျင့်ထုံးများ ၏ အကျိုးသက်ရောက်မှုများ.....80

၂-၅ ဘဏ်များရှိ အုပ်ချုပ်ရေးစနစ် (Governance) ဆိုင်ရာပြဿနာများ.....80

၂-၆ ပြင်ဆင်ထားသော ဘာဆယ်(လ်)အခြေခံမူနှင့် သတိပြုရမည့်မူဘောင်များနှင့်ကိုက်ညီခြင်း.....84

အခန်း (၃) - အဆိုပြုထားသော လုပ်ငန်းများ.....88

၃-၁ MFRS အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တည်ဆောက်ပေးခြင်း.....88

၃-၂ ဥပဒေမူဘောင်နှင့်အဖွဲ့အစည်းတည်ထောင်ခြင်း.....96

၃-၃ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ.....100

၃-၄ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် တိုးတက်အားကောင်းစေခြင်း.....106

၃-၅ ပညာရပ်ဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများ တိုးတက်အားကောင်းစေခြင်း.....116

နိဂုံး.....124

နောက်ဆက်တွဲ.....126

Contents

Message from the Office of the Auditor General of the Union....3

Foreword from the Action Plan Committee....5

Executive Summary....9

Chapter 1: Accounting and Auditing Environment for Banks in Myanmar....21

1.1 Key Institutions, their Responsibilities and Interactions....21

1.1.1 Office of the Auditor General of the Union (OAG)....21

1.1.2 Myanmar Accountancy Council (MAC)....25

1.1.3 Myanmar Institute of Certified Public Accountants (MICPA)....31

1.1.4 Supervision of Banks – Central Bank of Myanmar (CBM) and Ministry of Finance (MoF)...33

1.2 Profile of the Banking Sector and Accounting and Auditing Practice....43

1.2.1 Bank Classifications....43

1.2.2 Accounting and Auditing Practice in the Banking Sector....51

Chapter 2: Gap Analysis....65

2.1 IFRS and ISA Expertise....67

2.2 Lack of Enforcement....69

2.3 Public Disclosures and Transparency....69

2.4 Accounting Practices....71

2.4.1 Accounting Issues....73

2.4.2 Impact of Accounting Practices....81

2.5 Governance Issues in Banks....81

2.6 Compliance with Revised Basel Core Principles and Prudential Framework....85

Chapter 3: Proposed Actions....89

3.1 Building Stakeholder Ownership....89

3.2 Statutory Framework and Institutional Set-up....97

3.3 Role of Professional Associations....101

3.4 Strengthening Institutional Capacity....107

3.5 Strengthening Professional Training....117

Conclusion....125

Annex....128

ဇယားများ စာရင်း

ဇယား (၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လျာထားငွေ (Provisioning) ဆိုင်ရာ စည်းမျဉ်းများ.....74

ဇယား (၂) MFRS အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများ၏အခန်းကဏ္ဍကို တည်ဆောက်ခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်.....94

ဇယား (၃) ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းတည်ထောင်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများအကျဉ်းချုပ်...98

ဇယား (၄) ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအတွက် ဆောင်ရွက်မည့် လုပ်ငန်းအကျဉ်းချုပ်.....104

ဇယား (၅) အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တိုးတက်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများအကျဉ်းချုပ်.....114

ဇယား (၆) ပညာရပ်ဆိုင်ရာ သင်တန်းများ တိုးတက်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်....122

ဇယား (၇) စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ ကြီးကြပ်ခြင်းတို့နှင့်သက်ဆိုင်သည့် အဓိက အဖွဲ့အစည်းများ အတွက် ဥပဒေ မူဘောင်.....**နောက်ဆက်တွဲ**

ပုံများစာရင်း

ပုံ (၁)

မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်း စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ အဓိက အဖွဲ့အစည်းများအကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုများ.....40

ပုံ (၂)

မြန်မာနိုင်ငံရှိ ဘဏ်များအား စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်း ရှုထောင့်မှ အမျိုးအစားခွဲခြားခြင်း.....46

ပုံ (၃)

မြန်မာနိုင်ငံရှိ ဘဏ်များအတွက် စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် သတင်းထုတ် ဖော်တင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ.....58

List of Tables

Table 1: CBM rules on provisioning.....**75**

Table 2: Summary of Actions for Building Stakeholder Ownership.....**95**

Table 3: Summary of Actions for Statutory Framework and Institutional Setup.....**99**

Table 4: Summary of Actions for Role of Professional Associations.....**105**

Table 5: Summary of Actions for Strengthening Institutional Capacity.....**115**

Table 6: Summary of Actions for Strengthening Professional Training.....**123**

Table 7: Legal framework of key accounting, auditing and supervisory institutions.....**Annex**

List of Figures

Figure 1:
Interactions of key institutions in bank accounting, auditing and supervision in Myanmar.....**41**

Figure 2:
Classification of banks in Myanmar from an accounting and auditing perspective.....**48**

Figure 3:
Accounting, auditing and publishing requirements for banks in Myanmar.....**62**

အတိုကောက်စာလုံးများ

ADS	စာရင်းစစ်လုပ်ငန်းမှတ်တမ်းပြုစုထိမ်းသိန်းမှုစနစ်
AML	ငွေကြေးခဝါချမှုတိုက်ဖျက်ရေး
BCP	ဘာဆယ်(လ်) အခြေခံမူများ
BCBS	ဘင်္ကြီးကြပ်ရေးဆိုင်ရာ Basel ကော်မတီ
CBM	မြန်မာနိုင်ငံတော်ဗဟိုဘဏ်
CEO	အမှုဆောင်အရာရှိချုပ်
CFT	အကြမ်းဖက်အဖွဲ့အစည်းများအား ဘဏ္ဍာငွေထောက်ပံ့မှုကို တိုက်ဖျက်ခြင်း
CMA	ကာကွယ်ရေးငွေစာရင်းရုံး
CPA	လက်မှတ်ရ ပြည်သူ့စာရင်းကိုင်
CSAP	နိုင်ငံအဆင့်မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်
CPE	စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ပညာရေး
DA	ဒီပလိုမာစာရင်းကိုင်
DHSHD	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
FIML	၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ
FINREP	ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းမူဘောင်
FISD	မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာန
FRD	ဘဏ္ဍာရေးဝန်ကြီးဌာန၏ ငွေရေးကြေးရေးကိစ္စရပ်များ ကြီးကြပ်ရေး ဦးစီးဌာန၊
GAAP	အများလက်ခံထားသော စာရင်းကိုင်အခြေခံမူများ IAS နိုင်ငံတကာ စာရင်းကိုင်စံများ
IASB	နိုင်ငံတကာစာရင်းကိုင်စံများဘုတ်အဖွဲ့
IESB	နိုင်ငံတကာကျင့်ဝတ်သိက္ခာစံများဆိုင်ရာဘုတ်အဖွဲ့
IFAC	နိုင်ငံတကာစာရင်းကိုင်များအဖွဲ့ချုပ်
IFRS	နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများ
IIC	IFRS စံများအား အကောင်အထည်ဖော်ရေးကော်မတီ
ISA	နိုင်ငံတကာ စာရင်းစစ် စံများ
ISSAI	နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ၏ စာရင်းစစ်စံများ
MAC	မြန်မာနိုင်ငံ စာရင်းကောင်စီ

Acronyms & Abbreviations

ADS	Audit Documentation System
AML	Anti-Money Laundering
BCP	Basel Core Principles
BCBS	Basel Committee on Banking Supervision
CBM	Central Bank of Myanmar
CEO	Chief Executive Officer
CFT	Combating the Financing of Terrorism
CMA	Controller of Military Accounts
CPA	Certified Public Accountant
CSAP	Country Strategy and Action Plan
CPE	Continuing Professional Education
DA	Diploma in Accountancy
DHSHD	Department of Human Settlement and Housing Development of the Ministry of Construction
FIML	The Financial Institutions of Myanmar Law (1990)
FINREP	Financial Reporting Framework
FISD	Financial Institution Supervision Department (Central Bank of Myanmar)
FRD	Financial Regulatory Department (Ministry of Finance)
GAAP	Generally Accepted Accounting Principles
IAS	International Accounting Standards
IASB	International Accounting Standards Board
IESB	International Ethics Standards Board
IFAC	International Federation of Accountants
IFRS	International Financial Reporting Standards
ISA	International Standards on Auditing
ISSAI	International Standards of Supreme Audit Institutions
MAC	Myanmar Accountancy Council

အတိုကောက်စာလုံးများ

MADB	မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်
MAPS	မြန်မာနိုင်ငံ စာရင်းစစ်ကျင့်ထုံးဆိုင်ရာ ဖော်ပြချက်များ
MAS	မြန်မာနိုင်ငံ စာရင်းကိုင်စံများ
MA&I	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
MCDC	မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
MFRS	မြန်မာနိုင်ငံ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း စံများ
MICPA	မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း
MLFRD	မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
MoCommerce	ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
MoConstruction	ဆောက်လုပ်ရေးဝန်ကြီးဌာန
MoD	ကာကွယ်ရေးဝန်ကြီးဌာန
MoF	ဘဏ္ဍာရေးဝန်ကြီးဌာန
MoI	စက်မှုဝန်ကြီးဌာန
MSA	မြန်မာနိုင်ငံ စာရင်းစစ်စံများ
MSAE	မြန်မာနိုင်ငံ ခိုင်လုံမှုစိစစ်သုံးသပ်ခြင်းဆိုင်ရာ စံများ
MSEC	မြန်မာ့ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဌာန
MSRE	ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်မာနိုင်ငံစာရင်းစစ် စံများ
NDC	နေပြည်တော်စည်ပင်သာယာရေးကော်မတီ
NPA	ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း မလုပ်ကိုင်သူ
OAG	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
OTC	ကောင်တာဈေးကွက်
PA	ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သ
SMEs	အသေးစားနှင့်အလတ်စားစီးပွါးရေးလုပ်ငန်းများ
SMOs	အဖွဲ့ဝင်ရန် သတ်မှတ်ချက်များ
SOB	နိုင်ငံပိုင်ဘဏ်
UMEHL	မြန်မာ့စီးပွါးရေးဦးပိုင်ကုမ္ပဏီလီမိတက်
YCDC	ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MADB	Myanma Agriculture and Development Bank
MAPS	Myanmar Auditing Practice Statements
MAS	Myanmar Accounting Standards
MA&I	Ministry of Agriculture and Irrigation
MCDC	Mandalay City Development Committee
MFRS	Myanmar Financial Reporting Standards
MICPA	Myanmar Institute of Certified Public Accountants
MLFRD	Ministry of Lifestock, Fisheries and Rural Development
MoCommerce	Ministry of Commerce
MoConstruction	Ministry of Construction
MoD	Ministry of Defense
MoF	Ministry of Finance
MoI	Ministry of Industry
MSA	Myanmar Standards on Auditing
MSAE	Myanmar Standards on Assurance Engagements
MSEC	Myanmar Security Exchange Centre
MSRE	Myanmar Standards on Related Services
NDC	Nay Pyi Taw Development Committee
NPA	Non-Practising Accountant
OAG	Office of the Auditor General of the Union
OTC	Over-the-counter
PA	Practising Accountant
SMEs	Small and Medium-sized Entities
SMOs	Statements of Membership Obligations
SOB	State-Owned Bank
UMEHL	Union of Myanmar Economic Holding Ltd
YCDC	Yangon City Development Committee

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ သတင်းပါးလွှာ

ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်း၏ ရည်ရွယ်ချက်သည် အဖွဲ့အစည်းတစ်ခု၏ ဘဏ္ဍာရေး အခြေအနေကို သမာသမတ်ကျကျ သင့်တင့်သောအမြင်ဖြင့် အစီရင်ခံတင်ပြရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ရှုအသုံးပြုသူများအနေဖြင့် အဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေ၊ အန္တရာယ်ဖြစ်ဖွယ်ရာအခြေအနေများနှင့် အနာဂတ်အလားအလာများကို အကဲဖြတ်နိုင်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြုစုတင်ပြခြင်းနှင့် အသိပေးအကြောင်းကြားခြင်းတို့သည် မလွဲမသွေ ဆောင်ရွက်ရန် လိုအပ်သော အရေးကြီးသည့် ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာစာရင်းကိုင်စံများနှင့်အညီ မြန်မာနိုင်ငံစာရင်းကိုင်စံများကို ပထမဆုံး ထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် ၂၀၁၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် မြန်မာနိုင်ငံရှိ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊ အများပိုင်ကုမ္ပဏီများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ကျင့်သုံးရမည့် မြန်မာနိုင်ငံစာရင်းစစ်စံများနှင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများကို ထပ်မံထုတ် ပြန်ခဲ့ပါသည်။ အထက်ပါ စံသတ်မှတ်ချက်များကိုပို၍ ကျယ်ကျယ်ပြန့်ပြန့်လိုက်နာဆောင်ရွက်ခြင်း နှင့် အရေးယူဆောင်ရွက်ခြင်းတို့အတွက် ပြဋ္ဌာန်းချက်များပါဝင်သော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေသစ်ကို ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ဆက်လက်ပြဋ္ဌာန်းခဲ့ပါသည်။ ဤစံသတ်မှတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပြီး လိုက်နာရန် အားကြိုးမာန်တက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်ပြီး ငွေရေးကြေးရေးကဏ္ဍတွင် ပါဝင်ပတ်သက်နေသည့် အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်မှု လိုအပ်သည်ဟု ကျွန်တော်တို့ နားလည်သဘောပေါက် ထားပါသည်။

၂၀၁၃ ခုနှစ်တွင် ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) ၏ အကူအညီဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပြည့်စုံကောင်းမွန်သော ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်း မူဘောင်ကို အကောင်အထည်ဖော်ရာ၌ မဟာဗျူဟာကျကျ တိုးတက်မှုရှိလာစေရန် လုပ်ငန်းစီမံချက်ကော်မတီတစ်ခုကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အဆိုပါ ကော်မတီ၏ လုပ်ငန်းစီမံချက်အစီအစဉ်သည် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍတွင်ရှိသော ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းလုပ်ငန်းစဉ် တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်ပြီးစီးခဲ့သောအလုပ်များကို ဖော်ပြပေးသည့်ပြင် ပြီးဆုံးအောင် ဆောင်ရွက်ရန်အတွက် ရှေ့ဆောင်လမ်းပြတစ်ခုလည်း ဖြစ်ပါသည်။

အနာဂတ်ကာလတွင် ကော်မတီအဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းနိုင်ရန်နှင့် ဤကိစ္စအလို့ငှာ ပါဝင်ပတ်သက်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ကျွန်တော်တို့ မျှော်မှန်း ထားပါသည်။ မြန်မာနိုင်ငံရှိ ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းတိုးတက်ကောင်းမွန်လာရန်မှာ သက် ဆိုင်ပတ်သက်သူများအားလုံး၏ စိတ်ပါဝင်စားမှု၊ လုပ်ဆောင်ချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ သည် အရေးကြီးပါသည်။ GIZ နှင့် တာဝန်ရှိသူများအားလုံး၏ စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် ကူညီမှုများအတွက် ကျွန်တော်တို့အထူးပင် ကျေးဇူးတင်ရှိပါသည်။

မျိုးမြင့်
ဒုတိယစာရင်းစစ်ချုပ်

Message from the Office of the Auditor General of the Union

The purpose of financial reporting is to provide an objective and fair view of an entity's financial position. As Myanmar's market economy develops, the preparation and communication of financial information is vitally important so that users of financial statements can assess financial health, risk profiles and future prospects of an institution.

We published the first Myanmar Accounting Standards in 2003 that are consistent with International Accounting Standards. Then in 2009 and 2010 we published the Myanmar Standards on Auditing and Financial Reporting Standards respectively, which should be adopted by all certified public accountants, public companies and financial institutions operating in Myanmar. In addition, the new Myanmar Accountancy Council Law was passed in June 2015 covering wider compliance and enforcement of the above standards. We understand that full implementation and compliance of these standards is a challenging process and it requires great effort from each stakeholder in the financial sector.

In 2013, with the help of Deutsche Gesellschaft für Internationale Zusammenarbeit (GIZ), we assembled an Action Plan Committee to strategically improve the implementation of a sound financial reporting framework in the banking sector. This Country Strategy and Action Plan document outlines the work being done and is a roadmap for improving the financial reporting process in the Myanmar's banking sector.

Going forward, we hope to expand the committee's membership and increase collaboration among stakeholders. The interest, actions and coordination of stakeholders are critical to improving financial reporting in Myanmar and we thank them and GIZ for their continued and active support.

Myo Myint
Deputy Auditor General

လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏ အမှာစာ

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း စံများကို တရားဝင်ထုတ်ပြန်ကြေငြာပြီး ဖြစ်သော်လည်း ဘဏ် လုပ်ငန်းကဏ္ဍ တွင် ယင်းစံများအား လိုက်နာဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတို့ကို တိုးမြှင့်ပြုလုပ်ရန် လိုအပ်နေပါ သည်။ ထိုလုပ် ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မ တီကို ဖွဲ့စည်းခဲ့ပါ သည်။ ကော်မတီသည် မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) စသည့် ဆက်စပ်ပတ်သက်သူများကို စီမံချက်ရေးဆွဲသ ည့်အစည်းအဝေးများတွင် ပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ကြားဆွေးနွေးခဲ့ပါသည်။

ကော်မတီသည် မြန်မာနိုင်ငံ၏ လက်ရှိ စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းနယ်ပယ်အား မြေပုံရေးဆွဲပြီးနောက်၊ ကွာဟ ချက်များကို သရုပ်ခွဲဆန်းစစ်ကာ၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင်ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်းလုပ်ငန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ် ဖော်ထုတ် ခြင်း၊ ဦးစားပေးအစီအစဉ် သတ်မှတ်ခြင်းနှင့် စီမံချက်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီနှင့်ဆက်စပ်ပတ်သက်သူများ၏ ဘုံရည်ရွယ်ချက်မှာ ဘဏ်လုပ်ငန်းကဏ္ဍတွင် စာရင်း ကိုင်လုပ်ငန်းများဆောင်ရွက်ရာ၌ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်များ အချိန်နှင့်အမျှ တိုးတက် လာစေရန်ဖြစ်ပါသည်။ ထို့အပြင် ကော်မတီအနေဖြင့် အရေးကြီးသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြမည့် စာရင်းကိုင် များနှင့် စာရင်းစစ်များ၏ အသိပညာနှင့် စွမ်းဆောင်ရည်များ တိုးတက်စေရန်လည်း ရည်မှန်းထားပါသည်။ နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းကဏ္ဍရှိ အန္တရာယ်ရှိမှု (Risks) များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ပြီး၊ တည်ငြိမ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ စီးပွါးရေးကဏ္ဍ အတွက်လည်း အကျိုးရှိစေပါမည်။

မြန်မာနိုင်ငံစာရင်းကောင်စီက မြန်မာနိုင်ငံ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများကို သတ်မှတ်ပြဋ္ဌာန်းခဲ့သော်လည်း၊ လက်ရှိ အချိန်၌ မြန်မာနိုင်ငံ တွင် ယင်းစံများကို လိုက်နာစေရေးနှင့် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်မှာမူ အားနည်းလျက်ပင် ရှိနေပါသေးသည်။ ထို့အပြင် ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ ဘဏ်များက စာရင်းစစ်ဆေးထားသော ဘဏ္ဍာ ရေးရှင်းတမ်းများကို အများပြည်သူသို့ သတင်းထုတ်ပြန် ကြေငြာရမည့် ကိစ္စရပ်နှင့်ပတ်သက်၍ လိုက်နာဆောင် ရွက်စေမှု မရှိသေးပါ။ ထိုပြဿနာကို ပိုမိုဆိုးရွားစေ သည်မှာ မြန်မာနိုင်ငံတွင် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်း စံများ (IFRS) ကျွမ်းကျင်မှုမှာ အလွန်နည်းပါးပြီး၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များ (CPAs) အရေအတွက်မှာလည်း အလွန်နည်းနေခြင်း ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းကဏ္ဍတွင် စာရင်းကိုင်ကျင့်ထုံးများကို တစ်ညီတစ်ညွတ်တည်း အသုံးပြုခြင်းမရှိကြပါ။ မြန်မာနိုင်ငံဘဏ်လုပ်ငန်း ကဏ္ဍတွင် ကျင့်သုံးနေသော စာရင်းကိုင်မူများ၊ ကျိုးကြောင်းဆီလျော်သော စည်းမျဉ်းများ (prudential regulations) များနှင့် လက်ရှိ IFRS စံများ အကြားတွင် သိသာသော ကွဲပြားခြားနားမှုများ ရှိနေပါသည်။

ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများကို ထုတ်ပြန်ကြေငြာရာတွင် အရည်အသွေးတိုးတက်စေရေးနှင့် IFRS စံများ နှင့် အပြည့်အဝကိုက်ညီစေရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် အချိန်ကြာမြင့်မည် ဖြစ်ပြီး၊ စိန်ခေါ်မှု တစ်ခုလည်း ဖြစ်ပါသည်။ IFRS စံများကို လက်ခံကျင့်သုံးရုံသက်သက်ဖြင့် ပွင့်လင်းမြင်သာမှုကို အပြည့်အဝ မရရှိနိုင်ပါ။ ပွင့်လင်းမြင်သာမှု အပြည့်အဝရရှိစေရေးအတွက် အောက်ပါအချက်များလည်း လိုအပ်ပါသေးသည် -

- စာရင်းပြုစုသူများ၏ အမူအကျင့်နှင့် စိတ်ထားတို့ကို ပြောင်းလဲရပါမည်၊ အထူးသဖြင့် IFRS နှင့် ကိုက်ညီသည့် IT စနစ်များအသုံးပြုခြင်းအပါအဝင်၊ စာရင်းကိုင်လုပ်ငန်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ရပါမည်။

Foreword from the Action Plan Committee

While Financial Reporting Standards have been officially announced in Myanmar, adherence to and review of standards in the banking sector need improvement. To respond to this, the **Office of the Auditor General of the Union (OAG)** formed the Action Plan Committee (APC). The APC has so far invited the following stakeholders to participate on the committee meetings; the **Myanmar Accountancy Council (MAC),** the **Central Bank of Myanmar (CBM)** and the **Myanmar Institute of Certified Public Accountants (MICPA).**

This committee has taken on the tasks of mapping out the current accounting and auditing environment in Myanmar, performed a gap analysis and identified, prioritized and planned actions for the respective organizations to undertake in order to enhance financial reporting in Myanmar's banking sector.

The common objectives of the APC stakeholders are to improve transparency, accountability and corporate governance of financial reporting in the banking sector over time. In addition the committee seeks to increase knowledge and capacity of local accountants and auditors to perform these critical tasks. By implementing International Accounting Standards, risk in the banking sector can be better managed and the Myanmar economy will benefit from increased stability and investment.

While Myanmar Accounting Standards have been prescribed by the MAC, at present there is weak due process for review and enforcement of Financial Reporting Standard applications in Myanmar. In addition, in general there is no enforcement for banks to publish audited financial statements for public information. To compound the problem, IFRS expertise in Myanmar is very limited and the number of qualified CPAs is low.

Accounting practices are not consistently applied in the banking sector. There are significant differences between prevailing accounting and prudential regulations in Myanmar's banking sector and current IFRS.

The process of upgrading the quality of disclosures in financial statements and achieving full compliance with IFRS will be long and challenging. Full transparency cannot be achieved by simply adopting IFRS, it will also require:

- a change in the culture and mindset of preparers, increasing their accounting knowledge and skills, particularly around use of IFRS compliant IT systems
- an improvement of corporate governance, independence of auditors, roles for audit committees, board oversight of auditors and quality assurance
- stronger enforcement by means of strengthening the capacity and quality of banking supervision and requiring compliance of Myanmar Financial Reporting Standards

- ကော်ပိုရိတ်ဆိုင်ရာအုပ်ချုပ်မှုစနစ်(corporate governance)၊ စာရင်းစစ်များ၏ လွတ်လပ်မှု၊ စာရင်းစစ်ကော်မတီများ၏ အခန်းကဏ္ဍ၊ စာရင်းစစ်များနှင့် အရည်အသွေးစိတ်ချရမှုကို ကြီးကြပ်သော ဘုတ်အဖွဲ့များကို အဆင့်မြှင့်တင်ရပါမည်။
- ဘဏ်လုပ်ငန်းကြီးကြပ်ရေးကဏ္ဍ၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးကို ခိုင်မာစေခြင်းဖြင့်လည်းကောင်း၊ မြန်မာ နိုင်ငံတွင် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်း စံများနှင့်ကိုက်ညီစေခြင်းဖြင့်လည်းကောင်း ဥပဒေလိုက်နာမှုကို ပိုမိုအားကောင်းစေရပါမည်။

ဤသို့သော စိန်ခေါ်မှုများကို ဖော်ထုတ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် ပထမဦးစွာ ဘဏ် ကြီးကြပ်သူများ၊ အစိုးရစာရင်းစစ်များ၊ ဘဏ်များနှင့် စာရင်းစစ်လုပ်ငန်းများအကြား အချင်းချင်းဆက်သွယ်ဆောင်ရွက်မှုများ ကို တိုးမြှင့်ပေးခြင်းဖြင့်လည်းကောင်း၊ ဒုတိယအဆင့်တွင် အခြားသော ဆက်စပ်ပတ်သက်သူများအား ကော်မတီ၏ အစည်း အဝေးများသို့ ဖိတ်ကြားခြင်းဖြင့်လည်းကောင်း၊ ဆက်စပ်ပတ်သက်သူများ၏ ပိုင်ရှင်ဖြစ်မှုကိုတည်ဆောက်ပေးရန် ရည်မှန်းပါ သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ ကြီးကြပ်ရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တို့ကို တိုးတက်စေခြင်းသည် ဘဏ်လုပ်ငန်းကဏ္ဍအတွင်း ဥပဒေလိုက်နာမှုကို အားပေးမည့် သော့ချက် ဖြစ်လာပါမည်။ လက်ရှိ အဆိုပြုထားသော `ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ´ မူကြမ်းတွင် လည်း စာရင်းကိုင်နှင့်စာရင်းစစ်ဆိုင်ရာ စံများကို အသုံးချခြင်းများ ပါဝင်ရန်လိုအပ်ပါသည်။ လက်ရှိပြဋ္ဌာန်းထားသော ကျိုးကြောင်းဆီလျော်သည့် စည်းမျဉ်းများ (prudential regulations) နှင့် အစီရင်ခံခြင်းဆိုင်ရာ စံများအကြား ခြားနားချက်များကို ပြန်လည်သုံးသပ်ခြင်းဖြင့် ဥပဒေမူဘောင်တိုးတက်ရေးကို ကူညီပေးပါလိမ့်မည်။ ထို့အပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တွင် စာရင်းကိုင် လုပ်ငန်းဆိုင်ရာ အထူးကျွမ်းကျင်မှုများ ထပ်ဖြည့်ခြင်းနှင့် အစီရင်ခံတင်ပြလာသော အချက်အလက်များကို သုံးသပ်စစ်ဆေးနိုင်ရန် အချက်အလက်စုဆောင်းခြင်းစနစ်တစ်ခုကို အကောင်အထည်ဖော်ခြင်း အားဖြင့် မြန်မာနိုင်ငံရှိ ဘဏ်များက စာရင်းကိုင် စံများနှင့်အညီ တစ်ပြေးညီလိုက်နာဆောင်ရွက်မှုများကို စောင့်ကြည့် စစ်ဆေး နိုင်ရန် CBM နှင့် OAG တို့ကို ကူညီပေးနိုင်ပါမည်။

ဤစံများကို အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် သိသာထင်ရှားသော စာရင်းကိုင်ဆိုင်ရာ ခြားနား ချက်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ တန်ဖိုးလျော့ကျမှုများ (impairment)၊ ချေးငွေအခကိုအသိအမှတ်ပြုခြင်း၊ ဆိုင်းငံ့အခွန်များ စသည်တို့အတွက် တန်ဖိုးပြန်လည်သတ်မှတ်ချက်များကို ရင်ဆိုင်ရနိုင်ပြီး၊ ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေများကိုလည်း အကျိုးသက်ရောက် မှု များစွာရှိလာနိုင်ပါသည်။ ဆက်စပ်ပတ်သက်သူများက ဆောင်ရွက်သည့် လုပ်ငန်းများကို သင့်တင့်လျောက်ပတ်စွာ ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် ရရှိလာသော သင်ခန်းစာများကို ဖလှယ်နိုင်ရန်အတွက် သတိကြီးစွာထားရပါမည်။ သို့မှသာ ဘဏ်လုပ်ငန်း ကဏ္ဍတစ်ခုလုံးက အချိန်တိုင်းတွင် မဟာဗျူဟာမြောက် တိုးတက်နေပါမည်။ ဤပြောင်းလဲမှုကာလအတွင်း ဘဏ်များအားကူညီခြင်းသည် လုပ်ငန်းစီမံချက်ရေးဆွဲရေး ကော်မတီ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။

စာရင်းကိုင်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများအား လူ့စွမ်းအားနှင့် အရင်းအနှီးရင်းမြစ်များ ထောက်ပံ့မှု တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့က ကန့်သတ်မှုရှိ သည့် အရင်းအမြစ်များကိုကျော်လွှားနိုင်ရန် နည်းလမ်းများရှာဖွေ၍ စာရင်းကိုင်နှင့် စာရင်းစစ် ကျွမ်းကျင်သူများကို ပိုမို တက်ကြွစွာကိုယ်စားပြုနိုင်မည်ဖြစ်ပါမည်။ စာရင်းကိုင်များအား ပညာရပ်ဆိုင်ရာသင်တန်းများပေးနိုင်မည့် အခွင့်အလမ်း သစ်များနှင့် ရေရှည်စီမံကိန်းများက မြန်မာနိုင်ငံတွင် ကျွမ်းကျင်စာရင်းပညာရှင်များ တိုးတက်ရေးကို အားပေး ကူညီနိုင်ပါ သည်။

လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ

To address these challenges the APC seeks to build stakeholder ownership by firstly improving communication between the regulators, state auditors, banks and audit firms, and secondly by inviting other stakeholders to the committee meetings.

Strengthening of regulations and institutional capacity at CBM and OAG will be key to bolster enforcement in the sector. The current draft of the proposed Banks and Financial Institutions Law will require application of accounting and auditing standards. On-going review and understanding of the differences between prudential regulations and required reporting standards will help to improve the statutory framework. In addition, adding specialized accounting expertise at the central bank and implementing a data collection system to facilitate the review and verification of reporting data will help CBM and OAG to monitor application of Myanmar FRS by banks in a consistent manner.

Myanmar banks implementing these standards will likely face significant accounting differences and revised valuations of investments, impairments, recognition of loan fees and deferred taxes which could potentially have a significant impact on their financial positions. Great care must be taken to ensure that actions from the stakeholders are coordinated appropriately and lessons learned are shared so that the entire sector can improve strategically over time. Supporting the banks in this transition period is an important role of the APC.

In order to increase the supply of human and capital resources of the professional associations MAC and MICPA should explore ways and means to overcome limited resources and be more pro-active in representing the accounting and auditing profession. New opportunities and sustainable schemes for professional training of accountants will help to encourage growth of qualified accountants in Myanmar.

-Action Plan Committee (APC)

အနှစ်ချုပ်တင်ပြချက်

ဤနိုင်ငံအဆင့်မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (CSAP) သည် နောက်လာမည့် (၅)နှစ် (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ) အတွင်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ မူဘောင်တိုးတက်စေရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍမှ အဓိက ဆက်စပ်ပတ်သက်သူများက ဆောင်ရွက်ရမည့် ဘက်စုံပြုပြင်ပြောင်းလဲရေးအစီအစဉ်တစ်ခုကို ဖော်ပြထားပါသည်။ ဤစီမံချက်တွင် ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ လုပ်ငန်းမှတ်တိုင်များ၊ အကောင်အထည်ဖော်မည့် အစီအစဉ် များ၊ ဦးစားပေးလုပ်ငန်းများအတွက် အသေးစိတ်အချက်များ ပါဝင်ပါသည်။ ဤစီမံချက်ကို ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ အား ထောက်ပံ့ပေးရန် ဖွံ့ဖြိုးရေးမိတ်ဖက်အသိုင်းအဝိုင်းများအား တွန်းအားပေးရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။

ဤနိုင်ငံအဆင့်မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (CSAP) ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း စသည့် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူ အားလုံးပါဝင်သော အစည်းအဝေးများ၊ လုပ်ငန်းညှိနှိုင်းပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပူးတွဲပြုလုပ်ပြီး ပြုစုထားခြင်းဖြစ်ပါသည်။

ဤလုပ်ငန်းစီမံချက်ရေးဆွဲရေးလုပ်ငန်းကို GIZ အဖွဲ့မှ ထောက်ပံ့ပေးပါသည်။

ဤလုပ်ငန်းစီမံချက်သည် အောက်ပါအချက်များပါဝင်သည့်အတွက် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ကျင့်ထုံးများ နှင့် ရှေ့နောက် ညီညွတ်မှုရှိပါသည် -

(က) ချေးငွေဆုံးရှုံးနိုင်ခြေအန္တရာယ် (credit Risk) ကိုစောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက် သတင်းအချက်အလက်များ၏ ခိုင်မာမှုနှင့် ပွင့်လင်းမြင်သာမှုကို တိုးတက်စေခြင်း။
(ခ) ကျယ်ပြန့်၍ ငွေကြေးလွယ်ကူသော စတော့ဈေးကွက်တစ်ခု ဖော်ထုတ်ခြင်း။
(ဂ) စီးပွါးရေးလုပ်ငန်းများ၏ အခြေအနေတိုးတက်စေမည့် နည်းလမ်းများ။
(ဃ) ဖွံ့ဖြိုးမှုနှုန်းမြင့်မားမှုကို ရေရှည်ထိန်းထားရန်နှင့် အခြေခံကုန်ပစ္စည်းများလျော့နည်းမှုမှ ကာကွယ်ရန်အတွက် စီးပွါးရေးကိုလုပ်ငန်း မျိုးစုံအဖြစ်သို့ ရောက်ရှိလာစေရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ။

နိုင်ငံတကာ ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများ (IFRS) ကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ပွင့်လင်းမြင်သာမှုနှင့် ဘဏ္ဍာငွေရှာကြံခြင်းတို့ကိုလည်း တိုးတက်စေပါလိမ့်မည်။

ဤလုပ်ငန်းစီမံချက်တွင် အောက်ပါအတိုင်း အဓိကအခန်း (၃) ခန်း ပါဝင်ပါသည် -

(၁) မြန်မာနိုင်ငံရှိ ဘဏ်များ၏ စာရင်းကိုင်နှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာနယ်ပယ်။
(၂) ကွာဟချက်များကို သရုပ်ခွဲဆန်းစစ်ခြင်း။
(၃) အဆိုပြုလုပ်ငန်းစဉ်များ။

အခန်း (၁) တွင် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ မူဘောင်အရ အဓိကဆက်စပ်ပတ်သက်သော အဖွဲ့အစည်းတစ်ခုချင်းစီ၏ ဥပဒေမူဘောင်များ အကျဉ်းချုပ်ကိုလည်းကောင်း၊ ထိုဆက်စပ်ပတ်သက်သူများ၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် အဖွဲ့အစည်းတည်ဆောက်ပုံတို့ကိုလည်းကောင်း ဖော်ပြထားပါသည်။

Executive Summary

This Country Strategy and Action Plan (CSAP) sets out a comprehensive re-form program for key stakeholders in the banking sector to enhance the financial reporting framework in Myanmar for the next 5 years (2015-2020). This report contains details on reform activities, milestones, implementation arrangements for reform implementation, and prioritization of activities. The report may be used to mobilize the development partners community to support reform activities.

This Country Strategy and Action Plan (CSAP) was prepared jointly by and after a series of meetings, work sessions and workshops among all relevant stakeholders, i.e. OAG, CBM, MAC and MICPA.

The development of this CSAP was supported by GIZ.

The CSAP is consistent with best international and regional practices for:

(a) Improved data transparency and reliability to enable the monitoring of credit risk;
(b) The development of a deep and liquid stock market;
(c) Measures to improve the business environment; and
(d) Reforms necessary to sustain high growth rates and diversify the economy away from a declining stocks of primary commodities.

Implementation of IFRS will enhance transparency as well as access to finance in the banking sector.

The Action Plan focuses on 3 core chapters:

1. **Accounting and Auditing Environment for Banks in Myanmar**
2. **Gap Analysis**
3. **Proposed Actions**

Chapter 1 outlines the legal framework of each key stakeholder in the financial reporting framework and describes their responsibilities and organizational set-up. The interactions between the organizations are also provided.

Chapter 2 lists some of the key gaps and main challenges in the financial reporting process and framework in the banking sector. Significant improvements are needed in Myanmar in these areas to meet international best practices. This can only be achieved in the long term and with strong coordination among the key stakeholders. Without proper coordination among key stakeholders, full implementation of IFRS and ISA will remain a challenge. The Action Plan Committee will gradually need to take a more significant role to follow-up on the implementations of the recommendations.

အခန်း (၂) တွင် ဘဏ်လုပ်ငန်းကဏ္ဍ၏ ဘဏ္ဍာရေးကိစ္စရပ်များအား အစီရင်ခံသည့် လုပ်ငန်းစဉ်နှင့် မူဘောင်တို့တွင် တွေ့ရှိရ သည့် အဓိကကွာဟချက်များနှင့် စိန်ခေါ်မှုများကို စာရင်းပြုစုထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ အကောင်းဆုံး ကျင့်ထုံးများနှင့် ကိုက်ညီစေရန်အတွက် ထိုနယ်ပယ်များတွင် သိသာထင်ရှားသော တိုးတက်မှုများပြသရန် လိုအပ်နေပါသည်။ ဤလုပ်ငန်းကို အဓိကဆက်စပ်ပတ်သက်သူများအကြားတွင် ခိုင်မာသော ပေါင်းစပ်ညှိနှိုင်းရေးမူဖြင့် ရေရှည်ဆောင်ရွက်ရပါမည်။ အဓိကဆက်စပ်ပတ်သက်သူများအကြားတွင် သင့်တော်သော ပေါင်းစပ် ညှိနှိုင်းမှုများ မရှိပါက နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများ (IFRS) နှင့် နိုင်ငံတကာ စာရင်းစစ်စံများ (ISA) ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မှုမှာ စိန်ခေါ်မှုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပါသည်။ လုပ်ငန်းစီမံချက်ရေးဆွဲရေး ကော်မတီအနေဖြင့် အကြံပြုချက်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ရာတွင် ပိုမိုသိသာထင်ရှားသော အခန်းကဏ္ဍတစ်ခုကို တစ်ဖြည်းဖြည်း ရယူသွားရန် လိုအပ်ပါသည်။

အောက်ပါနယ်ပယ်များတွင် တိုးတက်မှုများ သိသာစွာပြုလုပ်ရန်လိုအပ်နေပါသည်-

(၁) နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်း စံများ (IFRS) နှင့် နိုင်ငံတကာ စာရင်းစစ်စံများ (ISA) ကို ကျွမ်းကျင်မှု။
(၂) ဥပဒေလိုက်နာစေခြင်း။
(၃) ဘဏ္ဍာရေးရှင်းတမ်းများကို အများပြည်သူသို့ ထုတ်ပြန်ကြေငြာခြင်း။
(၄) ဘဏ်လုပ်ငန်းကဏ္ဍတွင် IFRS နှင့် ISA ကို သင့်တော်စွာ အသုံးချခြင်း။
(၅) အုပ်ချုပ်မှု စနစ် (Governance) မူဘောင်။
(၆) ဘာဆယ်(လ်)အခြေခံမူများ (BCPs) ကို သင့်တော်စွာ အသုံးချခြင်း။

အခန်း (၃) တွင် ဘက်စုံအကြံပြုချက်များကို တိကျသော အချိန်ဇယားများဖြင့်တင်ပြထားပြီး၊ ထိုလုပ်ငန်းများကို ဆောင်ရွက်ရ မည့် ပိုင်ရှင်ဖြစ်သူများကိုလည်း အကြံပြုထားပါသည်။ သို့ရာတွင် ငွေကြေးနှင့် လူ့စွမ်းအားရင်းမြစ်များ အကန့်အသတ် ရှိနေ သည့်အတွက် ဆက်စပ်ပတ်သက်သူများအနေဖြင့် ထိုလုပ်ငန်းများကို ဦးစားပေးအဆင့် ထပ်မံသတ်မှတ်၍ ဆောင်ရွက်ရန် လိုအပ်ပါသည်။ အကြံပြုထားသော လုပ်ငန်းများကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြအပ်ပါသည် -

Areas that will need significant improvement are:

1. IFRS and ISA expertise
2. Enforcement
3. Public disclosures in financial statements
4. Proper application of IFRS and ISA in the banking sector
5. Governance framework
6. Proper application of BCPs

In Chapter 3, a comprehensive set of recommendations are provided with specific timeline and suggestions for the ownership of these actions. However, because resources (both financial and human) are limited, the stakeholders may have to further prioritize these actions.

A summary of the actions are as follows:

MFRS အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တည်ဆောက် ပေးခြင်း



	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဦးဆောင်၍ မြန်မာနိုင်ငံစာရင်းကောင်စီသို့ အစီရင်ခံရန်။ ပထမဦးစွာ ဗဟိုဘဏ်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့မှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ နောက်ပိုင်းတွင် ငွေကြေးကဏ္ဍမှ ဆက်စပ်ပတ်သက်သူများကို ထပ်မံပါဝင်စေရန်။							၁	စာရင်းစစ်ချုပ်ရုံး
၂။	စာရင်းစစ်ချုပ်ရုံးနှင့် ဗဟိုဘဏ်တို့သည် IFRS ကျွမ်းကျင်မှုနှင့် အသိပညာများ တည်ဆောက်ရယူ၍ ထိုကျွမ်းကျင်မှုများဖြင့် လုပ်ငန်း စီမံချက် ရေးဆွဲရေးကော်မတီ၏ နည်းပညာပိုင်း ဆွေးနွေးပွဲများကို ဦးဆောင်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၃။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏ အစည်းအဝေးများသည် အကျိုးရှိပြီး၊ မျှော်မှန်းထားသော ရလာဒ်များ ထွက်ပေါ်စေရေးအတွက် ကော်မတီတွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများ၏ စွမ်းဆောင်ရည်တိုးတက်အားကောင်း စေရေး ဆောင်ရွက်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၄။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် စွမ်းဆောင်ရည် တည်ဆောက် ရေးနှင့် IFRS စံများအား အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်း၍ လက်တွေ့ကျသော လမ်းပြမြေပုံတစ်ခုရေးဆွဲရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၅။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် IFRS စံများအား ရှေ့ပြေးအကောင် အထည်ဖော်ရာတွင် ဘဏ် (များ)နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရန်။							၂	ဗဟိုဘဏ်၊လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

Building Stakeholder Ownership

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	The OAG to chair the Action Plan Committee and its sub-groups. OAG should report to MAC and to invite representatives from CBM and MICPA firstly, and then should include additional financial sector stakeholders							1	OAG
2	The OAG and CBM to build the IFRS expertise and know-how so that it can lead the technical discussions in the Action Plan Committee							1	CBM, OAG
3	Strengthening the capacity of the stakeholders in the Action Plan Committee to ensure its meetings are productive and can produce the expected deliverables							1	CBM, OAG
4	The Action Plan Committee to plan a clear and practical roadmap for capacity building and to implement IFRS							1	CBM, OAG
5	Action Plan Committee explore cooperation with bank(s) on a pilot IFRS implementation program							2	CBM, MICPA

ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းတည်ထောင်ခြင်း

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	ဘဏ်လုပ်ငန်းကဏ္ဍတွင်မြန်မာနိုင်ငံ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း စံများ (MFRS) ကို လိုက်နာစေရေးအတွက် ဗဟိုဘဏ်က ကြီးကြပ်ရန်။							၁	ဗဟိုဘဏ်နှင့် စာရင်းကောင်စီ
၂။	ပြင်ဆင်ထားသော ဘာဆယ်(လ်)အခြေခံမူ အမှတ် ၁၄၊ ၂၆၊ ၂၇ နှင့် ၂၈ တို့ကို လက်ခံလိုက်နာ၍ အကောင်အထည်ဖော်ရေးအတွက် ဗဟိုဘဏ်က ဆောင်ရွက်ရန်။							၃	ဗဟိုဘဏ်

ကျွမ်းကျင်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	စာရင်းပညာရပ်ဆိုင်ရာအဖွဲ့အစည်းများအား ၂ နှစ်မှ ၅ နှစ်အထိ သင့်တော် သော စီမံချက်များဖြင့် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေရင်းမြစ် နှင့် နည်းပညာအကူအညီများ ရှာဖွေရန်။							၁	စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၂။	စာရင်းပညာရပ်ဆိုင်ရာအဖွဲ့အစည်းများက စီမံကိန်းအချို့တွင် ပူးတွဲလုပ်ကိုင် နိုင်မည့် ဘုံလမ်းကြောင်း တစ်ခုတည်ဆောက်နိုင်ရန် အတွက် ဆွေးနွေးပွဲများကို ဦးဆောင်၍ လုပ်ငန်းချင်း ချိတ်ဆက်မှုများကို အားပေးရန်။							၂	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၃။	မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင် များအသင်းကို IFAC ၏ တင်းပြည့် အဖွဲ့ဝင် ဖြစ်လာစေရန်အတွက် စာရင်းကောင်စီနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့၏ အကူအညီဖြင့် IFAC အဖွဲ့ဝင်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်။							၃	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

Statutory Framework and Institutional Set-up

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	CBM regulation to enforce MFRS in the banking sector							1	CBM and MAC
2	The CBM to implement and enforce the revised Basel Core Principles 14, 26, 27 and 28							3	CBM

Role of Professional Associations

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	Mobilizing resources and technical assistance so that the professional associations are restructured with a proper 2-5 years action plan							1	OAG, MAC, MICPA
2	Leading the discussions and fostering a working relationship so that the professional associations set up a common platform to work jointly together on some projects							2	OAG, MAC, MICPA
3	With the assistance of the MAC and OAG, compliance of MICPA with the IFAC's SMOs so that MICPA can become a full fledge member of IFAC							3	OAG, MAC, MICPA

အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်တိုးတက်စေခြင်း

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	အောက်ပါတို့ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား စာရင်းကိုင်နှင့်စာရင်းစစ် ကျွမ်းကျင်သူများပြုစုပျိုးထောင်ပေး၍ နည်းပညာနှင့် အကူအညီများ ထောက်ပံ့ပေးရန်။ (က) စာရင်းကိုင်ပြဿနာများ၊ IFRS/ ISA စံများနှင့် ပတ်သက်၍ ဗဟိုဘဏ်၏ အကောင်းဆုံးဌာနတစ်ခုဖြစ်လာစေရန်။ (ခ) အဆိုပါကျွမ်းကျင်သူများသည် စာရင်းကိုင်/စာရင်းစစ်ပြဿနာများ၊ ယင်းတို့နှင့်ဆက်စပ်နေသော ကြီးကြပ်ရေးနှင့် အရင်းအနှီးဆိုင်ရာ ပြဿနာများ (တန်ဖိုးဖြတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ အရင်းအနှီး စသည်ဖြင့်) တွင် ဗဟိုဘဏ်၏ အခြားဌာနများအား အကြံပေးနိုင်သည့် မူဝါဒဌာနတစ်ခု အဖြစ်ဆောင်ရွက်ရန်။ (ဂ)ငင်းတို့သည် ဘဏ်များ၏ ငွေကြေးအစီရင်ခံစာများအား ပုံမှန်သုံးသပ်၍ ဆန်းစစ်နိုင်ရန်။ (ဃ) ကြီးကြပ်ရေးဥပဒေများနှင့်ပူးတွဲ၍ စာရင်းကိုင်လုပ်ငန်း အချက်အလက်စနစ်ကိုဖန်တီး၊ ထိန်းသိမ်းရန်နှင့် မြန်မာနိုင်ငံရှိ စာရင်းစစ်လုပ်ငန်းများ ၏ အခန်းကဏ္ဍ၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းပေးရန်။							၁	ဗဟိုဘဏ်
၂။	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီနှင့် လက်မှတ်ရ စာရင်းကိုင်များအသင်းတို့က လေ့လာရေးခရီးစဉ်များအတွက် စီမံချက်စတင်ရေးဆွဲရန်။							၂	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၃။	အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို တာဝန်ယူဆောင်ရွက်ရန် (ဥပမာ - စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းမူဘောင်အတွက် လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ၊ နည်းလမ်းကိရိယာများ၊ အသင့်သုံးပုံစံများစသည်ဖြင့်)							၂	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၄။	ကျိုးကြောင်းဆီလျော်သောစည်းမျဉ်းများ (Prudential regulations)နှင့် ယင်းတို့နှင့် IFRS စံနှုန်းများ ချိတ်ဆက်မှု ကို တိုးတက်စေရန်။							၂	ဗဟိုဘဏ်
၅။	ဗဟိုဘဏ်သည် ဘဏ်များအစီရင်ခံခြင်းစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၎င်း၏ IT နည်းပညာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန်။							၃	ဗဟိုဘဏ်
၆။	ဗဟိုဘဏ်နှင့် စာရင်းစစ်ချုပ်ရုံးတို့သည် IFRS စံနှုန်းများအကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများကို ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်နှင့်ဒေသတွင်းရှိ ကြီးကြပ်ရေး အဖွဲ့များနှင့် တက်ကြွစွာချိတ်ဆက်ဆောင်ရွက်ရန်။							၃	ဗဟိုဘဏ်

Strengthening institutional capacity

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	Establishing and providing technical know-how and assistance to the accounting and auditing experts in CBM so that: (a) There is a centre of excellence for the CBM regarding accounting issues and IFRS/ISA; (b) They can advise other areas of the CBM on accounting/auditing issues and their linkages with supervisory and capital issues such as valuations, impairment, capital, etc.; (c) They are enabled to review and analyze financial statements of banks on a regular basis; (d) Creation and maintenance of accounting database jointly with supervision staff; and deal with issues related to the role and activities of auditing firms in Myanmar.							1	CBM
2	The CBM, OAG, MAC and MICPA to start planning study visits							2	CBM, OAG, MAC, MICPA
3	Undertaking workshops and trainings, e.g. on procedures, methodologies, tools or templates for accounting and auditing framework							2	CBM, OAG, MAC, MICPA
4	Improving prudential regulations and their linkages with IFRS							2	CBM
5	The CBM to strengthen its IT know-how and capacity to implement a bank reporting system							3	CBM
6	Active engagement of CBM and OAG with regulatory bodies in the region and at the international level to discuss IFRS implementation issues							3	CBM

ပညာရပ်ဆိုင်ရာ သင်တန်းများ တိုးတက်စေခြင်း



	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်များနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာရှင်းလင်းတင်ပြပွဲများကို လစဉ် စီစဉ်ဆောင်ရွက်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၂။	မြန်မာနိုင်ငံတော်ဗဟိုဘဏ်/ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များပူးပေါင်း၍ စာရင်းကိုင်ဝန်ထမ်းများအတွက် သင့်တော်သော သင်တန်းစီမံချက်နှင့် နည်းပညာအနှစ်ချုပ် ဆွေးနွေးပွဲများ ပြင်ဆင်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၃။	အခွန်ဝန်ထမ်းများအား IFRS စံများနှင့် အခွန်လုပ်ငန်းချိတ်ဆက်နေမှု ကိစ္စရပ်များ အတွက် သင်တန်းများ ပို့ချပေးရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၄။	IFRS/ISA သင်တန်းများအတွက် သင်တန်းလက်စွဲနှင့် သင်တန်းသုံး စာရွက်စာတမ်းများကို အင်္ဂလိပ်/မြန်မာနှစ်ဘာသာဖြင့် ပြင်ဆင်ရန်၊ IFRS/ISA စံများနှင့်ပတ်သက်၍ ဒေသခံသင်တန်း ဆရာများကို ပြင်ဆင်ထားရန်၊ ဘင်္ဂလားရေဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းစစ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား IFRS/ISAသင်တန်းများ ပို့ချပေးရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၅။	တက္ကသိုလ်များတွင် ကျောင်းသားများက နိုင်ငံတကာအသိအမှတ်ပြု သည့် အရည်အသွေးမီ စာရင်းကိုင် ပညာရပ်များကို လေ့လာနိုင်စေရန်အတွက် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ အကူအညီဖြင့် စာရင်းကိုင်ပညာသင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရန်။							၂	စာရင်း ကိုင်ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၆။	တက္ကသိုလ်များတွင် စာရင်းကိုင်ပညာသင်ကြားနိုင်၍ စာမေးပွဲများ စစ်ဆေးပေးနိုင်ရန် အတွက် တက္ကသိုလ်များနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ ဆွေးနွေးဆောင်ရွက်ကြရန်။							၂	စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ စာရင်းကိုင်များ အသင်း
၇။	စာရင်းကိုင်များအတွက် ဘွဲ့ပေးနိုင်သည့် သင်တန်းအစီအစဉ်တစ်ခု ဖော်ထုတ်နိုင်ရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍရှိ ဆက်စပ်ပတ်သက်သူများကို အားပေးရန်နှင့် ကူညီပေးရန်။							၃	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၈။	IFRS သင်တန်းများကို အင်တာနက် online မှတစ်ဆင့် သင်ယူနိုင်ရေးအတွက် လေ့လာမှုများပြုလုပ်ရန်။							၃	စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

Strengthening Professional Training

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	The Action Plan Committee to organize and deliver monthly technical briefings and workshops in accounting and auditing							1	CBM, OAG, MAC, MICPA
2	The OAG/CBM and banks to develop a proper and coherent training plan and curriculum for their accounting staff							1	CBM, OAG
3	Providing training on IFRS and tax linkages to the tax authorities							1	CBM, OAG
4	Developing bilingual course materials and manuals on IFRS/ISA training, preparing local trainers on IFRS/ISA and provision of IFRS/ ISA training to representatives of the MoF, CBM, local audit firms and professional associations							2	CBM, OAG, MAC, MICPA
5	The universities to develop with the help of professional associations an accounting curriculum and syllabus that will allow university students to study internationally recognized professional accounting qualifications							2	MAC, MICPA
6	Discussions between the professional associations and universities to take place so that the latter can provide accounting studies and exams to their students							2	OAG, MAC, MICPA
7	Encouraging and assisting the stakeholders in the banking sector to develop a graduate training scheme for accountants							3	CBM, OAG, MAC, MICPA
8	Conduct a study on potential IFRS online training tools							3	OAG, MAC, MICPA

အခန်း (၁) - မြန်မာနိုင်ငံ၊ ဘဏ်လုပ်ငန်းများ၏ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းအခြေအနေများ

၁-၁ အဓိကအဖွဲ့အစည်းများ၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများ

၁ အပိုင်း ၁-၁ တွင် အဖွဲ့အစည်းတစ်ခုချင်းစီ၏ ဥပဒေမူဘောင်၊ ၎င်းတို့၏ လုပ်ပိုင်ခွင့်တာဝန်များနှင့် ဖွဲ့စည်းတည်ထောင်ထားပုံတို့ကို အကျဉ်းချုပ်တင်ပြထားပါသည်။ ထိုအဖွဲ့အစည်းများအချင်းချင်း အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများကို ပုံ (၁)တွင် ဖော်ပြထားပါသည်။ ဥပဒေမူဘောင်ကို ဇယား - ၇ (နောက်ဆက်တွဲ)တွင် အကျဉ်းချုပ် ဖော်ပြ ထားပါသည်။

၂ မြန်မာနိုင်ငံတွင် စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းမူဘောင်အတွက် အတိအကျတာဝန်ရှိသော အဓိကအဖွဲ့အစည်း (၄)ခု ရှိပါသည်။ ယင်းတို့မှာ -

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) - ဤအဖွဲ့သည် နိုင်ငံတော်၏ စာရင်းစစ်ဖြစ်ပါသည်။
(၂) မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC) - ဤအဖွဲ့သည် စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းကြီးကြပ်သူ၊ စာရင်းစစ်များ အားပညာသင်ကြားသူ၊ စာရင်းစစ်ခြင်းနှင့် ကျင့်ဝတ်သိက္ခာစံများကို ထိမ်းကျောင်းပေးသူ ဖြစ်ပါသည်။
(၃) မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) - ဤအဖွဲ့သည် စာရင်းပညာရပ်ဆိုင်ရာ အဖွဲ့တစ်ခုဖြစ်ပါသည်။[1]
(၄) မြန်မာနိုင်ငံတော် ဗဟိုဘဏ် (CBM) - ဘဏ်များအတွက် ပြင်ပစာရင်းစစ်များအသုံးပြုရာတွင် သင့်တော်မှုရှိမရှိ စိစစ်ရန်နှင့် ဘဏ်များ၏စာရင်းလုပ်ငန်းအချက်အလက်များအား စုဆောင်းရန် အထူးတာဝန်ရှိသည့် ဘဏ်ကြီးကြပ်သူ ဖြစ်ပါသည်။

၁-၁-၁ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG)

ဥပဒေမူဘောင်

၃ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ စာရင်းစစ် ဖြစ်ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ၁၉၃၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ[2] ဆက်လက်ဖွဲ့စည်းထားပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ၂၀၁၀ ခုနှစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေဖြင့်လည်းကောင်း၊[3] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများ (၂၀၁၃ နှင့် ၂၀၁၄) ဖြင့်လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ စာရင်းစစ်ချုပ်ရုံးသည် စာရင်းစစ်လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ရန်အတွက် အဆင့်အမြင့်ဆုံးစစ်ဆေးရေးဌာန (Supreme Audit Institution) တစ်ခုအဖြစ် သီးခြား တည်ထောင်ထားပြီး၊ ယင်းသည် ဝန်ကြီးဌာနများမှ သီးခြား လွတ်လပ်စွာ ရပ်တည်လျက် ရှိနေပါသည်။[4]

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အဓိကတာဝန်မှာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၊ လုပ်ငန်း ဌာနများ၏ စာရင်းဇယားများကို စစ်ဆေးရန်နှင့် ဝန်ကြီးဌာနအသီးသီးနှင့် ပြည်သူပိုင်ကဏ္ဍရှိ အဖွဲ့အစည်းများက ၎င်းတို့ ခွဲဝေရရှိသည့် ဘဏ္ဍာငွေများကို ထိရောက်စွာ အသုံးပြုမှု ရှိမရှိကို စစ်ဆေးရန် ဖြစ်ပါသည်။[5]

---

[1] မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်း (accountancy) ဟူသော အသုံးအနှုန်းကို ငွေကြေးစာရင်းဇယားများပြင်ဆင်ခြင်းနှင့် ငွေကြေးစာရင်းဇယားများအား စစ်ဆေးခြင်းဟူသည့် စာရင်းလုပ်ငန်း နှစ်မျိုးလုံးအတွက် အသုံးပြုပါသည်။ ဤအစီရင်ခံစာတွင် ရှင်းလင်းမှုရှိစေရန်အတွက် ဤစကားလုံးနှစ်ခုကို သီးခြားစီအသုံးပြုထားပြီး၊ စာရင်းစစ်ခြင်း (auditing) ကို စာရင်းကိုင်ခြင်း (accounting) အောက်တွင် ထည့်သွင်းထားခြင်းမရှိပါ။
[2] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၁ မှ ၂၄၅ အထိနှင့် ပုဒ်မ ၂၇၀ မှ ၂၇၄ အထိ။
[3] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၏ နိဒါန်း (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[4] ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တရားဝင်ဝဘ်ဆိုဒ် (http://www.oagmac.gov.mm)
[5] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၏ ပုဒ်မ ၁၁ (ခ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

1. Accounting and Auditing Environment for Banks in Myanmar

1.1 Key Institutions, their Responsibilities and Interactions

Section 1.1 outlines the legal framework of each organization and describes their responsibilities and organizational set-up. The interactions between the organizations are illustrated **in Figure 1.** The legal framework is summarized in **Table 7 (Annex)**. 1

There are 4 key institutions, which have specific responsibilities in the accounting and auditing framework in Myanmar. These institutions are: 2

1. The Office of the Auditor General of the Union (OAG), the state-auditor;
2. The Myanmar Accountancy Council (MAC), the accounting and auditing regulator, educator of auditors, and enforcer of auditing and ethical standards;
3. The Myanmar Institute of Certified Public Accountants (MICPA), a professional accountancy body[1];,
4. The Central Bank of Myanmar (CBM), the banking regulator and supervisor with specific responsibilities for deciding on the suitability of external auditors of banks, and for collecting accounting data of banks.

1.1.1 Office of the Auditor General of the Union (OAG)

Legal Framework

The OAG is the state-auditor. It was first set up in 1935 and is established under the Constitution (2008).[2] The duties and powers of the OAG are prescribed in The Auditor General of the Union Law (2010) and The Law Amending the Auditor General of the Union Law (2013, 2014).[3] To conduct its audit work independently, the OAG is established as a Supreme Audit Institution separately and independently from the Ministries.[4] 3

Responsibilities

The main responsibility of the OAG is to audit the accounts of the Union Ministries, state-organizations, and state-enterprises, and to examine whether or not the different Ministries and public sector organizations utilize the budget assigned to them effectively.[5] 4

[1] In Myanmar, the term accountancy is used for both accounting in the sense of preparation of financial statements and auditing of financial statements. For clarity, we use the two terms separately and do not subsume auditing under accounting.
[2] Sections 241-245, 270-274 of the Constitution of the Republic of the Union of Myanmar (2008).
[3] Preamble of The Auditor General of the Union Law (10/28/2010).
[4] Official website of the Office of Auditor General of the Union: http://www.oagmac.gov.mm.
[5] Section 11 (b) of The Auditor General of the Union Law (10/28/2010).

၅ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် မြန်မာနိုင်ငံရှိ နိုင်ငံပိုင်ဘဏ် (၄)ခု၏ ဘဏ္ဍာရေးကိစ္စရပ်များကို စာရင်းစစ်ဆေးရန်အတွက်လည်း တာဝန်ရှိပါသည်။[6] (ပုံ -၂ နှင့် ပုံ -၃ တို့ကို ကြည့်ပါ) ပြည်ထောင်စုဘဏ်ဥပဒေများ တစ်စိတ်တစ်ပိုင်း ရန်ပုံငွေထောက်ပံ့ပေးထားသည့် ဘဏ်များအတွက်[7] ပြင်ပစာရင်းစစ်များခန့်အပ်ရာတွင် စာရင်းစစ်ချုပ်ရုံးက အကြံပြုချက်ပေးရပါသည်။[8]

၆ စာရင်းစစ်ချုပ်ရုံးသည် စာရင်းစစ်လုပ်ငန်းများနှင့် တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတနှင့် လွှတ်တော် (ပြည်ထောင်စုလွှတ်တော်) သို့ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်ဖြင့် တစ်ပြိုင်နက်တည်း အစီရင်ခံတင်ပြရပါသည်။[9]

၇ စာရင်းစစ်ချုပ်ရုံးသည် ပြင်ပစာရင်းစစ်အဖြစ်ဆောင်ရွက်ခြင်းအပြင် ဝန်ကြီးဌာနများနှင့် ပြည်သူပိုင်အဖွဲ့အစည်းများမှ မေတ္တာရပ်ခံလာပါက အထူးစာရင်းစစ်လုပ်ငန်းများကိုဆောင်ရွက်ပြီး၊ တွေ့ရှိချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အစီရင်ခံပါသည်။[10] လိုအပ်ပါက အခွန်နှင့် နိုင်ငံတော်ဝင်ငွေကိစ္စရပ်များအတွက် စာရင်းစစ်ချုပ်ရုံးသည် ပြင်ပပုဂ္ဂလိက စာရင်းစစ်များက စစ်ဆေးထားပြီးသော ပုဂ္ဂလိကစီးပွါးရေးလုပ်ငန်းများအား စာရင်းပြန်လည်စစ်ဆေးနိုင်ပါသည်။[11]

၈ စာရင်းစစ်ချုပ်ရုံးသည် ၄င်း၏စစ်ဆေးရေးတာဝန်များအပြင်၊ စာရင်းပညာရှင်များအား ကြီးကြပ်ရန် လုပ်ပိုင်ခွင့်လည်းရှိပါသည်။[12] လက်တွေ့တွင်မူ စာရင်းကိုင်နှင့် စာရင်းစစ်နယ်ပယ်တွင် ကြီးကြပ်ခြင်းနှင့် ဥပဒေလိုက်နာစေခြင်း ကိစ္စရပ်များကို မြန်မာနိုင်ငံ စာရင်းကောင်စီက ဆောင်ရွက်ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ဥက္ကဋ္ဌဖြစ်ပါသည်။[13] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် လုပ်ပိုင်ခွင့်ကို အသုံးပြုလျက် မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာ နိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့ကို လမ်းညွှန်မှုပေးပါသည်။[14]

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဖွဲ့စည်းပုံ

၉ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတွင် ၂၀၁၄ ခုနှစ်၊ ဇူလိုင်၌ ဦးစီးဌာန (၂)ခုရှိပါသည်။ ပထမတစ်ခုမှာ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနဖြစ်ပြီး၊ နောက်တစ်ခုမှာ စစ်ဆေးရေးဦးစီးဌာနဖြစ်ပါသည်။ ထိုဦးစီးဌာနတစ်ခုစီကို ညွှန်ကြားရေးမှူးချုပ် တစ်ဦးစီက ဦးဆောင်ပါသည်။

၁၀ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ၂၀၁၁ ခုနှစ်မှစ၍ ဗဟိုချုပ်ကိုင်မှုလျော့ချထားသော ရုံးဖွဲ့စည်းပုံသို့ ပြောင်းလဲခဲ့ပြီး၊ ရုံးများ ကို အောက်ပါအတိုင်း အဆင့် (၃) ဆင့်ဖြင့် ဖွဲ့စည်းခဲ့ပါသည်[15] -

(၁) ပြည်ထောင်စုအဆင့်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်
(၂) တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ
(၃) ခရိုင်စာရင်းစစ်ရုံး၊ မြို့နယ်စာရင်းစစ်ရုံးများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများတွင် သက်ဆိုင်ရာ စာရင်းစစ်အရာရှိများ

---

[6] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၏ ပုဒ်မ ၁၁ (ခ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[7] မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၅ (က) ၂ တွင် `နိုင်ငံတော်သမ္မတသည် စာရင်းစစ်ချုပ်၏ အကြံပြုချက်ဖြင့် အစိုးရက ရှယ်ယာအချို့တစ်ဝက်ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခု၏ စာရင်းစစ်ကို ခန့်အပ်ရမည် သို့မဟုတ် ပြန်လည်ခန့်အပ်ရမည်´ ဟု ဖော်ပြထားပါသည်။ လက်တွေ့တွင်မူ ဘဏ်တစ်ခုကို အစိုးရဘတ်ဂျက်ဖြင့် ရန်ပုံငွေထောက်ပံ့ပေးထားပါက ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြင်ပစာရင်းစစ်တစ်ဦးကို ခန့်အပ်ပေးပါသည်။ ရှယ်ယာများကို ဝန်ကြီးဌာနတစ်ခု သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီတစ်ခုခုက ပိုင်ဆိုင်သော်လည်း၊ ထိုရန်ပုံငွေများမှာ အစိုးရ၏ ဘတ်ဂျက်မှ လာခြင်းဖြစ်ပါသည်။ (ဆောက်လုပ်ရေးနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် မြန်မာနိုင်ငံသားများဘဏ်တို့တွင် ဤဖြစ်ရပ်ကို တွေ့ရပါသည်။ ပုံ - ၂ ကို ကြည့်ပါ။)
[8] မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၁၄၅ (က) (၁၉၁၄ ခုနှစ်၊ ဇူလိုင ၄ ရက်)
[9] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ (၃)၊ (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
[10] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၁ (င)။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[11] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၁ (ဇ)။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[12] ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၁ (ဆ)နှင့် (ဈ)။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[13] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၄ (က) (၂၀၁၅ ခုနှစ် ဖွန်လ ၅ ရက်)
[14] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၁ (စ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[15] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၃ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တရားဝင်ဝဘ်ဆိုဒ် (http://www.oagmac.gov.mm)

5 The OAG is also responsible for auditing the financial statements of the 4 State-Owned Banks in Myanmar (**cf. Figure 2, Figure 3**).[6] For banks that are partly funded from the Union budget[7], the OAG advises on selection of the external auditor.[8]

6 The OAG has to report its audit activities and audit findings at least once per year to the President of the Union and the Parliament (Pyidaungsu Hluttaw, Assembly of the Union) simultaneously.[9]

7 Besides the external audits, the OAG conducts special audits of Ministries and public organizations on request and reports any findings to the respective chairmen of the committees concerned.[10] If necessary, the OAG may also re-audit private enterprises in the area of taxes and revenues after they have been audited by private external auditors.[11]

8 In addition to its audit activities, the OAG has the power to regulate and supervise the accounting profession.[12] In practice, regulation and enforcement in the area of accounting and auditing are carried out by the MAC. The Union Auditor General is also the chairman of the MAC.[13] Through his role as chairman of the MAC, the Union Auditor General gives guidance to the MAC and the MICPA.[14]

Organizational Set-up

9 As of April 2014, there are two departments under the Office of the Auditor General of the Union. The first is Administration, Training and Research and the second is the Audit Department. Each department is headed by a Director General.

10 In 2011, the OAG adopted a decentralized office structure and is since then structured into 3 levels:[15]

1. The Union Auditor General at the Union level;
2. Regional/State Auditor Generals at the region/state level;
3. Audit Officers in District Audit Offices, Township Audit Offices and Audit Offices of the Self-Administered Division/Zone.

[6] Section 11 (b) of The Auditor General of the Union Law (10/28/2010).
[7] Section 145A (2) of The Myanmar Companies Act (1914) states that "The auditor of a company in which Government holds any share shall be appointed or reappointed by the President of the Union on the advice of the Auditor-General". In practice, the OAG appoints the external auditor if a bank is funded from the Union budget. Although the shares may be owned by a Ministry or City Development Committee, the funds may come from the Union budget (this is the case for Construction and Housing Development Bank Ltd and Myanmar Citizens Bank Ltd, cf. Figure 2).
[8] Section 145A (2) of The Myanmar Companies Act (4/1/1914).
[9] Section 3 of The Law Amending the Auditor General of the Union Law (01/23/2013).
[10] Section 11 (e) of The Auditor General of the Union Law (10/28/2010).
[11] Section 11 (h) of The Auditor General of the Union Law (10/28/2010).
[12] Sections 11 (i), (g) of The Auditor General of the Union Law (10/28/2010).
[13] Section 4 (a) of The Myanmar Accountancy Council Law (05/06/2015) .
[14] Section 11 (f) of The Auditor General of the Union Law (10/28/2010).
[15] Section 3 of The Auditor General of the Union Law (10/28/2010); Official website of the Office of Auditor General of the Union: http://www.oagmac.gov.mm.

၁၁ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီရှိ စာရင်းစစ်ချုပ်များသည် သက်ဆိုင်ရာ စာရင်းစစ်ရုံးနှင့်အဆင်တူသည့် အစိုးရ အဖွဲ့အစည်းများအား စာရင်းစစ်ဆေးရန် တာဝန်ရှိပါသည်။ ဘဏ်များအတွက်မူ၊ ဘဏ်တည်ရှိနေသော ဒေသပေါ် မူတည်၍ ပြည်နယ်/တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးများနှင့် ခရိုင်/မြို့နယ်စာရင်းစစ်ရုံးများက တာဝန်ရှိသောဒေသရှိ ဘဏ်များအား စာရင်းစစ်ဆေးပါသည်။

၁၂ အစီရင်ခံသည့် လမ်းကြောင်းမှာ ခရိုင်၊ မြို့နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးမှ စာရင်းစစ်ရုံးများက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံသို့ အစီရင်ခံတင်ပြရပြီး၊ တစ်ဖန် ထိုစာရင်းစစ်ချုပ်ကလည်း သက်ဆိုင်ရာ တိုင်း ဒေသကြီး/ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့ထံ ဆက်လက် အစီရင်ခံတင်ပြရပါသည်။[16]

၁၃ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်နယ်/တိုင်းဒေသကြီးစာရင်းစစ်ချုပ်များကို ကြီးကြပ်ရပြီး၊ ၎င်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်နယ်/တိုင်းဒေသကြီးစာရင်းစစ်ချုပ်များ (သို့မဟုတ်) စာရင်းစစ်ရုံးအသီးသီးတွင် လုပ်ငန်းဆောင်ရွက်နေ သော စာရင်းစစ်အရာရှိများသို့ လွှဲအပ်နိုင်ပါသည်။[17] တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များသည် ၎င်းတို့ ဒေသအတွင်းရှိ စာရင်းစစ်ရုံးများတွင်တာဝန်ယူဆောင်ရွက်နေသော စာရင်းစစ်အရာရှိများအား ကြီးကြပ်ရပြီး၊ ၎င်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထိုစာရင်းစစ်အရာရှိများအား လွှဲအပ်နိုင်ပါသည်။[18]

၁၄ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် (တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော) တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များကို နိုင်ငံတော်သမ္မတက ခန့်အပ်ပြီး၊ နိုင်ငံတော်သမ္မတအား တာဝန်ခံရပါသည်။[19] ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၏ တာဝန်သက်တမ်းမှာ (၅)နှစ်ဖြစ်ပြီး၊ နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့် တူညီပါသည်။[20]

၁-၁-၂ မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC)

ဥပဒေမူဘောင်

၁၅ မြန်မာနိုင်ငံ စာရင်းကောင်စီကို ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေအရ ဖွဲ့စည်းခဲ့ပြီး၊ ယင်းဥပဒေကို ၁၉၉၄ ခုနှစ်၊ မြန်မာ နိုင်ငံ စာရင်းကောင်စီဥပဒေဖြင့် ရုတ်သိမ်းကာ၊ တစ်ဖန် ထိုဥပဒေကိုလည်း ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ နိုင်ငံ စာရင်းကောင်စီဥပဒေဖြင့် အစားထိုးခဲ့ပါသည်။ မြန်မာနိုင်ငံ စာရင်းကောင်စီကို ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပေးပြီး၊ လက်ရှိ မြန်မာနိုင်ငံစာရင်းကောင်စီကို အစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် ၁၂၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ စာရင်းကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လုပ်ငန်းများဆောင်ရွက်ပါသည်။[21]

တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၆ မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်သူဖြစ်ပါသည်။ သို့ဖြစ်၍ စာရင်းကောင်စီ တွင် အောက်ပါ တာဝန်များ ရှိပါသည်-

(၁) စာရင်းပညာရပ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်း။
(၂) စာရင်းစစ်စံနှင့် ကျင့်ဝတ်သိက္ခာစံများကို လိုက်နာစေခြင်း။
(၃) စာရင်းကိုင်နှင့် စာရင်းစစ်များ၏ ပညာရေးသင်ကြားပေးခြင်း။
(၄) စာရင်းကိုင်များနှင့် စာရင်းစစ်များကို မှတ်ပုံတင်ခြင်း။

---

[16] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၂၃၊ ၂၅ (က) နှင့် (ခ)၊ ၃၄ (ဃ)။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။
[17] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၂ (ဂ) နှင့် ပုဒ်မ ၁၃။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။
[18] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၂၆(ခ) နှင့် ပုဒ်မ ၂၇။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။
[19] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၅၊ ၈(က) နှင့် ၂၁။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။
[20] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၅ နှင့် ၂၈။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အခြေခံဖွဲ့စည်းပုံဥပဒေပုဒ်မ ၆၁ (က)။
[21] ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပုဒ်မ ၁၁ (စ)။ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။

Each Regional/State Auditor General is responsible for auditing the Government organizations at his level of audit office. Depending on the region where a bank is located, the Region/State Audit Offices and District/Township Audit Offices responsible for this area will audit the bank. 11

There is a reporting line, where the Audit Officers of the various Districts, Townships or Self-Administered Divisions/Zones report to the Regional/State Auditor General, who in turn reports to the Region/State Assembly, Chief Minister of the Region/State and the Union Auditor General.[16] 12

The Union Auditor General supervises the Regional/State Auditor Generals and may delegate his duties and powers to them or to the Audit Officers operating in the various Audit Offices.[17] The Regional/State Auditor Generals supervise the Audit Officers operating the Audit Offices within their Region/State and may delegate their duties and powers to them.[18] 13

The Union Auditor General and the Regional/State Auditor Generals (upon submission of the Chief Minister of the Region/State) are appointed by and responsible to the President of the Union.[19] The term of office of the Union Auditor General and the Regional/State Auditor Generals is 5 years (equals that of the President of the Union).[20] 14

1.1.2 Myanmar Accountancy Council (MAC)

Legal Framework

The MAC was established by the Myanmar Accountancy Council Law (1972), which was repealed by the Myanmar Accountancy Council Law (1994) and then replaced by the new Myanmar Accountancy Council Law (2015) in June this year. The MAC is formed by the Union Government. The current MAC was formed by the Union Government Notification No. 128/2014 of 15 December 2014. The MAC operates under the supervision and guidance of the Union Auditor General.[21] 15

Responsibilities

The MAC is the regulator for the accounting and auditing profession. As such, it has the following responsibilities: 16

1. Regulation of the accounting profession;
2. Enforcement of auditing and ethical standards;
3. Educating accountants and auditors;
4. Registration of accountants and auditors.

[16] Sections 23, 25 (a), (b), 34 (d) of The Auditor General of the Union Law (10/28/2010).
[17] Sections 12 (c), 13 of The Auditor General of the Union Law (10/28/2010).
[18] Sections 26 (b), 27 of The Auditor General of the Union Law (10/28/2010).
[19] Sections 5, 8 (a), 21 of The Auditor General of the Union Law (10/28/2010).
[20] Sections 15, 28 of The Auditor General of the Union Law (10/28/2010); Article 61A of The Constitution of the Republic of the Union of Myanmar (2008).
[21] Section 11 (f) of The Auditor General of the Union Law (10/28/2010).

၁၇ မြန်မာနိုင်ငံ စာရင်းကောင်စီသည် ကြီးကြပ်သူအနေဖြင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (MFRS) နှင့် မြန်မာနိုင်ငံ စာရင်းစစ်စံများ (MSA) ကို ထုတ်ပြန်ခဲ့ပါသည်။ လက်ရှိ ထုတ်ပြန်ထားသည့် MFRS နှင့် MSA စံများမှာ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ (IFRS) နှင့် ၂၀၁၉ ခုနှစ်တွင်ပင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာစာရင်းစစ်စံများ (ISA) နှင့် ထပ်တူညီနေကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (MFRS) နှင့် မြန်မာနိုင်ငံစာရင်းစစ်စံ (MSA) များကို ခေတ်မီစေရန်နှင့် IFRS နှင့် ISA များ၏ ပြောင်းလဲမှုများအား ထင်ဟပ်စေရန်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။

၁၈ ကနဦးအနေဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၃ ခုနှစ်၊ မတ်လ (၅)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအရ၊ ကုမ္ပဏီများသည် မြန်မာနိုင်ငံ စာရင်းကိုင်စံများ (MAS) ကို လိုက်နာရန် သတ်မှတ်ထားပါသည်။ ထိုစံများသည် ယခင်က ထုတ်ပြန်ခဲ့သည့် နိုင်ငံတကာဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်း စံများ (IAS) နှင့် ထပ်တူညီပါသည်။ ထို့နောက် ၂၀၁၄ ခုနှစ်တွင် ထပ်တိုးထားသော စာရင်း ကိုင်စံများကိုလိုက်နာရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။[22] ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံ (MFRS - နိုင်ငံတကာ တွင် IFRS) အပြည့်အစုံကို မြန်မာနိုင်ငံတွင်ကျင့်သုံးရန် တတိယ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။[23] အသေးစားနှင့် အလတ်စား စီးပွါးရေးလုပ်ငန်း (SME) များအနေဖြင့် ၂၀၁၉ ကတည်းကပင်၊ SME များ အတွက် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (MFRS ကို ရိုးရှင်းအောင် ပြုပြင်ထားသော စံများ) ကို အသုံးပြုကြရန် သတ်မှတ်ထားပြီးဖြစ်ပါသည်။[24]

၁၉ ပြင်ပ စာရင်းစစ်များသည် မြန်မာနိုင်ငံ စာရင်းကောင်စီက ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါ မြန်မာနိုင်ငံစာရင်းစစ်စံများ (MSA) ကိုလိုက်နာကြရပါမည်။ မြန်မာနိုင်ငံစာရင်းစစ်စံများတွင် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း (Assurance Engagement)၊ ကျင့်ဝတ်သိက္ခာစံများ၊ အရည်အသွေး ထိန်းသိမ်းခြင်း၊ နိဒါန်းနှင့် စာရင်းစစ်စံအမှတ် ၂၀၁၀ မှ ၉၀၀ အထိ မြန်မာမူဘောင်တွင် ပါဝင်ပါသည်။ မြန်မာနိုင်ငံ စာရင်းစစ် ကျင့်ထုံးများ ဖော်ပြချက် (MAPS)၊ မြန်မာနိုင်ငံ ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း ဆိုင်ရာ စံ (Assurance Engagement)၊ နှင့် မြန်မာနိုင်ငံ ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများအတွက် စာရင်းစစ်စံများ (MSRE) ကို ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀ မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းစစ်များက စာရင်းစစ်စံနှင့် ကျင့်ဝတ်သိက္ခာစံများအား လိုက်နာ အသုံးချမှုကို ကြီးကြပ် ရန်နှင့် ပြဌာန်းသတ်မှတ်ထားသော စံများကို လိုက်နာရန်ပျက်ကွက်သူများအား အရေးယူရန် တာဝန်ရှိပါသည်။[25] ချမှတ်နိုင် သော ပြစ်ဒဏ်များတွင် သတိပေးခြင်း၊ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် ကိုယ်ပိုင်စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ် (ပြင်ပစာရင်းစစ်အဖြစ်လုပ်ကိုင်ခွင့်) ကို ကာလအပိုင်းအခြားတစ်ခု သတ်မှတ်၍ ရုပ်သိမ်းခြင်း၊ ကိုယ်ပိုင်စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် (ပြင်ပစာရင်းစစ်အဖြစ်လုပ်ကိုင်ခွင့်) ကို အပြီးတိုင်ပယ်ဖျက်ခြင်း စသည်တို့ ပါဝင်ပါသည်။[26]

၂၁ မြန်မာနိုင်ငံ စာရင်းကောင်စီသည် စာရင်းကိုင်နှင့် စာရင်းစစ်များအား လေ့ကျင့်သင်တန်းပေးရန်အတွက်လည်း တာဝန်ရှိပါသည်။ သို့ဖြစ်၍ စာရင်းကိုင်ဒီပလိုမာသင်တန်း (DA)၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(CPA) များကို ဖွင့်လှစ်ပေးထားပြီး၊ သက်ဆိုင်ရာ စာမေးပွဲများကို ကျင်းပပေးပါသည်။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေသစ်အရ ပုဂ္ဂလိက သင်တန်း ပို့ချသူများအားလည်း DA နှင့် CPA သင်တန်းများကို ဖွင့်လှစ်ခွင့်ပြုထားပါသည်။[27] ဒီပလိုမာစာရင်းကိုင်(ဒုတိယ ပိုင်း) စာမေးပွဲအောင်မြင်သူတစ်ဦးကို စာရင်းပညာတတ်ကျွမ်းသူအဖြစ် အသိအမှတ်ပြုထားသော်လည်း၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူ (Practising accountant) အဖြစ် အလုပ်လုပ်ရန်အရည်အချင်းမပြည့်မီသေးပါ။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPA) အရည်အချင်းသည် ကိုယ်ပိုင်စာရင်း ကိုင်လုပ်ငန်း လုပ်ကိုင်သူ Practising accountant (ပြင်ပစာရင်းစစ်) ဖြစ်လာရန်အတွက် ကြိုတင် သတ်မှတ်ချက်ဖြစ်ပါသည်။

---

[22] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၇)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ။
[23] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၀ ခုနှစ်၊ မေလ (၆)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ။
[24] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ။
[25] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၁၇ (တ) (၂၀၁၅ ခုနှစ်၊ ဖွန်လ ၅ ရက်)။
[26] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၇၄ နှင့် ၇၅ (၂၀၁၅ ခုနှစ်၊ ဖွန်လ ၅ ရက်)။
[27] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၂၉ (၂၀၁၅ ခုနှစ်၊ ဖွန်လ ၅ ရက်)။

As regulator, the MAC has published a number of notifications which implement the Myanmar Financial Reporting Standards (MFRS) and Myanmar Standards on Auditing (MSA) in Myanmar. The current versions of MFRS and MSA are identical to International Financial Reporting Standards (IFRS) of 2009 and International Standards on Auditing (ISA) of 2009. A regular process to update MFRS and MSA and reflect changes in IFRS and ISA still needs to be implemented in Myanmar. 17

Initially, the MAC Notification of 5 March 2003 required companies to adopt Myanmar Accounting Standards (MAS), identical to the former International Accounting Standards (IAS). An additional notification was published in 2004 to implement further MAS.[22] Finally, in 2010, the MAC issued a third notification to apply the full set of MFRS (i.e. IFRS) in Myanmar.[23] Small and Medium-sized Enterprises (SMEs) have to apply MFRS for SMEs (a simplified version of the complete MFRS) since 2009.[24] 18

MSA have to be adopted by external auditors through the MAC Notification of 13 February 2009. MSA contain the Myanmar framework for assurance engagements, ethic and quality control, preface and MSA 200 to 800. Myanmar Auditing Practice Statements (MAPS), Myanmar Standards on Assurance Engagements (MSAE) and Myanmar Standards on Related Services (MSRE) were pronounced on 14 October 2010. 19

The MAC is responsible for supervising the application of auditing and ethical standards among auditors and for taking action against those who fail to adhere to the prescribed standards.[25] Penalties include warnings, a withdrawal of the right to practice as an Accountant or the Certificate of Practice as Practising Accountant (i.e. external auditor) for a fixed period of time, or an ultimate cancellation of the Certificate of Practice as Practising Accountant (i.e. external auditor).[26] 20

The MAC is also responsible for training accountants and auditors. As such, it provides training courses for Diploma in Accountancy (DA) and Certified Public Accountants (CPAs) and conducts the respective examinations. The new MAC law also allows for private training providers to deliver accountancy training upon approval of MAC.[27] A student who passes the DA part II examination is recognized as Accounting Technician, but does not qualify to work as Practising Accountant. The CPA qualification is the pre-condition to become a Practising Accountant (PA), i.e. external auditor. 21

[22] MAC Notification of 7 January 2004.
[23] MAC Notification of 6 May 2010.
[24] MAC Notification of 4 November 2009.
[25] Section 17 (p) of The Myanmar Accountancy Council Law (05/06/2015).
[26] Sections 74 & 75 of The Myanmar Accountancy Council Law (05/06/2015).
[27] Section 17 (a) of The Myanmar Accountancy Council Law (05/06/2015).

၂၂ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPA-ပြည့်မီ) တစ်ဦးဖြစ်လာစေရန်အတွက်၊ ကျောင်းသား များသည် CPA စာမေးပွဲ အောင်မြင်ရန်လိုအပ်သည့်အပြင်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ကြီးကြပ်မှုအောက်တွင် လပ်တွေ့အလုပ်သင် ဆင်းခြင်း ပြီးမြောက်အောင်ဆောင်ရွက်ရပါသည်။[28] အလုပ်သင်အဖြစ်ဆောင်ရွက်ရမည့် ကာလကို မြန်မာနိုင်ငံ စာရင်းကောင်စီက သတ်မှတ်ပေးပြီး၊ ကောင်စီက ခွင့်ပြုထားသည့် အဖွဲ့အစည်းတစ်ခုတွင် ပြီးမီးအောင်ဆောင်ရွက်ရပါမည်။[29]

၂၃ CPA လက်မှတ်ရရှိသူသည် ကိုယ်ပိုင်စာရင်းလုပ်ငန်းလုပ်ကိုင်သူ (PA) အဖြစ် မှတ်ပုံတင်ခွင့်ရှိပါသည်။ တစ်ဖန် PA အသိ အမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသူသည် ကုမ္ပဏီတစ်ခုတွင် ပြင်ပစာရင်းစစ်အဖြစ် လုပ်ငန်း ဆောင်ရွက် ခွင့် ရရှိပါသည်။ PA အသိအမှတ်ပြုလက်မှတ်ရရှိရန်အတွက် အခြားမည်သည့်စာမေးပွဲမှ ထပ်မံဖြေဆိုရန်မလိုအပ်ပါ။

၂၄ မြန်မာနိုင်ငံစာရင်းကောင်စီသည် လက်တွေ့အလုပ် သင်ကြားပေးနိုင်သည့် အခြားသော အစိုးရ ဌာနများ နှင့် အဖွဲ့အစည်းများကိုလည်း သတ်မှတ်ပေးထားပါသည်။[30] လက်ရှိတွင်DA နှင့် CPA သင်တန်းများမှအပ အခြားစာရင်းကိုင် သင်တန်းများ ဖွင့်လှစ်ပို့ချနေသော ပုဂ္ဂလိကစာရင်းပညာကျောင်းအချို့ ရှိနေပြီဖြစ်ပါသည်။

၂၅ မြန်မာနိုင်ငံစာရင်းကောင်စီသည် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ (CPAs) နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်သူများ (PAs) များ ကို မှတ်ပုံတင်ပေးရန် တာဝန်ရှိပါသည်။[31] CPAs များနှင့် PAs များသည် ၎င်းတို့၏ မှတ်ပုံတင်များကို စာရင်းကောင်စီတွင် နှစ်စဉ် သက်တမ်းတိုးရပါသည်။ CPA သို့မဟုတ် PA အဖြစ် ပထမအကြိမ်မှတ်ပုံတင်ခြင်းနှင့် နှစ်စဉ် သက်တမ်းတိုးခြင်း အတွက် မှတ်ပုံတင်ကြေးပေးရပါသည်။ CPA သို့မဟုတ် PA အသိအမှတ်ပြုလက်မှတ်များကို သက်တမ်းတိုးလိုသူများသည် MICPA နှင့် ပြင်ပအဖွဲ့အစည်းများကပြုလုပ်သည့် စဉ်ဆက်မပြတ်လေ့လာသင်ကြားမှုပညာရေး (Continuing Professional Education - CPE) သင်တန်းကို တက်ရောက်ကြရ ပါသည်။ CPA အသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးရန် လျှောက်ထားသူများသည် တစ်နှစ်လျှင် အနည်းဆုံး CPE (၉) နာရီဖြင့် (၃)နှစ် ဆက်တိုက်ကာလအတွင်း စုစုပေါင်း CPE (၉၀) နာရီ ပြည့်ထားရန်လိုအပ်ပါသည်။ PA အသိအမှတ်ပြု လက်မှတ်များကို သက်တမ်းတိုးရန်အတွက် တစ်နှစ်လျှင် အနည်းဆုံး CPE (၁၂) နာရီဖြင့် (၃)နှစ် ဆက် တိုက်ကာလအတွင်း စုစုပေါင်း CPE (၁၂၀) နာရီ ပြည့်ထားရန်လိုအပ်ပါသည်။ လွန်ခဲ့သော နှစ်များအတွင်း PA မှတ်ပုံတင်ကို သက်တမ်းတိုးရန်ပျက်ကွက်သူတစ်ဦးသည် မှတ်ပုံတင်သက်တမ်းတိုးရန်အတွက် CPE (၂၄) နာရီ တက်ထားရန် လိုအပ်ပါသည်။[32]

၂၆ မြန်မာနိုင်ငံစာရင်း ကောင်စီသည် ပြည်တွင်းပြည်ပမှ စာရင်းပညာလက်မှတ် နှင့် ဘွဲ့များအား အသိအမှတ်ပြုခြင်း ယင်းသို့ အသိအမှတ်ပြုသည့်လက်မှတ် သို့မဟုတ် ဘွဲ့ရရှိသည့်နိုင်ငံသားများအားမှတ်ပုံတင်ရန် လိုအပ်ချက်များသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည်။[33] မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ CIMA (Chartered Institute of Management Accountants) သို့မဟုတ် ACCA (Association of Chartered Certified Accountants) အောင်လက်မှတ်ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများကို ဘာသာရပ် (၃) ခုတွင် အရည်အချင်းစစ်စာမေးပွဲပြုလုပ်ပြီး စာမေးပွဲအောင်မြင်ပါက CPAs အဖြစ် မှတ်ပုံတင်ခွင့်ပြုပါ မည်။[34] ထိုအမိန့်ကြော်ငြာစာတွင် နိုင်ငံခြားမှ စာရင်းပညာဘွဲ့များရရှိထားသော နိုင်ငံခြားသားများအတွက် သီးခြား သတ်မှတ် ချက်များ မပါရှိပါ။ မြန်မာနိုင်ငံသားမဟုတ်သူများ၏ နိုင်ငံခြားမှ စာရင်းပညာလက်မှတ်များအား အသိအမှတ်ပြုမည့် လိုအပ်သောစည်းကမ်းချက်များကိုလည်း ထုတ်ပြန်ထားခြင်းမရှိသေးပါ။

---

[28] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၂ (ည) (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[29] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၂ (စ) နှင့် ၃၈ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[30] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၃၉ (က) (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[31] မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ၊ ပုဒ်မ ၁၇ (ဇ) (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[32] မြန်မာနိုင်ငံ စာရင်းကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၉၅ (၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်)၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၂ (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)။
[33] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၁၇ (ဆ)၊ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[34] မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲဖြင့်ထုတ်ပြန်သော နိုင်ငံခြားမှ စာရင်းပညာဘွဲ့များနှင့် အသိအမှတ်ပြု လက်မှတ်များကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားများအား CPA အဖြစ်မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅။

22 In order to qualify as fully fledged CPA, students have to pass the CPA examination and complete the apprenticeship (practical training) under the supervision of the MAC.[28] The time period for apprenticeship will be defined by the MAC and be completed in an organization approved by the MAC.[29]

23 The CPA certificate holder is entitled to register as PA. The PA certification in turn authorizes the holder to operate as external auditor of a company. The registration as PA does not involve further examinations.

24 The MAC prescribes a list of other Government departments and organizations which can provide apprentice training as well.[30] There are a number of private Accountancy schools in place, providing courses for various Accountancy Diploma.

25 The MAC is responsible for the registration of CPAs and PAs.[31] CPAs and PAs need to renew their registration every year with the MAC. To register as a CPA or PA for the first time and to renew the registration, a registration fee has to be paid. Applicants who want to renew their CPA or PA certificate also have to attend the CPE seminars (Continuing Professional Education) offered by the MICPA or external institutions. For renewal of the CPA certificate, applicants have to complete at least 9 CPE hours per year and 90 CPE hours over 3 consecutive years. For renewal of the PA certificate, at least 12 CPE hours have to be completed per year and 120 CPE hours over 3 consecutive years. An applicant who has failed to renew his/her PA registration in the previous year(s) has to complete 24 CPE hours to renew his/her registration.[32]

26 Lastly, the MAC decides over the recognition of accountancy degrees and certificates from other countries.[33] According to a legal notification issued by the MAC on 20 February 2015, Myanmar citizens who hold either a CIMA (Chartered Institute of Management Accountants) or an ACCA (Association of Chartered Certified Accountants) qualification are permitted to register as CPAs in Myanmar after passing a qualifying examination covering 3 subject areas.[34] This notification does not include specifications on non-Myanmar citizens holding overseas accounting qualifications. Requirements for the recognition of overseas accountancy qualifications in case of non-Myanmar citizens have not been issued yet.

---

[28] Section 2(j) of The Myanmar Accountancy Council Law (05/06/2015).
[29] Sections 2(f) & 38 of The Myanmar Accountancy Council Law (05/06/2015).
[30] Section 39 (a) of The Myanmar Accountancy Council Law (05/06/2015).
[31] Sections 17 (h) of The Myanmar Accountancy Council Law (05/06/2015).
[32] MAC Office Order No. 95 of 19 September 2013; Directive No. 1/2008 of the Myanmar Accountancy Council (07/04/2008); Directive No. 1/2012 of the Myanmar Accountancy Council (12/10/2012).
[33] Section 17 (g) of The Myanmar Accountancy Council Law (05/06/2015).
[34] MAC Notification (3/2015) of 20 February 2015: CPA registration for Myanmar Citizens holding Foreign Accountancy certificates and degrees.

မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ဖွဲ့စည်းပုံ

၂၇ ပြည်ထောင်စုအစိုးရ၏ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၈/၂၀၁၄ အရ လက်ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ အဖွဲ့ဝင်များစာရင်းကို ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေသစ်နှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီကို ပြန်လည်ဖွဲ့စည်းရန်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဥပဒေသစ်အရ မြန်မာနိုင်ငံစာရင်းကောင်စီတွင် (လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း ဥက္ကဋ္ဌ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သည်ကြီး များနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း၏ ဒုတိယဥက္ကဋ္ဌ တို့အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ IRD၊ DICA၊ စီးပွါးရေး တက္ကသိုလ်နှင့် နောက်ထပ်နိုင်ငံသားစာရင်းပညာရှင်များ ပါဝင်သော) အဖွဲ့ဝင် ၄၀ ဦးခန့် ရှိလာပါမည်။ ကောင်စီ၏ သက်တမ်းမှာ (၄) နှစ်ဖြစ်ပါသည်။[35]

၂၈ ရှေ့တွင် ဖော်ပြထားသကဲ့သို့ပင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ (အပိုင်း ၁-၁-၁ မှ စာပိုဒ် ၈ ကိုကြည့်ပါ။)[36] ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် မြန်မာနိုင်ငံစာရင်းကောင်စီအတွက် ရန်ပုံငွေကျခံပေးပြီး ကောင်စီ၏ နေ့စဉ်လုပ်ငန်းများဆောင်ရွက်ရန်အတွက် ဝန်ထမ်းများ ခန့်ထားပေးပါသည်။[37]

၁-၁-၃ မြန်မာနိုင်ငံ လက်မှတ်ရစာရင်းကိုင်များ အသင်း (MICPA)

ဥပဒေမူဘောင်

၂၉ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း (MICPA) ကို အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (၁၉၈၈ ခုနှစ်) အရ ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄ ခုနှစ်)အရ အကျိုးအမြတ်မယူသော အဖွဲ့အစည်းအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ MICPA သည် မြန်မာနိုင်ငံ စာရင်း ကောင်စီဥပဒေအသစ်အရ အသိအမှတ်ပြုထားသည့် အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အစည်းတစ်ခု အဖြစ် လုပ်ငန်းများ ဆောင်ရွက်နေပါသည်။[38] MICPA ကို စာရင်းစစ်ချုပ်ရုံးကလည်း ကြီးကြပ်ပြီး၊ လမ်းညွှန်ချက်များ ချမှတ်ပေးပါသည်။[39]

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၀ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) သည်မြန်မာနိုင်ငံတွင် စာရင်းပညာရှင်အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ MICPA တွင် အောက်ပါ ရည်ရွယ်ချက်များ ရှိပါသည်[40]-

(၁) အသင်းဝင်များ၏ စာရင်းကိုင်နှင့် စာရင်းစစ် အသိပညာများကို ဖွံ့ဖြိုးတိုးတက်စေရန်။

(၂) အသင်းဝင်များအား အသက်မွေးဝမ်းကြောင်းလုပ်ငန်းဆိုင်ရာ ကိုယ်ကျင့်သိက္ခာစံများကို လိုက်နာ ဆောင်ရွက်စေရန်။

(၃) မြန်မာနိုင်ငံ၏ စာရင်းပညာရှင်များအား နိုင်ငံတကာမှ အသိအမှတ်ပြုလာစေရန်။

၃၁ အထက်ပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း (MICPA) သည် ၂၀၁၈ ခုနှစ်မှစ၍ အသင်းဝင်များအတွက် စဉ်ဆက်မပြတ်လေ့လာသင်ကြားမှုပညာရေး (CPE) အစီအစဉ်ကို ဆောင်ရွက် ခဲ့ပြီး၊[41] CPE သင်တန်းများကို တစ်လလျှင် တစ်ကြိမ် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ သို့ရာတွင် CPE အစီအစဉ်များကို စီးပွါးရေး ဇာတိသဘောလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေသော လက်မှတ်ရပြည်သူ့စာရင်းကိုင်(CPAs) များကို ဦးတည်မထားဘဲ၊ မြန်မာနိုင်ငံရှိ CPAs များနှင့် စာရင်းလုပ်ငန်း လုပ်ကိုင်နေသူများ (PAs) အားလုံးကို ဦးတည်၍ စီစဉ်ဆောင်ရွက်ထားပါသည်။

---

[35] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၅၊ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[36] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၄ (က)၊ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[37] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၉၆၊ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။ MAC အတွင်းရေးမှူးထံမှ အချက်အလက်များ။
[38] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ၊ ပုဒ်မ ၂ (ထ)၊ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။
[39] ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဥပဒေ ပုဒ်မ ၁၁ (စ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[40] ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တရားဝင်ဝဘ်ဆိုဒ် (http://www.oagmac.gov.mm)
[41] ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တရားဝင်ဝဘ်ဆိုဒ် (http://www.oagmac.gov.mm)

Organizational Set-up

The Union Government Notification No. 128/2014 of 15 December 2014 lists the current MAC members. According to the new MAC law (2015), the Myanmar Accountancy Council has been restructured accordingly; There will be approximately 40 members in the MAC (including MICPA chairman, Deputy Governor of CBM, Vice Chairman of UMFCCI, and additional members from OAG, IRD, DICA, University of Economics and the public). The tenure of the MAC is 4 years.[35] 27

As mentioned previously, the Union Auditor General is the MAC chairman **(cf. Section 1.1.1, para. 8)**.[36] The OAG also provides the MAC budget and the staff for the day-to-day running of the MAC office.[37] 28

1.1.3 Myanmar Institute of Certified Public Accountants (MICPA)

Legal Framework

The MICPA was set up in 2003 under The Law Relating to the Formation of Organizations (1988). In 2014, it was re-organized as a not-for-profit organization under the Myanmar Companies Act (1914). The MICPA operates now as the national accountancy body recognized by the new MAC Law.[38] It is also supervised by and receives guidelines from the OAG.[39] 29

Responsibilities

The MICPA is the professional accountancy body in Myanmar. It has the following objectives:[40] 30

1. Developing the accounting and auditing knowledge of its members;
2. Encouraging its members to observe their professional code of ethics;
3. Obtaining international recognition for Myanmar professional accountants.

To fulfill the above objectives, the MICPA organizes a CPE program for its members since 2008.[41] The MICPA offers CPE seminars once per month. However, the CPE seminars are not targeted to CPAs working in specific sectors of the economy. The CPE seminars are organized with all Myanmar CPAs and PAs as target audience. 31

[35] Section 5 of The Myanmar Accountancy Council Law (05/06/2015).
[36] Section 4 (a) of The Myanmar Accountancy Council Law (05/06/2015)
[37] Section 96 of The Myanmar Accountancy Council Law (05/06/2015); Information from MAC secretary.
[38] Section 2 (q) of The Myanmar Accountancy Council Law (05/06/2015).
[39] Section 11 (f) of The Auditor General of the Union Law (10/28/2010).
[40] Official website of the Office of Auditor General of the Union: http://www.oagmac.gov.mm.
[41] Official website of the Office of Auditor General of the Union: http://www.oagmac.gov.mm.

၃၂ မြန်မာနိုင်ငံစာရင်းကောင်စီ၏လမ်းညွှန်မှုအောက်တွင် ပြုလုပ်ခဲ့သော CPE သင်တန်းများအား တက်ခြင်းသည် စာရင်းကိုင်နှင့် စာရင်းစစ်များအတွက် CPA နှင့် PA အဖြစ် မှတ်ပုံတင်ရာတွင် အဓိကလိုအပ်ချက် တစ်ခုဖြစ်နေပါသည်။ (အပိုင်း ၁-၁-၂ ၏ စာပိုဒ် ၂၅ ကို ကြည့်ပါ။) သို့သော် လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ စာရင်းကိုင်ပညာရှင်များသည် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်းဝင်ဖြစ်ရမည်ဟူသော ဥပဒေ ပြဋ္ဌာန်းချက်မရှိပါ။

၃၃ MICPA တွင် လက်ရှိ အဖွဲ့ဝင် ၆၀၀ ခန့်ရှိပါသည်။[42] MICPA သည် ရုံးဝန်ထမ်းအကန့်အသတ်ရှိခြင်း ကြောင့် နှစ်စဉ်အသင်းဝင် ကြေးများကိုပုံမှန်ကောက်ခံနိုင်ခြင်းမရှိပါ။ ဤအချက်ကြောင့် လွန်ခဲ့သော နှစ်များအတွင်း ရရန်ကျန်ရှိနေသော အသင်းဝင်ကြေးများ သိသာစွာ မြင့်တက်လာခဲ့ပါသည်။[43] ယခုအခါ MICPA သည် အသင်းဝင် အရေအတွက် တိုးလာစေရန်နှင့် နှစ်စဉ်အသင်းဝင်ကြေး ကောက်ခံခြင်းလုပ်ငန်းတိုးတက်စေရန် ကြိုးစားနေပါသည်။

၃၄ MICPA သည် အခြားသော စာရင်းကိုင်နှင့် စာရင်းစစ်အဖွဲ့အစည်းများနှင့်အတူ ဒေသဆိုင်ရာနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါသည်။ MICPA သည် ၂၀၁၄ ခုနှစ် သြဂုတ်လတွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများလက်မှတ်ရေးထိုးထားသည့် `အာဆီယံဒေသတွင်း စာရင်းပညာရှင်များအား အပြန်အလှန် အသိအမှတ်ပြုရေးအစီအစဉ်´ တွင် ပါဝင်ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ ဖွဲ့စည်းပုံ

၃၅ MICPA အသင်းဝင်အားလုံးသည် အသင်း၏ လှုပ်ရှားမှုများတွင် မိမိဆန္ဒအလျောက်ပါဝင်ဆောင်ရွက်ကြပြီး၊ ထိုလုပ်ငန်းများ အတွက် ငွေကြေးမရရှိကြပါ။ MICPA သည် အသင်း၏ လုပ်ငန်းများကို စီမံချက်ရေးဆွဲရန်အတွက် CPE အစီအစဉ်၊ ကျောင်း သားရေးရာနှင့် အသင်းဝင်လျှောက်ထားခြင်းစသည့် ကိစ္စရပ်များအတွက် ကော်မတီအချို့ကို ဖွဲ့စည်းထားပါသည်။[44]

၃၆ MICPA ရုံးတွင် လက်ရှိ ရုံးဝန်ထမ်း (၃) ဦးရှိပါသည်။ ထို့အပြင် ရုံးအုပ်တစ်ဦးနှင့် အမှုဆောင် အရာရှိတစ်ဦးတို့ကို မကြာသေးမီက (၂၀၁၄ ခုနှစ်၊ ဇူလိုင်လက) ခန့်အပ်ခဲ့ပါသည်။ MICPA ရုံးသည် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းဌာန တွင် တည်ရှိပြီး၊ ရန်ပုံငွေအနည်းငယ်ဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်နေပါသည်။

၁-၁-၄ ဘဏ်များအား ကြီးကြပ်ခြင်း - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ကြီးကြပ်ရေးမူဘောင်

၃၇ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကဏ္ဍကို ထိန်းကျောင်းကြီးကြပ်ရသော အာဏာပိုင်အဖွဲ့ ဖြစ်ပါ သည်။[45] မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လုပ်ငန်းများ၊ တာဝန်နှင့် ဝတ္တရားများကို ၁၉၉၀ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကို ပယ်ဖျက်လိုက်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ (၂၀၁၃ ခုနှစ်) အရ ဆောင်ရွက်ပါသည်။ အစပိုင်းတွင် ဗဟိုဘဏ် သည် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သော်လည်း၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လမှစ၍ လွတ်လပ်သော အဖွဲ့ အစည်းတစ်ခုဖြစ်လာခဲ့ပါသည်။

၃၈ မြန်မာနိုင်ငံရှိ ဘဏ်များအားကြီးကြပ်ရန် ထိန်းကျောင်းရေးမူဘောင်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ (၁၉၉၀ ခုနှစ်) (ထိုဥပဒေကို ပြင်ဆင်သော ဥပဒေ - ၁၉၉၄ ခုနှစ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်း များ နည်းဥပဒေ - ၁၉၉၁ ခုနှစ် တို့အပါအဝင်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နည်းဥပဒေ (၁၉၉၁ ခုနှစ်)၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့်ဆိုင်သော စည်းမျဉ်းများ (၁၉၉၂ ခုနှစ်)၊ ငွေကြေးခဂါချမှုနှင့် အကြမ်းဖက်အဖွဲ့များအား ရန်ပုံငွေ ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းရေး မူဘောင်များ (၂၀၀၂ ခုနှစ်) တို့လည်း ပါဝင်ပါသည်။ (နောက်ဆက်တွဲရှိ ဇယား - ၇ ကို ကြည့်ပါ။)။

---

[42] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ်စဉ်မှတ်ပုံတင်ခြင်းမှတ်တမ်း (၂၀၁၄ ခုနှစ်အခြေအနေ)။
[43] မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ ဘဏ္ဍာရေးစာရင်းစစ်အစီရင်ခံစာ (၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)။
[44] မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း၏ တရားဝင်ဝဘ်ဆိုဒ် (www.http//myanmar-icpa.org)။ MICPA ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များ။
[45] မြန်မာနိုင်ငံ ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၁ (ဆ) နှင့် ပုဒ်မ ၆၈။ (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

The attendance of the CPE seminars (organized under the guidance of the MAC) is the main requirement for accountants and auditors to stay registered as a CPA and PA with the MAC **(cf. Section 1.1.2, para. 25)**. Nevertheless, there is currently no legal requirement for professional accountants in Myanmar to be MICPA members. 32

The MICPA currently has about 600 members.[42] Due to limited office staff, the MICPA does not collect annual membership fees regularly. This has led to increasing outstanding membership fees over the past years.[43] The MICPA is now trying to improve the fee collection process and the number of members. 33

The MICPA is also actively engaged in regional and international cooperation with other accounting and auditing bodies. The MICPA has engaged in the "ASEAN Mutual Recognition Arrangement on Accountancy" which was signed by the ministers of the ASEAN member countries in August 2014. 34

Organizational Set-up

All MICPA members participate in the activities of the MICPA on voluntary basis. They do not obtain any kind of remuneration. To plan its activities, the MICPA has set up a number of committees in areas such as CPE program, student affairs and membership.[44] 35

The MICPA office currently employs 3 administrative staff. It has also recently appointed a Head of Office and Chief Executive Officer (CEO) (since July 2014). The MICPA office is located in the training center of the OAG in Yangon and operates with a limited budget. 36

1.1.4 Supervision of Banks – Central Bank of Myanmar (CBM) and Ministry of Finance (MoF)

Regulatory Framework

The CBM is the regulatory and supervisory authority in the banking sector in Myanmar.[45] Its functions, duties and powers are established in The Central Bank of Myanmar Law (2013), which repealed The Central Bank of Myanmar Law (1990). Initially, the CBM was part of the MoF, but in July 2013 it became independent. 37

The regulatory framework for bank supervision in Myanmar further comprises The Financial Institutions of Myanmar Law (FIML) (1990), including The Law Amending the FIML (1994) and The Rules Relating to FIML (1991), The Central Bank of Myanmar Rules (1991), Regulations for Financial Institutions (1992) and Anti-Money Laundering and Combating the Financing of Terrorism (AML/CFT) Regulations (since 2002) **(cf. Table 7, Annex)**. 38

[42] As of 2014, MAC annual registration register.
[43] Audited financial statements of Myanmar Institute of Certified Public Accountants (12/31/2011).
[44] Official website of Myanmar Institute of Certified Public Accountants: http://www.myanmar-icpa.org/; Information from MICPA representative.
[45] Sections 40 (g), 68 of The Central Bank of Myanmar Law (07/11/2013).

၃၉ ဤထိန်းကျောင်းရေးမူဘောင်ကို ၂၀၁၅ ခုနှစ်တွင် လွှတ်တော်က အတည်ပြုမည်ဟု မျှော်မှန်းထားသည့် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအသစ်ဖြင့် အားဖြည့်ပေးပါမည်။[46] ဤဥပဒေ၏ ပထမအကြိမ် မူကြမ်း ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။ ထိုမူကြမ်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ထိန်းကျောင်းသူအဖြစ် လုပ်ဆောင်ချက်များ၊ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပြီး၊ ဘဏ်များ၏ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းလုပ်ငန်းများကို ကြီးကြပ်ရမည့် အဓိကတာဝန်များကို အသေးစိတ်သတ်မှတ်ပေးထားပါသည်။ ဤဥပဒေ မူကြမ်းတွင် အထက်တွင် ဖော်ပြထားသော ထိန်းကျောင်းရေးမူဘောင်ကို ကျယ်ပြန့်စွာစုစည်းထည့်သွင်းထားပြီး၊ စာရင်းစစ် ကော်မတီများ၏ တာဝန်နှင့် အခန်းကဏ္ဍများ၊ စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်များအား အလှည့်ကျ တာဝန်ပေးခြင်း စသည့် နယ်ပယ်များအတွက် ပိုမိုတိကျသော စည်းမျဉ်းများကို ပြဋ္ဌာန်းထားပါသည်။ (၂၀၁၆ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်သည့် ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပထမမူကြမ်းတွင်ပါရှိသော စာရင်းကိုင်နှင့် စာရင်းစစ်ခြင်းဆိုင်ရာ အသေးစိတ်စည်းမျဉ်းများကို အောက်ခြေ မှတ်စုများဖြင့် ဖော်ပြထားပါသည်။)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်များကို ကြီးကြပ်စစ်ဆေးခြင်း

၄၀ မြန်မာနိုင်ငံတော်နိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ကြီးကြပ်ရန်နှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်စေရေးအတွက် တာဝန်ရှိပါသည်။[47] အထူးသဖြင့် ဘဏ်လုပ်ငန်းလိုင်စင်များထုတ်ပေး၍ ထိုဘဏ်များအတွက် အနည်းဆုံးထားရှိရမည့် အရင်းအနှီး လိုအပ်ချက်များကို သတ်မှတ်ပေး ရပါသည်။[48]

၄၁ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အနည်းဆုံးထားရှိရမည့် အရန်ငွေကြေးသတ်မှတ်ချက်များ၊ ငွေကြေးလွယ်ကူမှုအချိုး၊ အရင်းအနှီးလုံလောက်မှုအချိုးစသည့် ဘဏ်များလိုက်နာဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ ညွှန်ကြားချက်များ (Prudential instructions) ကို ထုတ်ပြန်ရပါ သည်။ အထူးသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တစ်ဦးချင်း သို့မဟုတ် ကုမ္ပဏီတစ်ခုချင်းသို့ ထုတ်ချေးသည့် ချေးငွေပမာဏကိုလည်း ကန့်သတ်ပေးရပါသည်။[49]

၄၂ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ငွေရေးကြေးရေးအဖွဲ့အစည်းများကြီးကြပ်စစ်ဆေးရေးဌာန (FISD) က ဆောင်ရွက်ပါသည်။ ထိုဌာနတွင် လက်ရှိ ၎ငန်းထမ်း (၇၆) ဦးရှိရာ၊ ယင်းတို့အနက် (၂၅) ဦးမှာ အရာထမ်းများ ဖြစ်ပြီး၊ (၅၁) ဦးမှာ အမှုထမ်း များဖြစ်ပါသည်။[50] ထိုဌာန၏ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများတွင် ဘဏ်များနှင့် အခြားငွေရေး ကြေးရေးအဖွဲ့အစည်းများအား ပုံမှန်ကြီးကြပ်စစ်ဆေးခြင်းနှင့် ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများ ပါဝင်ပါသည်။[51]

၄၃ ကွင်းဆင်းကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းတွင် ကြီးကြပ်စစ်ဆေးခြင်းနှင့်ကြပ်မတ်ကွပ်ကဲရေး မူဘောင်များအား လိုက်နာခြင်း ရှိမရှိစစ်ဆေးနိုင်ရန်အတွက် ဘဏ်များအား နှစ်စဉ်စစ်ဆေးခြင်းပါဝင်ပါသည်။ အထူးသဖြင့် ဘဏ်များသည် အထက်ဖော်ပြပါ ဘဏ်များလိုက်နာဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သော အချိုးများ (Prudential ratios) နှင့် ကိုက်ညီမှုရှိမရှိကို ဆန်းစစ်ရန်အတွက် ဘဏ်များ၏ ဘဏ္ဍာရေးအချက်အလက်များကို စစ်ဆေးရပါသည်။[52] လက်တွေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံရှိ ဘဏ်အားလုံး၏ ရုံးချုပ်များသို့ တစ်နှစ်တစ်ကြိမ် သွားရောက်ပြီး၊ ဘဏ်တစ်ခုလုံး၏ သက်ဆိုင်ရာအချက်အလက်များ စုဆောင်း၍ ကြီးကြပ်စစ်ဆေးပါသည်။

---

[46] မြန်မာနိုင်ငံ ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ မူကြမ်း (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)။

[47] မြန်မာနိုင်ငံ ဗဟိုဘဏ် ဥပဒေ၊ ပုဒ်မ ၄၀ (စ) နှင့် (ဆ) (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)။

[48] မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ပုဒ်မ ၆၈ (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်) နှင့် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၁၂၊ ၁၅ နှင့် ၈၀ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[49] မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် အစီရင်ခံစာ၊ စာမျက်နှာ ၁၇ မှ ၂၀ ထိ။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၁၅ နှင့် ၃၂ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအခန်း (၂) မှ (၄) အထိ။

[50] မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာနမှ အချက်အလက်များ (၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

[51] မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ပုဒ်မ ၆၉ (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာ စာမျက်နှာ ၁၇ မှ ၂၀ အထိ။

[52] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၄၈ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာ စာမျက်နှာ ၁၈ နှင့် ၂၀။

39 This framework will be complemented by the new Banks and Financial Institutions Law of Myanmar,[46] which is expected to be enacted by the Parliament in 2015. A first draft of this law was published in November 2014. This draft prescribes the functions, duties and powers of the CBM as bank regulator and specifies key responsibilities of the CBM to regulate the accounting and auditing of banks. The draft consolidates to a great extent the above listed existing regulatory framework and provides more specific regulations in areas such as the roles and responsibilities of audit committees, publication of audited financial statements and mandatory rotation of auditors (such more specific regulations related to accounting and auditing in the first draft of the Banks and Financial Institutions Law that may be adopted in 2016 are mentioned in footnotes).

Bank Supervision by CBM

40 The CBM is responsible for supervising banks and to ensure the stability of the monetary system.[47] Specifically, the CBM issues licenses to banks and sets minimum capital requirements for them.[48]

41 In this respect, the CBM issues a number of prudential instructions, such as minimum reserve requirements, liquidity ratios, and capital adequacy ratios. The CBM also restricts the loan amount to single individuals or corporates.[49]

42 The CBM's supervisory role is performed by the Financial Institution Supervision Department (FISD). The FISD currently employs 76 staff members, out of which 25 are officers and 51 are non-officers.[50] The departments supervision activities include regular on-site supervision and off-site monitoring of banks and other financial institutions.[51]

43 On-site supervision involves annual inspections of banks in order to examine whether they comply with the supervisory and regulatory framework. In particular, CBM examines the banks' financial data to check whether the banks conform to the above-described prudential ratios.[52] In practice, CBM currently visits the head-offices of every bank in Myanmar once per year to collect and inspect the relevant data for the whole bank.

---

[46] Draft of the Banks and Financial Institutions Law of Myanmar (11/21/2014).
[47] Section 40 (f), (g) of The Central Bank of Myanmar Law (07/11/2013).
[48] Section 68 of The Central Bank of Myanmar Law (07/11/2013); Sections 12, 15, 80 of The Financial Institutions of Myanmar Law (07/04/1990).
[49] Central Bank of Myanmar Annual Report 2011-2012, pp. 17 f., 20; Sections 15, 32 of The Financial Institutions of Myanmar Law (07/04/1990); Chapter II-IV of the Regulations for Financial Institutions (1992).
[50] Information from FISD of CBM, as of 12/04/2014.
[51] Section 69 of The Central Bank of Myanmar Law (07/11/2013); Central Bank of Myanmar Annual Report 2011-2012, pp. 17 f., 20.
[52] Section 48 of The Financial Institutions of Myanmar Law (07/04/1990); Central Bank of Myanmar Annual Report 2011-2012, pp. 18, 20.

၄၄ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံပိုင် ဘဏ် (၃)ခု (မြန်မာ့စီးပွါးရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကူးသန်း ရောင်းဝယ်မှုဘဏ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဘဏ်)၊ ပုဂ္ဂလိကဘဏ်နှင့် အများပိုင် ဘဏ်များ အားလုံးကို စစ်ဆေးခဲ့ပါသည်။

၄၅ ကြီးကြပ်စစ်ဆေးရေးဌာနစိတ်သည် ကွင်းဆင်းကြီးကြပ်စစ်ဆေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များထံမှ ဘဏ္ဍာရေးအစီရင်ခံစာများကို ရရှိပါသည်။ ယင်းအစီရင်ခံစာတွင် ဘဏ်များ၏ အုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကြွေးဆပ်နိုင်မှု၊ အကျိုးအမြတ်ရရှိမှု တို့ကို ဗဟိုဘဏ်သို့ အစီရင်ခံရပါသည်။[53] အထူးသဖြင့် ဘဏ်များသည် ငွေကြေးလွယ်ကူမှုအချိုး (liquidity ratio) တို့ကို အပတ်စဉ်၊ မတည်ငွေရင်းလုံလောက်မှုအချိုးနှင့် သီးသန့်ရန်ပုံငွေ အခြေအနေတို့ကို လစဉ် ဗဟိုဘဏ်သို့ အစီရင်ခံရပါသည်။ ထိုအစီရင်ခံစာများအတွက် ဘဏ်များက ပြုစုပေးရမည့် သီးခြား ပုံစံများဖြင့် တစ်ပြေးညီ သတ်မှတ်ပေးထားပါသည်။[54]

၄၆ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) အား ကြီးကြပ်ရန် အမိန့်ကြော်ငြာစာဖြင့် တာဝန် ပေးအပ်ခြင်း ခံထားရသော်လည်း[55] လက်တွေ့တွင် ထိန်းကျောင်းကြီးကြပ်မှု မပြုလုပ်ပါ။ MADB ဘဏ်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြီးကြပ်ပါသည်။ ထို့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်များ လိုက်နာဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်သော စံ သတ်မှတ် ချက်များ (Prudential standards) ကိုလည်း တိကျစွာ အသုံးချနိုင်ခြင်းမရှိပါ။[56]

၄၇ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များ၏ ပြင်ပမှစာရင်းစစ်များကိုလည်း အတည်ပြုပေးရန်တာဝန်ရှိပါသည်။ (အပိုင်း ၁-၂-၂ ရှိ စာပိုဒ် ၇၇ တွင် ကြည့်ပါ။)[57] အထူးသဖြင့် ဘဏ်များသည် နှစ်ပတ်လည်စုံညီအစည်းအဝေးများတွင် ခန့်အပ်သော ပြင်ပစာရင်းစစ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အသိပေးရပါသည်။ ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ် ခန့်ထားခြင်းအပေါ် ၎င်း ၏ သဘောထားမှတ်ချက်(သဘောတူခြင်း/ မတူခြင်း) ကို သက်ဆိုင်ရာဘဏ်သို့ စာဖြင့်ရေးသား အကြောင်းကြားရပါသည်။ ထိုကဲ့သို့ စာဖြင့် အကြောင်းကြားခြင်းမခံရပါက၊ ခန့်အပ်ခံရသော ပြင်ပစာရင်းစစ်ကို သင့်တော်သည်ဟု မှတ်ယူပါ သည်။[58] ဘဏ်များ သည် ၎င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်း[59] နှင့် စာရင်းစစ်အစီရင်ခံစာများ[60] ကို ဗဟိုဘဏ်သို့ နှစ်စဉ်တင်ပြရ ပါသည်။

၄၈ ဘဏ်များ၏ နည်းဥပဒေနှင့် အညီလိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ် အားလုံးတွင် ရှယ်ယာရှင်များက ခန့်အပ်သော အဖွဲ့ဝင် (၃) ဦးပါ စာရင်းစစ်ကော်မတီတစ်ခုဖွဲ့စည်းရန် သတ်မှတ်ထားပါ သည်။[61] ဘဏ်များသည် ထိုစာရင်းစစ်ကော်မတီအဖွဲ့ဝင်စာရင်းကိုလည်း ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရန် လိုအပ်ပါသည်။[62]

---

[53] မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ၊ ပုဒ်မ ၇၀ (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)။ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၄၆ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[54] မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာ စာမျက်နှာ ၁၈ နှင့် ၂၀။

[55] မြန်မာ့လယ်ယာနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်အား ကြီးကြပ်စီစစ်ထိန်းသိမ်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား တာဝန်ပေးအပ်သည့် အမိန့်ကြော်ငြာစာ အမှတ် ၂/၉၁။

[56] ကမ္ဘာ့ဘဏ်အုပ်စု (၂၀၁၄) -Myanmar Agricultural Development Bank: Initial Assessment and Restructuring Options. Bangkok: The World Bank, p.29 f; မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဥပဒေ (၁၉၉၀ ခုနှစ်)

[57] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၄၄ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။ ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။

[58] ဘဏ်တစ်ခုတွင် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အလှည့်ကျခန့်အပ်ခြင်းလုပ်ငန်းစဉ်တို့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သော ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများဥပဒေ ပထမမူကြမ်းတွင်အသေးစိတ်ဖော်ပြထားပါသည်။ ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီအစည်းအဝေးတွင် ခန့်အပ်ရပါသည်။ ပြင်ပစရင်းစစ်တစ်ဦးတည်းကို (၃)ဆက်တိုက်ထက် ကျော်လွန်၍ တာဝန်မပေးရဘဲ၊ အနည်းဆုံး၅နှစ်ပြည့်တိုင်း (သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့် ကာလအတိုင်း) လဲလှယ်ရပါမည်။ ဘဏ်တစ်ခုသည်ပြင်ပစာရင်းစစ်တစ်ဦးက ခန့်အပ်ပြီးပါက ဗဟိုဘဏ်သို့ ချက်ချင်း အကြောင်းကြားရပါမည်။ ဗဟိုဘဏ် က ထိုသို့ ခန့်အပ်ထားသော ပြင်ပစာရင်းစစ်နှင့်ပတ်သက်၍ မသင့်တော်ကြောင်း အကြောင်းပြချက်များကို သက်ဆိုင်ရာဘဏ်သို့စာဖြင့် ရေးသားပေးပို့ခြင်း မရှိပါက၊ ထိုပြင်ပစာရင်းစစ်သည် သင့်တော်သည်ဟု မှတ်ယူရပါမည်။ ထိုသို့သော စာကို ရရှိပါက ဘဏ်အနေဖြင့် ခန့်အပ်ထားသော ပြင်ပစာရင်းစစ်ကို ချက်ချင်း အစားထိုးရပါမည်။ ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့်ပတ်သက်သည့် ညွှန်းကိန်းများနှင့် အခြား ဆက်စပ်ကိစ္စရပ်များအတွက် စည်းမျဉ်းများထုတ်ပြန်ပါမည်။

[59] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၄၆ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[60] ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။

[61] ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်း များ ဥပဒေ ပုဒ်မ ၄၉ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[62] ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။

In Financial Year 2011/12, CBM inspected 3 State-Owned Banks (Myanma Economic Bank, Myanma Foreign Trade Bank, and Myanma Investment and Commercial Bank), and all private and public banks. 44

For off-site supervision, CBM receives regular financial reports from the banks, in which they inform the CBM about their administrative and operational status, solvency, and profitability.[53] Specifically, banks have to inform the CBM about their liquidity ratio on a weekly basis and about their reserve position and capital adequacy ratio on a monthly basis. This reporting process is standardized by distinct forms the banks have to fill in.[54] 45

The CBM does not regulate and supervise the Myanma Agriculture and Development Bank (MADB), although it has been assigned to supervise the bank through a notification.[55] MADB is instead supervised by the Ministry of Agriculture and Irrigation (MA&I). Moreover, the various prudential standards are not strictly applied to MADB.[56] 46

The CBM is responsible for approving the external auditors of banks **(cf. Section 1.2.2., para. 77).**[57] Specifically, banks have to inform the CBM about the external auditor who is appointed in the annual general meeting. Then the CBM informs its approval or deny the banks in a written notice.[58] The banks have to submit their financial statements[59] and audit report[60] to the CBM every year. 47

To monitor the banks' compliance with the laws, CBM requires all banks to set up an audit committee consisting of 3 members appointed by the shareholders.[61] The banks have to submit the list of the audit committee members to the CBM.[62] 48

[53] Section 70 of The Central Bank of Myanmar Law (07/11/2013); Section 46 of The Financial Institutions of Myanmar Law (07/04/1990).
[54] Central Bank of Myanmar Annual Report 2011-2012, pp. 18, 20.
[55] Notification No. 2/91, Assigning the Central Bank of Myanmar to scrutinize, supervise ad regulate the operations of the Myanma Agricultural and Rural Development Bank.
[56] The World Bank Group, (2014). Myanmar Agricultural Development Bank: Initial Assessment and Restructuring Options. Bangkok: The World Bank, p.29 f; The Myanmar Agricultural Development Bank Law (1990).
[57] Section 44 of The Financial Institutions of Myanmar Law (07/04/1990); Directive No. 1/2008 of Banks' Supervision Committee (12/13/2008).
[58] The process for appointing the external auditor of a bank and the rotation of external auditors is described in detail in the first draft of the Banks and Financial Institutions Law of November 2014: The external auditor is appointed by the annual general meeting. The same auditor may not be appointed for more than 3 consecutive years and has to be replaced at least once every 5 years (or any other period prescribed by the CBM). The bank has to inform the CBM promptly of its decision to appoint an external auditor. External auditors shall be regarded suitable, unless the CBM notifies the bank in a written notice of the reasons why the external auditor is not regarded suitable. In this case, the bank has to replace its external auditor promptly. The CBM may issue regulation on the criteria for external auditors and related matters.
[59] Section 46 of The Financial Institutions of Myanmar Law (07/04/1990).
[60] Directive No. 1/2008 of Banks' Supervision Committee (12/13/2008).
[61] Directive No. 1/2008 of Banks' Supervision Committee (12/13/2008); Section 49 of The Financial Institutions of Myanmar Law (07/04/1990).
[62] Directive No. 1/2008 of Banks' Supervision Committee (12/13/2008).

၄၉ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ လိုအပ်ချက်များအရ၊ စာရင်းစစ်ကော်မတီသည် (၃)လတစ်ကြိမ် အစည်းအဝေးပြုလုပ်ရန် လိုအပ်ပြီး၊ ဘုတ်အဖွဲ့ခေါ်သည့် အထူးအစည်းအဝေးများ ပြုလုပ်ရပါမည်။[63] စာရင်းစစ်ကော်မတီ သည် ဌာနတွင်း စာရင်းစစ်လုပ်ငန်းများအား ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဘဏ်၏ဌာနတွင်းစာရင်းစစ်ဌာနကို ညွှန်ကြားရပါမည်။ ဌာနတွင်း စာရင်းစစ်လုပ်ငန်းများကို အခြေခံလျက်၊ စာရင်းစစ်တွေ့ရှိချက်များနှင့် ထိုတွေ့ရှိချက်များ၊ ဖြေရှင်းဆောင်ရွက်ချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့အစီရင်ခံရပါမည်။[64] လက်တွေ့တွင်မူ၊ ဘဏ်များတွင်ဖွဲ့စည်းထား သာ စာရင်းစစ်ကော်မတီများသည် ဥပဒေပါသတ်မှတ်ချက်အားလုံးကို လိုက်နာဆောင်ရွက်မှု မရှိနိုင်ပါ။[65]

ဘဏ္ဍာရေးဂန်ကြီးဌာနက နိုင်ငံပိုင်ဘဏ်များအား ကြီးကြပ်ခြင်း

၅၀ ယေဘုယျအားဖြင့် နိုင်ငံပိုင်ဘဏ်များသည် သက်ဆိုင်ရာဂန်ကြီးဌာနများထံမှ လုပ်ငန်းတိုးတက်ရေးနှင့် ချေးငွေဆုံးဖြတ်ချက်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို ရရှိကြပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ ဂန်ကြီးဌာနများသည် နိုင်ငံပိုင်ဘဏ်များ လုပ်ငန်းဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဂင်နေပါသည်။

၅၁ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် ဘဏ္ဍာရေးဂန်ကြီးဌာနလက်အောက်ရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ကြီးကြပ်ရေးဌာန ကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (FRD) အဖြစ် ပြန်လည် ဖွဲ့စည်းခဲ့ပါသည်။ ထိုဦးစီးဌာနသည် အနာဂတ်ကာလတွင် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများ၊ အသေးစားချေးငွေ ကုမ္ပဏီများအား ကြီးကြပ်ခြင်းအတွက် တာဂန်ရှိလာပါမည်။

၅၂ ယနေ့အချိန်အထိ နိုင်ငံပိုင်ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုအောက်တွင် ရှိနေပါသည်။ သို့ဖြစ်၍ အနာဂတ်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) နှင့် အသစ်ဖွဲ့စည်းလိုက်သော ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) တို့က နိုင်ငံပိုင်ဘဏ်များအား ကြီးကြပ်ရန်တာဝန်ကို အနာဂတ်တွင် မည်သို့ ခွဲဝေကြမည်ကို စောင့်ကြည့်ရဦးမည်ဖြစ်ပါသည်။

---

[63] မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၅၀ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[64] ဘဏ်များကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။

[65] စာရင်းစစ်ကော်မတီများဖွဲ့စည်းခြင်းနှင့် ထိုကော်မတီ၏ တာဂန်များကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သော ဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေ ပထမမူကြမ်းတွင်အသေးစိတ်ဖော်ပြထားပါသည်။ စာရင်းစစ်ကော်မတီတွင် ရှယ်ယာရှင်များ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးက ခန့်အပ် သော အဖွဲ့ဂင် (၃) ဦးပါဂင်ပြီး၊ ကော်မတီသက်တမ်းမှာ (၄)နှစ်ဖြစ်ပါသည်။ စာရင်းစစ်ကော်မတီသည် (၃)လလျှင်တစ်ကြိမ် ပုံမှန်စည်းဝေးပြီး၊ ဒါရိုက်တာ ဘုတ် အဖွဲ့စည်းဝေးချိန်တွင် အထူးအစည်းအဝေးပြုလုပ်ရပါမည်။ ထိုကော်မတီသည် ဘဏ်များတွင် သင့်တော်သော စာရင်းကိုင် ကျင့်ထုံးများ နှင့် စာရင်း ထိန်းသိမ်းခြင်းလုပ်ငန်းများတည်ထောင်ပေးခြင်း၊ ထို ကျင့်ထုံးများ နှင့် ကိုက်ညီစေရန် ကြီးကြပ်ခြင်း၊ ဘဏ်၏ စာရင်းများနှင့် မှတ်တမ်းများကို စာရင်းစစ်ခြင်း စသည်တို့အတွက် တာဂန်ရှိပါသည်။ ထို့အပြင် ကော်မတီသည် ဘဏ်အား ဥပဒေ၊ စည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိမရှိကို စောင့်ကြည့်စစ်ဆေး၍ ဘုတ်အဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊ ဘုတ်အဖွဲ့သို့ တင်ပြထားသော ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံဉာဏ်များ ပေးခြင်းတို့အတွက်လည်း တာဂန်ရှိပါသည်။

According to the CBM requirements, the audit committee shall meet once every 3 months and extraordinarily when convened by the board.[63] The audit committee shall instruct the internal audit department of the bank in carrying out activities of internal audit. Based on the work of the internal audit, the audit committee has to report audit findings and their resolution of audit findings to the CBM.[64] In practice, the audit committees in banks may not comply with all the requirements set in the law.[65] 49

State Bank Supervision by MoF

In general, all State-Owned Banks receive guidance and instructions from their respective Ministries regarding business development, loan decisions and management decisions. So the Ministries play an important role in the running of State-Owned Banks. 50

In September 2014, the Myanma Microfinance Supervisory Bureau under the MoF was re-organized into a Financial Regulatory Department (FRD), which may in the future be responsible for the supervision of State-Owned Banks, private insurance companies, and microfinance companies. 51

To date, State-Owned Banks are still under the supervision of the CBM. Whether and how the CBM and the newly formed FRD will share the responsibility for the supervision of State-Owned Banks in the future remains to be seen. 52

[63] Section 50 of The Financial Institutions of Myanmar Law (07/04/1990).
[64] Directive No. 1/2008 of Banks' Supervision Committee (12/13/2008).
[65] The set-up and responsibilities of the audit committee are described in detail in the first draft of the Banks and Financial Institutions Law of November 2014: The audit committee consists of 3 members appointed by the shareholders in the annual general meeting for periods of 4 years. The audit committee shall meet ordinarily once every 3 months and extraordinarily when convened by the Board of Directors. It is responsible for establishing appropriate accounting procedures and accounting controls in the bank, supervising the compliance with such procedures and auditing the bank's accounts and records. It is also responsible for monitoring the bank's compliance with laws and regulations and thereon reporting to the Board as well as delivering opinions on any matters submitted to it by the Board.

ပုံ (၁) မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းများအား စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ အဓိက အဖွဲ့အစည်းများအကြား အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုများ



Source: GIZ

Figure 1: Interactions of key institutions in bank accounting, auditing and supervision in Myanmar



Source: GIZ

၁-၂ ဘဏ်လုပ်ငန်းများ၏ အခြေအနေ၊ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းဆိုင်ရာ ကျင့်ထုံးများ

၁-၂-၁ ဘဏ်များအား အမျိုးအစားခွဲခြားခြင်း

၅၃ အစိုးရ၏ ပိုင်ဆိုင်မှုပမာဏပေါ်မူတည်၍ ဘဏ်များအား အမျိုးအစား (၃)မျိုးခွဲခြားထားပါသည်။ (`အစိုးရ´ ဟူသော အသုံးအနှုန်းတွင် ပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ လွှမ်းခြုံပါဝင်ပါသည်။)

(၁) အစိုးရက ၁၀၀% ပိုင်ဆိုင်သော ဘဏ်များ။

(၂) အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သော ဘဏ်များ။

(၃) အစိုးရက ပိုင်ဆိုင်မှုမရှိသော ဘဏ်များ။

၅၄ နောက်ထပ်အချက်အလက်များအတွက် ပုံ (၂)ကို ကြည့်ပါ။

၅၅ ထိုဘဏ်အမျိုးအစား(၃) ခုက ဘဏ်တစ်ခုသည် မည်သည့် စာရင်းကိုင်နှင့် စာရင်းစစ်ဥပဒေများအား လိုက်နာ ရမည်ကို ဆုံးဖြတ်ပါသည်။ ထို့အပြင် ဘဏ်တစ်ခုကို အစိုးရ ဘတ်ဂျက်မှ ရန်ပုံငွေထောက်ပံ့ပေးပါက၊ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းဥပဒေများလည်း ပြောင်းလဲနိုင်ပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား စာရင်းစစ်ရာတွင် အသုံးပြုရမည့် ပြင်ပစာရင်းစစ်များနှင့် စံများ၊ လက်စွဲစည်းမျဉ်းများကို အတည်ပြုသည့်အပြင် ဘဏ်တစ်ခု ကို ပြင်ပပုဂ္ဂလိကစာရင်းစစ်များဖြင့် သို့မဟုတ် စာရင်းစစ်ချုပ်ရုံးဖြင့် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ဖြင့် စာရင်းစစ်မည် စသည်ဖြင့် ကွဲပြားသွားနိုင်ပါသည်။ (အပိုင်း ၁-၂-၂ ကို ကြည့်ပါ။)။

အစိုးရက ၁၀၀% ပိုင်ဆိုင်သော ဘဏ်များ

၅၆ အစိုးရက ၁၀၀% ပိုင်ဆိုင်သည့် ဘဏ်များတွင် နိုင်ငံပိုင်ဘဏ်များနှင့် သီးခြားဝန်ကြီးဌာနများ သို့မဟုတ် စည်ပင်သာယာရေးကော်မတီများက အပြည့်အဝပိုင်ဆိုင်သော ဘဏ်များ ပါဝင်ပါသည်။

၅၇ နိုင်ငံပိုင်ဘဏ်များကို နိုင်ငံတော် ဘတ်ဂျက်မှ ရန်ပုံငွေ အပြည့်အဝထောက်ပံ့ထားပါသည်။

၅၈ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများက ပိုင်ဆိုင်သော ဘဏ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ သို့မဟုတ် ဒေသခံအစိုးရများက ရန်ပုံငွေထောက်ပံ့ပြီး၊ ပုဂ္ဂလိကဘဏ်များအဖြစ် ဖွဲ့စည်းထားပါသည်။

အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သော ဘဏ်များ

၅၉ အစိုးရက ရှယ်ယာအချို့ ပိုင်ဆိုင်ထားသော ဘဏ်များ (အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သော ဘဏ်များ) ကို အစိုးရက လမ်းညွှန်မှု ပေးပါသည်။

၆၀ မြန်မာနိုင်ငံတွင် ဝန်ကြီးဌာနတစ်ခု သို့မဟုတ် စည်ပင်သာယာရေးကော်မတီတစ်ခုက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သော ဘဏ် (၅) ခုရှိရာ ယင်းဘဏ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် စည်ပင်သာယာရေးကော်မတီတို့က လမ်းညွှန်ပါသည်။

၆၁ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာ ရေးကော်မတီများက တစ်စိတ်တစ်ပိုင်းစီပိုင်ဆိုင်ကြပြီး၊ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်လီမိတက်ကို ဆောက်လုပ် ရေးဝန်ကြီးဌာနက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသားများဘဏ်လီမိတက်ကို ကုန်သွယ်ရေး ဝန်ကြီးဌာနက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်ပါသည်။

၆၂ အင်းဝဘဏ်ကို မြန်မာ့စီးပွါးရေးကော်ပိုရေးရှင်းမှ အပြည့်အဝပိုင်ဆိုင်ပြီး၊ မြဝတီဘဏ်ကို မြန်မာ့စီးပွါးရေး ဦးပိုင်လီမိတက်က အပြည့်အဝပိုင်ဆိုင်ထားပါသည်။

1.2 Profile of the Banking Sector and Accounting and Auditing Practice

1.2.1 Bank Classifications

There are 3 categories of banks according to the extent of Government-ownership (where the term "Government" covers the Union Government, Ministries, and City Development Committees): 53

1. 100%-Government-Owned Banks;
2. Less than 100%-Government-Owned Banks:
3. 0%-Government-Owned Banks.

For more information, please see Figure 2. 54

Depending on which category banks fall, the financial reporting and auditing rules can be different. When a bank is funded from the Union budget, the accounting and auditing rules will change. For example, whether the banks are audited by private external auditors or the OAG or whether the Union Auditor General, in addition to the CBM approve external auditors and the standards or manuals used to audit the banks (cf. Section 1.2.2). 55

100%-Government-Owned Banks

Among 100%-Government-Owned Banks, there are State-Owned Banks and banks fully owned by distinct Ministries or City Development Committees. 56

State-Owned Banks are fully funded from the Union budget. 57

The Ministry- and City Development Committee-Owned Banks are funded by the respective Ministries and/or local authorities and incorporated as private banks. 58

Less than 100%-Government-Owned Banks

Banks in which the Government owns some shares (less than 100%-Government-Owned Banks) are guided by the Government. 59

There are 5 banks in Myanmar, which are partly owned by a Ministry or by City Development Committees and are therefore guided by this Ministry or the City Development Committees. 60

Rural Development Bank Ltd is partly owned by the Ministry of Lifestock, Fisheries and Rural Development (MLFRD) and by different City Development Committees, Construction and Housing Development Bank Ltd is partly owned by the Ministry of Construction, and Myanmar Citizens Bank Ltd is partly owned by the Ministry of Commerce. 61

Innwa Bank is a wholly owned subsidiary of Myanmar Economic Corporation (MEC) and Myawaddy Bank is fully owned by Union of Myanmar Economic Holding Ltd (UMEHL). 62

၆၃ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်တို့တွင် ပန်ကြီးဌာနများ၏ ရှယ်ယာများအတွက်ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ထည့်ဝင်ပါသည်။ ထို့ကြောင့် ထိုဘဏ်များအတွက် ပြင်ပ စာရင်းစစ်များ ခန့်ထားသည့်အခါ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အတည်ပြုချက်ရယူရသည့် လိုအပ်ချက်တစ်ခုပိုလာပါသည်။ (အပိုင်း ၁-၁-၁ ၏ စာပိုဒ် ၇၄ ကို ကြည့်ပါ။)

၆၄ မြန်မာနိုင်ငံသားများဘဏ်သည် လက်ရှိ ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးလုပ်ငန်းတွင် စာရင်းဝင်ထားသည့် တစ်ခုတည်းသော ဘဏ်ဖြစ်ပါသည်။ ထိုဘဏ်သည် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဌာန (MSEC) တွင် စာရင်းဝင်ထားပြီး၊ ကောင်တာအရောင်းအဝယ် (over-the-counter - OTC) စနစ်ဖြင့် ရောင်းဝယ်နေပါသည်။

အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ်များ

၆၅ အစိုးရက ရှယ်ယာပါဝင်ထားခြင်းမရှိသော ဘဏ်များ (အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ်များ) ကို အဓိကအားဖြင့် ပုဂ္ဂလိက ဘဏ်နှင့် အများပိုင်ဘဏ်ဟူ၍ ခွဲခြားနိုင်ပါသည်။

၆၆ ဤဘဏ်များတွင် အစိုးရက ရှယ်ယာပိုင်ဆိုင်မှုမရှိသော်လည်း ယခင်ကရှယ်ယာအချို့ ပိုင်ဆိုင်ခဲ့သောကြောင့် ထိုအများပိုင်ဘဏ် (၃)ခုတို့၏ လုပ်ငန်းများအတွက်ကိုမူ လမ်းညွှန်ချက်များပေးဆဲဖြစ်ပါသည်။

၆၇ နိုင်ငံတကာဘဏ်များသည် အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ်အမျိုးအစားတွင် ပါဝင်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ အထိစာရင်းများအရ၊ The Bank of Tokyo-Mitsubishi UFJ, Overseas-Chinese banking Corp., United Overseas bank, Bangkok Bank, Industrial and Commercial Bank of China နှင့် Sumitomo Mitsui Banking Corp. စသည့် နိုင်ငံခြားဘဏ် (၆)ခုတို့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့် လိုင်စင်ရရှိခဲ့ကြ ပါသည်။

In case of Construction and Housing Development Bank Ltd and Myanmar Citizens Bank Ltd, the funds for the Ministries' shares come from the Union budget. This leads to an additional requirement for their external auditor to be approved by the Union Auditor General (**cf. Section 1.2.2, para 74**). 63

Myanmar Citizens Bank Ltd is currently the only Bank listed on the security exchange. It is listed at the Myanmar Security Exchange Centre (MSEC) and traded exclusively over-the-counter (OTC). 64

0%-Government-Owned Banks

Banks in which the Government does not have a share (0%-Government-Owned Banks) are mainly split between private banks and public banks. 65

Although the Government does not own shares in these banks, it still guides the operations of 3 public banks, because it previously owned some shares in the banks. 66

International banks are also included in 0%-Government-Owned Banks. As of June, 2015, 6 banks have received a Myanmar banking license from CBM, namely: The Bank of Tokyo-Mitsubishi UFJ, Overseas-Chinese Banking Corp, United Overseas Bank, Bangkok Bank, Industrial and Commercial Bank of China, and Sumitomo Mitsui Banking Corp. 67

ပုံ (၂) မြန်မာနိုင်ငံရှိ ဘဏ်များအား စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်း ရှုထောင့်မှ အမျိုးအစားခွဲခြားခြင်း



[1] `အစိုးရ´ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများကို ရည်ညွှန်းပါသည်။

Figure 2: Classification of banks in Myanmar from an accounting and auditing perspective





1 "Government" refers to Union Government, Ministries, City Development Committees

၁-၂-၂ ဘဏ်လုပ်ငန်းကဏ္ဍရှိ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်း ကျင့်ထုံးများ

၆၈ ပုံ (၃)တွင် ဘဏ်များက မည်သည့် စာရင်းကိုင်စံများကို သုံးရမည်၊ မည်သည့် စာရင်းစစ်က မည်သည့်ဘဏ် အမျိုး အစား အတွက် တာဝန်ရှိသည်၊ မည်သည့် စာရင်းစစ်စံများကို အသုံးပြုရမည်၊ ဘဏ်များက ၎င်းတို့၏ ဘဏ္ဍာရေး ရှင်းတမ်းများကို ထုတ်ဖော်တင်ပြရန် လိုအပ်ခြင်းရှိမရှိစသည့် ကိစ္စရပ်များအတွက် ဖွဲ့စည်းတည်ဆောက်ပုံများကို ခြုံငုံဖော်ပြထားပါသည်။

ဘဏ်များအတွက် စာရင်းကိုင်စံများ

၆၉ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၀ ခုနှစ်၊ မေလ (၆)ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ မြန်မာနိုင်ငံရှိ ဘဏ်အားလုံးတို့သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှစ၍ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (MFRS) ကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ (အပိုင်း ၁-၁-၂ ၏ စာပိုဒ် ၁၈ ကို ကြည့်ပါ။)

၇၀ လက်တွေ့တွင်မူ MFRS စံများအား လိုက်နာကျင့်သုံးမှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။ အကြောင်းရင်းမှာ ဘဏ် လုပ်ငန်းကဏ္ဍတွင် အရည်အချင်းပြည့်မီသည့် စာရင်းကိုင်ပညာရှင်များ မရှိသောကြောင့်ဖြစ်ပါသည်။ ဘဏ်များ၏ စာရင်း ဌာနတွင် အလုပ်လုပ်နေကြသော ဝန်ထမ်းများသည် အများအားဖြင့် MFRS စံများကို သိရှိခြင်းပင် မရှိကြပါ။ MFRS စံများရှိကြောင်းကို သိရှိသော်လည်း၊ ထိုစံများကို မဖတ်ဖူးကြဘဲ၊ ထိုအချက်အလက်များ မည်သို့ ရယူရမည်ကိုလည်း မသိရှိကြ ပါ။ ထို့ကြောင့် ဘဏ္ဍာရေးအစီရင်ခံစာများ ပြင်ဆင်ရာတွင် မပြည့်စုံမှုများ ဖြစ်ပေါ် လေ့ရှိပါသည်။

ဘဏ်များအတွက် စာရင်းစစ်နှင့် စာရင်းစစ်စံနှုန်းများ

၇၁ ဘဏ်များတွင် စာရင်းစစ်ခန့်အပ်ခြင်းနည်းလမ်းများနှင့် အသုံးပြုသော စာရင်းစစ်စံများမှာ ဘဏ်အမျိုးအစားအလိုက် အမျိုးမျိုး ကွဲပြားနေပြီး၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ရန်ပုံငွေ ရရှိနေသော နည်းလမ်းများပေါ် တွင်လည်း မူတည်နေပါသည်။

နိုင်ငံပိုင်ဘဏ်များ

၇၂ မြန်မာနိုင်ငံရှိ နိုင်ငံပိုင် ဘဏ် (၄)ခုတို့ကို ပြည်ထောင်စုအစိုးရက အပြည့်အဝပိုင်ဆိုင်ပြီး၊ ရန်ပုံငွေထောက်ပံ့ထားသည့်အတွက် ထိုဘဏ်များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက စာရင်းစစ်ဆေးပါသည်။[66] ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် စာရင်းစစ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါလက်စွဲစာအုပ် (၃)မျိုး ကို အသုံးပြုပါသည်။

(၁) စာရင်းစစ်လက်စွဲစာအုပ်။
(၂) စာရင်းစစ်လမ်းညွှန် စာအုပ် (၄) အုပ်။
(၃) စာရင်းစစ်မှတ်တမ်းရေးသွင်းခြင်းစနစ် (ADS)။

၇၃ စာရင်းစစ်ချုပ်ရုံး၏ အချက်အလက်များအရ၊ ထိုစာအုပ်စာတမ်းများသည် နိုင်ငံတကာအဆင့်အမြင့်ဆုံးစာရင်းစစ်ချုပ် ရုံးများ၏ စာရင်းစစ်စံများ (ISSAIs) နှင့် အညီပြင်ဆင်ထားပါသည်။ ယခုအချိန်အထိ ISSAI စံများကို တစ်စိတ်တစ်ပိုင်း လက်ခံကျင့်သုံးထားပြီး၊ အနာဂတ်တွင် ယင်းစံများကို အပြည့်အဝ လက်ခံကျင့်သုံးသွားပါမည်။[67]

၇၄ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စာရင်းစစ်ကျင့်ထုံးများသည်မြန်မာနိုင်ငံစာရင်းစစ်စံများ (MSA)နှင့်ကိုက်ညီရမည်ဟူသော ဥပဒေ သတ်မှတ်ချက်မရှိသေးပါ။ ထို့အတူပင်ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများသည် CPAs သို့မဟုတ် PAs များ ဖြစ်ရမည်ဟူသော ဥပဒေသတ်မှတ်ချက်လည်းမရှိသေးပါ။ လက်ရှိတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ဝန်ထမ်းများအနက် အနည်းငယ်သည်သာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPAs) များဖြစ်ကြပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ CPA မဟုတ်သော ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် ပြည်သူ့ဝန်ထမ်း စည်းကမ်းများကို လေ့ကျင့်သင်ကြားပေးပြီး၊ ထိုနယ်ပယ်များရှိ သင်တန်း အဆင့် (၁)၊ (၂) (၃) များတွင် စာမေးပွဲများ ဖြေဆိုစေပါသည်။

---

[66] မြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ (ခ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)။
[67] လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီအစည်းအဝေး၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်၊ စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်။

1.2.2 Accounting and Auditing Practice in the Banking Sector

Figure 3 gives an overview of the structure, which accounting standards banks have to apply, which auditor is responsible for which type of bank, which auditing standards apply, and whether banks have to publish their financial statements. 68

Accounting Standards for Banks

All banks are required to apply MFRS since Financial Year 2010/11 under the MAC Notification of 6 May 2010 (**cf. Section 1.1.2, para. 18**). 69

However, in practice, the application of MFRS is still limited. This is due to a lack of properly qualified accountants employed in the banking sector. Often, employees working in the accounting department of banks are not aware of MFRS and if they are aware, they never usually do not read the standards and do not know how to obtain them. This often results in an inadequate preparation of financial statements. 70

Auditor and Auditing Standards for Banks

The appointment of an auditor and the applied auditing standards vary across the different categories of banks and also vary depending on whether a bank is funded from the Union budget. 71

State-Owned Banks

The 4 State-Owned Banks in Myanmar are audited by the OAG, as they are fully owned and funded by the Union.[66] The OAG conducts the audit according to 3 audit manuals: 72

1. Audit Manual;
2. 4 Audit Guide Books ;
3. Audit Documentation System (ADS).

According to the OAG, these documents are in line with ISSAIs (International Standards of Supreme Audit Institutions). So far, ISSAIs have been partially adopted and the adoption will be gradually increased until full adoption of ISSAIs will be reached in the future.[67] 73

There is no regulation stating that the OAG's audit procedures have to comply with MSA. There is also no legal requirement that audit staff of the OAG have to be CPAs or PAs. Currently, only a small fraction of OAG staff are CPAs. Non-CPA staff in the OAG are trained in-house in accounting, auditing and civil service regulations and have to pass exams in grade I, II and III training courses in those fields. 74

[66] Section 11 (b) of The Auditor General of the Union Law (10/28/2010).
[67] Action Plan Committee Meeting, 27 August 2014, OAG Office, Nay Pyi Taw.

ဂန္ဓကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီများက ၁၀၀% ပိုင်ဆိုင်သော ဘဏ်များ၊ အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သော ဘဏ်များနှင့် အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ်များ

၇၅ ဂန္ဓကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီများက ၁၀၀% ပိုင်ဆိုင်ထားသော ဘဏ်များ၊ အစိုးရက ရှယ်ယာအချို့ ပိုင်ဆိုင် ထားသော ဘဏ်များ (အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သော ဘဏ်များ) နှင့် အစိုးရ၏ ရှယ်ယာမပါဝင်သော ဘဏ်များ (အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ်များ) ကို ယေဘုယျအားဖြင့် ပြင်ပစာရင်းစစ်တစ်ဖွဲ့က စာရင်းစစ်ပါသည်။

၇၆ ထိုဘဏ်များကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄ ခုနှစ်) သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အထူးဥပဒေ (၁၉၅၀ ခုနှစ်) အရ တည်ထောင်ထားခြင်းဖြစ်ပါသည်။[68] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၂၀၁၅ ခုနှစ်) တွင် ခွင်းချက်အနေဖြင့် အစိုးရက အမိန့်ကြော်ငြာစာထုတ်၍ ကင်းလွတ်ခွင့်ပေးထားသော ကုမ္ပဏီများ၏ စာရင်းစစ်များအတွက်မှအပ၊ ကိုယ်ပိုင် စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ထားသူ (PAs) များကသာ ဤဥပဒေများအရ တည်ထောင်ထားသည့် ကုမ္ပဏီများ အတွက် ပြင်ပစာရင်းစစ်များ သို့မဟုတ် အများပိုင်ကဏ္ဍရှိ စာရင်းကိုင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါ သည်။[69]

၇၇ ပြင်ပစာရင်းစစ်များကိုကုမ္ပဏီနှစ်ပတ်လည်စုံညီအစည်းအဝေး[70]တွင်ခန့်အပ်ရပြီး၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကအတည်ပြုပေးရပါသည်။[71] ဘဏ်တစ်ခုကို ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် တစ်စိတ်တစ်ပိုင်းရန်ပုံငွေ ထောက်ပံ့ထားပါက၊ ထိုပြင်ပ စာရင်းစစ်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ကလည်း ထပ်မံအတည်ပြုပေးရပါမည်။[72]

၇၈ ဤစည်းကမ်းချက်မှာ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်လီမိတက်နှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက် တို့ အတွက်ဖြစ်ပါသည်။ သို့ရာတွင် ဂန္ဓကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီများက ၁၀၀% ပိုင်ဆိုင်သော ဘဏ်များမှာမူ ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ရန်ပုံငွေထောက်ပံ့ထားခြင်းမဟုတ်သည့်အတွက် ထိုစည်းကမ်းချက်များနှင့် အကြုံးမဝင်ပါ။

၇၉ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အချက်အလက်များအရ ပုဂ္ဂလိကနှင့် အများပိုင်ဘဏ်အမျိုးမျိုးတို့ကို လက်ရှိ စာရင်းစစ် လုပ်ငန်း ဆောင်ရွက်ပေးနေသော ပြင်ပစာရင်းစစ် (၄)ဖွဲ့သာ ရှိပါသည်။ ထိုစာရင်းစစ်များကို မြန်မာနိုင်ငံ ဗဟိုဘဏ်က သတ်မှတ်ပေးခြင်း မဟုတ်ဘဲ၊ ဘဏ်များကိုယ်တိုင် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ထိုပြင်ပစာရင်းစစ်များအား ရှယ်ယာရှင်များက ခန့်အပ်ပြီးသည်နှင့်တစ်ပြိုင်နက် အတည်ပြုပေးပါသည်။

၈၀ မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPAs) များ အားလုံး[74] (ဆိုလိုသည်မှာ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင် ထားသူ PAs များ) သည် ၎င်းတို့၏ စာရင်းစစ်လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံစာရင်းစစ်စံ (MSA) များကို လိုက်နာ အသုံးချရမည်ဖြစ်ပါသည်။ (အပိုင်း ၁-၁-၂ ၏ စာပိုဒ် ၁၉ ကိုကြည့်ပါ။)

---

[68] အင်းဂဘဏ်လီမိတက်၊ ဆောက်လုပ်ရေးနှင့် ပြည်သူ့အိုးအိမ်ဖွံ့ဖြိုးရေးဘဏ် လီမိတက်နှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်တို့မှာ ကုမ္ပဏီများ ဆိုင်ရာ အထူးဥပဒေ (၁၉၅၀ ခုနှစ်)အရ တည်ထောင်ထားသည့် ဘဏ်များဖြစ်ကြပါသည်။ အခြားဘဏ်အားလုံးမှာ မြန်မာနိုင်ငံ ကုမ္ပဏီအက်ဥပဒေ (၁၉၁၄ ခုနှစ်)အရ တည်ထောင်ထားခြင်းဖြစ်ပါသည်။

[69] မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပုဒ်မ ၈၃ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်)။

[70] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၄ (၃) (၁၉၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)

[71] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၄၄ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)။

[72] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ (၂) (၁၉၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်)။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ (၂)အရ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တင်ပြချက်ဖြင့် ပြင်ပစာရင်းစစ်ကို ခန့်ထားရပါမည်။ လက်တွေ့တွင် ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ခန့်အပ်ပြီး၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က အတည်ပြုပေးပါသည်။

[73] ဦးလှထွန်း၊ ဦးဝင်းသင်း၊ ဦးကျော်ဟိုး၊ Myanmar Vigor တို့ဖြစ်ပါသည်။

[74] မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ လက်တွေ့တွင် CPAs များဟူသော အသုံးအနှုန်းတွင် PAs များသာပါဝင်ပါသည်။

100%-Ministry and City Development Committee-Owned Banks, less than 100%-Government-Owned Banks and 0%-Government-Owned Banks

100%-Ministry and City Development Committee-Owned Banks, banks in which the Government holds some shares (less than 100%-Government-Owned Banks) and banks in which the Government does not have a share (0%-Government-Owned Banks) are generally audited by the external auditor. 75

These banks are established under The Myanmar Companies Act (1914) or the Special Company Act (1950).[68] According to the Myanmar Accountancy Council Law (2015), only PAs with a certificate of practice of public accountancy can perform public sector accounting and/or act as external auditor for companies established under these company acts, except for auditors of companies exempted by the Government through a notification.[69] 76

The external auditor is appointed in the annual general meeting[70] and has to be approved by the by the CBM.[71] If the bank is partly funded from the Union budget, the external auditor has to be additionally approved by the Union Auditor General.[72] 77

This is the case for Construction and Housing Development Bank Ltd and Myanmar Citizens Bank Ltd. It is not the case for the 100%-Ministry and City Development Committee-Owned Banks as they are not funded from the Union budget. 78

According to the CBM, there are only 4 external auditors[73] who are currently auditing the different private and public banks. These audit firms are not prescribed by CBM, but chosen by the banks. CBM, however, approves the external auditors once appointed by the shareholders. 79

According to the MAC Notification of 13 February 2009, all CPAs[74] (i.e. PAs) have to apply MSAs in their audit **(cf. Section 1.1.2, para. 19)**. 80

[68] Banks under the Special Companies Act (1950): Innwa Bank Ltd, Construction and Housing Development Bank Ltd, Myanmar Citizens Bank Ltd. All other banks are established under the Myanmar Companies Act (1914).
[69] Section 83 of The Myanmar Accountancy Law (05/06/2015).
[70] Section 144 (3) of The Myanmar Companies Act (4/1/1914).
[71] Section 44 of The Financial Institutions of Myanmar Law (07/04/1990).
[72] Section 145A (2) of The Myanmar Companies Act (4/1/1914): According to Section 145A (2) of The Myanmar Companies Act, the President of the Union on advice of the Union Auditor General appoints the external auditor. In practice, the external auditor is appointed in the annual general meeting and approved by the Union Auditor General.
[73] U Hla Tun, U Win Thin, U Kyaw Hoe and Myanmar Vigor.
[74] Pursuant to MAC Notification of 13 February 2009. In practice, the term "CPAs" only includes PAs.

၈၁ လက်တွေ့တွင်မူ မြန်မာနိုင်ငံ စာရင်းစစ်စံများအား လိုက်နာကျင့်သုံးမှုသည် နိုင်ငံတကာရည်ညွှန်းမှတ်များနှင့် ကိုက်ညီခြင်း မရှိသေးပါ။ ထို့အပြင် မြန်မာနိုင်ငံတွင် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ထားသူ (PAs) အရေအတွက်မှာ အလွန်နည်းပါးပါသည်။ ၂၀၁၅ ခုနှစ်တွင် CPAs ၆၂၈ ဦး[75] နှင့် PAs ၅၉၁ ဦး[76] သာ မှတ်ပုံတင်ထားပါသည်။ မြန်မာနိုင်ငံရှိ ကုမ္ပဏီတိုင်းသည် MFRS သို့မဟုတ် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဘဏ္ဍာရေး စာရင်းရှင်းတမ်းများကို MFRS နှင့်အညီ ပြင်ဆင်ရမည်ဖြစ်သည့်အတွက် PAs များ၏ အရေအတွက်မှာ အရေးကြီးပါသည်။ ထိုသို့ အရေအတွက်နည်းပါးခြင်းကြောင့် PAs များသည် ကုမ္ပဏီများ၏ စာရင်းများကို လုံလောက်စွာ မစစ်ဆေးတော့ဘဲ စာရင်းစစ်အစီရင်ခံစာများအား လက်မှတ်ထိုးပေးခြင်းများဖြစ်လာစေပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီသည် CPAs များ၏ အရေအတွက်တိုးလာ စေရေးအတွက် ၂၀၁၄ ခုနှစ်တွင် CPA ကျောင်းသားသစ် (၇၄၂) ဦးနှင့် ၂၀၁၅ ခုနှစ်တွင် (၉၁၇) ဦးကို လက်ခံခဲ့ပါသည်။ ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၄ ခုနှစ်တွင် CPA ကျောင်းသားသစ်တိုးလာသည့်အရေအတွက်မှာ ၄၀၀% သို့မဟုတ် (၅) ဆ အထိရှိခဲ့ပါသည်။[77]

ဘဏ်များက သတင်းထုတ်ပြန်ကြေငြာရမည့် လိုအပ်ချက်များ

၈၂ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ ဘဏ်များ (ပုဂ္ဂလိကဖြစ်စေ၊ အများပိုင်ဖြစ်စေ၊ အစိုးရပိုင်ဖြစ်စေ) အတွက် အများ ပြည်သူသိရှိစေရန်အလို့ငှာ ဘဏ္ဍာရေး ရှင်းတမ်းအပြည့်အစုံကို ထုတ်ပြန်ကြေငြာပေးရမည်ဟူသော ဥပဒေ လိုအပ်ချက် မရှိပါ။[78]

၈၃ တစ်ခုတည်းသော ခြွင်းချက်ကို ၁၉၁၄ ခုနှစ်၊ ကုမ္ပဏီများ အက်ဥပဒေတွင် တွေ့ရှိရပါသည်။ ထိုဥပဒေအရ လီမိတက် ဘဏ်များအားလုံးတို့သည် ရှယ်ယာရှင်များနှင့် မြီရှင်များက တောင်းဆိုလာပါက၊ နောက်ဆုံးစာရင်းစစ်ထားသော လက်ကျန်ရှင်းတမ်း မိတ္တူတစ်စောင်နှင့် Form G (ဘဏ်၏ ပိုင်ဆိုင်မှုများနှင့် ပေးရန်ရှိသည်များကို စာရင်းပြုစုသောပုံစံ) ဖြင့် ဖြည့်သွင်းထားသည့် ရှင်းတမ်းမိတ္တူတစ်စောင်တို့ကို ပေးရပါမည်။[79] ဘဏ်များသည် စာရင်းစစ်ထားသော လက်ကျန်ရှင်းတမ်းနှင့် Form G တို့ကို ၄င်းတို့ မှတ်ပုံတင်ထားသော ရုံးချုပ်နေရာနှင့် ရုံးခွဲတိုင်းတွင် အများပြည်သူသိရှိစေရန် ပြသထားရပါမည်။[80] လက်တွေ့တွင်မူ ဘဏ်အများစုတို့သည် ဤစည်းမျဉ်းကို မသိရှိကြဘဲ၊ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြပါ။

၈၄ အများပိုင်ဘဏ်များသည် စာရင်းစစ်အစီရင်ခံစာအပါအဝင် ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံကို ရှယ်ယာရှင်အားလုံးထံသို့သာ ထုတ်ပြန်ရန် လိုအပ်ပါသည်။[81] ထိုသို့ ထုတ်ပြန်ရာတွင် ရှယ်ယာရှင်များထံသို့ ထိုစာရွက်စာတမ်းများ ပေးပို့ခြင်း (သို့မဟုတ်) ဘဏ်၏မှတ်ပုံတင်ထားသော ရုံးတွင် ထိုစာရွက်စာတမ်းများကို ကြည့်နိုင်ရန် မိတ္တူထားပေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။[82]

၈၅ ဘဏ်များက စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသို့ ထုတ်ပြန်ရန် သင့်မသင့်ကိုလည်းကောင်း၊ မည်သည့်နည်းလမ်းဖြင့် ထုတ်ပြန်မည်ကိုလည်းကောင်း ဆုံးဖြတ်ရမည့်သူမှာ ရှယ်ယာရှင်များနှင့် ဘုတ်အဖွဲ့တို့ဖြစ်ပါသည်။[83] (ပြည်ထောင်စုအစိုးရဘတ်ဂျက်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝဖြင့် ရန်ပုံငွေ ထောက်ပံ့ထားသော ဘဏ်များအတွက် ဘဏ္ဍာရေးပန်ကြီးဌာနကလည်းကောင်း၊[84] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းပန်ကြီးဌာနကလည်းကောင်း[85] ဆုံးဖြတ်ပါမည်။)

---

[75] RAs များအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ RAs များအရေအတွက်ကို မြန်မာနိုင်ငံစာရင်းကောင်စီက မှတ်တမ်းတင်ထားခြင်းမရှိပါ။

[76] PAs များအဖြစ် မှတ်တမ်းတင်ထားသော RAs များအပါအဝင်ဖြစ်ပါသည်။

[77] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ နှစ်စဉ် မှတ်ပုံတင်စာရင်းမှတ်တမ်း။

[78] ဘဏ်တိုင်းသည် စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို အနည်းဆုံးအားဖြင့် လူအများဖတ်ရှုသည့် သတင်းစာတစ်စောင်တွင် ထည့်သွင်းဖော်ပြရမည် သို့မဟုတ် ဗဟိုဘဏ်က ခွင့်ပြုထားသော အခြားသောနည်းလမ်းများဖြင့် ထုတ်ပြန်ကြေငြာရမည်ဟူသော ပြဌာန်းချက်ကို (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ လတွင် ထုတ်ပြန်ခဲ့သည့်) ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ မူကြမ်း၏ ပုဒ်မ ၇၅ (ဃ)တွင် ထည့်သွင်းထားပါသည်။

[79] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ ပုဒ်မ ၁၃၆ (၃)၊ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

[80] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ ပုဒ်မ ၁၃၆ (၂)၊ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

[81] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ ပုဒ်မ ၁၃၁ (၂)၊ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

[82] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ၊ ပုဒ်မ ၁၃၁ (၃)၊ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

[83] မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၄၇ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။

[84] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ နည်းဥပဒေ ပုဒ်မ ၂၅ (ခ) (၁၉၉၁ ခုနှစ်၊ ဇူလိုင် ၉ ရက်)။

[85] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ ပုဒ်မ ၂၇ (ဂ)၊ (၁၉၉၀ ခုနှစ်)။

In practice, the application of MSA is not in line with international benchmarks. Moreover, the number of PAs in Myanmar is very low. In 2015, only 628 CPAs[75] and 591 PAs[76] were registered. The number of PAs is critical, because every company in Myanmar has to prepare financial statements in accordance with MFRS or MFRS of SMEs. This contributes to cases of PAs signing audit reports without adequate examination of the companies' accounts. In order to increase the number of CPAs, the MAC has accepted 917 new CPA students in 2015 and 742 in 2014. The increase in the number of new students in 2014 compared to 2013 is about 400% or 5 times as high.[77] 81

Publishing Requirements for Banks

In general, there is no legal requirement for banks in Myanmar (whether private, public or Government-owned) to publish the full set of financial statements for public information.[78] 82

The only exception can be found in The Myanmar Companies Act (1914). According to this Act, all limited banks have to provide their shareholders and creditors a copy of the last audited balance sheet and a copy of the statement made in Form G (which lists the bank's assets and liabilities) on request.[79] The banks have to display their audited balance sheet and Form G in their registered office and every branch office for public information.[80] In practice, however, most banks are not aware of this regulation and the requirements are not implemented. 83

The full set of financial statements including the audit report only needs to be published by public banks to all shareholders.[81] For publishing the financial statements and audit report, the banks can either send the documents to the shareholders or make a copy available for them to view at the registered office of the bank.[82] 84

It is the board and the shareholders who decide whether and in which manner a bank publishes the financial statements and audit report for public information[83] (the MoF in case of banks, which are funded (fully or partly) from the Union budget,[84] the MA&I in case of MADB[85]). 85

[75] Including RAs: The total number of RAs in Myanmar is not recorded by the MAC.
[76] Including RAs who are registered as PAs.
[77] MAC Annual Registration Register.
[78] A regulation according to which every bank has to publish its audited financial statements in at least one widely read newspaper in Myanmar or in such other manner permitted by the CBM is contained in Section 75 (d) of the draft of the Banks and Financial Institutions Law of November 2014.
[79] Section 136 (3) of The Myanmar Companies Act (4/1/1914).
[80] Section 136 (2) of The Myanmar Companies Act (4/1/1914).
[81] Section 131 (2), (3) of The Myanmar Companies Act (4/1/1914).
[82] Section 131 (3) of The Myanmar Companies Act (4/1/1914).
[83] Section 47 of The Financial Institutions of Myanmar Law (06/07/1990).
[84] Section 25 (b) of The Rules Relating to the FIML (04/09/1991).
[85] Section 27 (c) of the Myanmar Agricultural Development Bank Law (1990).

၁၆ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ OTC ဈေးကွက်၌ စာရင်းသွင်းထားသည့် ဘဏ်တစ်ခုတည်းသာရှိသောကြောင့်၊ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းတွင် စာရင်းသွင်းထားသည့် ဘဏ်များအနေဖြင့် ၎င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ကြေငြာရန် အတွက် (ဥပမာ - ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင်ကဲ့သို့) ဥပဒေလိုအပ်ချက်များလည်း မရှိသေးပါ။

၁၇ ဘဏ်များသည် ယေဘုယျအားဖြင့် ၎င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများကို အများပြည်သူကြည့်နိုင်သည့် domain များ၊ ဝဘ်ဆိုဒ်များတွင် ထုတ်ပြန်ကြေငြာခြင်းလည်း မရှိကြပါ။

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄) အရ ခွင့်ချက်ပေးထားသည့် ဘဏ်များ

၁၈ အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြန်၍ PAs များ၏ စာရင်းစစ်ခြင်းကို ခွင့်ချက်ပေးထားသည့် ဘဏ်(၂)ခုရှိပါသည် -
(၁) မြဝတီဘဏ်
(၂) အင်းဝဘဏ်

၁၉ မြဝတီဘဏ်မှာ မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက် (UMEHL) က ပိုင်ဆိုင်သော ပုဂ္ဂလိကဘဏ်တစ်ခုဖြစ်ပါသည်။ (မြန်မာ့စီးပွါးရေးဦးပိုင်ကုမ္ပဏီမှာ ပုဂ္ဂလိက ပိုင်ဆိုင်သော ကုမ္ပဏီဖြစ်ပါသည်။) အင်းဝဘဏ်မှာ မြန်မာ့စီးပွါးရေး ကော်ပိုရေးရှင်း (MEC) က အပြည့်အဝပိုင်ဆိုင်သော လက်အောက်ခံဘဏ်တစ်ခုဖြစ်ပါသည်။ ထိုဘဏ် (၂)ခု ကို ကာကွယ်ရေး ငွေစာရင်းရုံး (Controller of Military Accounts – CMA) က စာရင်းစစ်ပါသည်။

၉၀ ထိုဘဏ် (၂)ခုလုံးသည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄ ခုနှစ်) နှင့် ကုမ္ပဏီများဆိုင်ရာ အထူးဥပဒေ (၁၉၅၀ ခုနှစ်) တို့အရ ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက်၊ အထက်တွင်ဆွေးနွေးခဲ့သည့် ဘဏ်များအား စာရင်းစစ်ခြင်းဆိုင်ရာ ယေဘုယျ ဥပဒေများအရ ထိုဘဏ် (၂)ခုလုံးကို ပြင်ပစာရင်းစစ်တစ်ဦးက စာရင်းစစ်ဆေးသင့်ပါသည်။

၉၁ ကာကွယ်ရေးငွေစာရင်းရုံး (CMA) များသည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPAs) များဖြစ်ရမည်ဟု ဥပဒေအရ မလိုအပ်ပါ။ယင်းတို့၏ စာရင်းစစ်စံများသည် မြန်မာနိုင်ငံ စာရင်းစစ်စံများ (MSAs) ကို လိုက်နာရမည် ဟူသော ဥပဒေလိုအပ်ချက်လည်း မရှိသေးပါ။

As there is only one Myanmar Bank listed on the OTC market so far, there is no legal requirement yet (e.g. in The Security Exchange Law - 07/31/2013) for exchange-listed banks to publish their financial statements . 86

As such, banks in general do not publish financial statements in the public domain or on their website. 87

Banks exempted under the Myanmar Accountancy Council Law (1994)

There are two banks which are exempted by the Government though a notification from being audited by a PA: 88

1. Myawaddy Bank;
2. Innwa Bank.

Myawaddy Bank is a private bank owned by Myanmar Economic Holding Ltd (UMEHL, private holding company). Inwwa Bank is a wholly owned subsidiary of Myanmar Economic Corporation (MEC). These two banks are audited by the Controller of Military Accounts (CMA). 89

Under the general rule for auditing of banks discussed previously, both banks would be audited by an external auditor as they are established under the Myanmar Companies Act (1914) and Special Company Act (1950). 90

The auditors of the CMA are not legally required to be CPAs and there is no legal requirement in place stating that their auditing standards have to follow MSAs. 91

ပုံ (၃) မြန်မာနိုင်ငံရှိ ဘဏ်များအတွက် စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် သတင်းထုတ် ဖော်တင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ

ဘဏ်အဖွဲ့အစည်း၊ စာရင်းကိုင်နှင့် စာရင်းစစ်အမျိုးအစား	အစိုးရပိုင်ဆိုင်မှု ၁၀၀% *		အစိုးရပိုင်ဆိုင်မှု ၁၀၀% အောက်*	အစိုးရပိုင်ဆိုင်မှု ၀ %*
	အစိုးရပိုင်	ဝန်ကြီးဌာန/စည်ပင်သာယာရေးကော်မတီပိုင်	ပုဂ္ဂလိကပိုင်	
ဖွဲ့စည်းမှု	SOB	LTD	LTD	
ပိုင်ရှင်ဖြစ်မှု	နိုင်ငံတော်	ဝန်ကြီးဌာန သို့မဟုတ် ဒေသခံအစိုးရ	ရှယ်ယာရှင်များ (၂ ဦးမှ ၅၀ ဦး)[1]	
စာရင်းကိုင်စံနှုန်းများ	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]
စာရင်းစစ်	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး[4]	**ပုံမှန်အားဖြင့်** - ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေး တွင် ခန့်အပ်ပြီး[6] နိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုပါသည်။[7] **ခြွင်းချက်** - အင်းဝဘဏ်[5]**	ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ခန့်အပ်ပြီး၊[6] ဗဟိုဘဏ်[7] နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး[8] တို့က အတည်ပြု ပါသည်	**ပုံမှန်အားဖြင့်** - ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေး တွင် ခန့်အပ်ပြီး[6] နိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုပါသည်။[7] **ခြွင်းချက်** - မြဝတီဘဏ်[5]**
စာရင်းစစ်စံများ	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်လက်စွဲ (INTOSAI ကို လိုက်နာရန် ရည်ရွယ်သည်)[9]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]
ထုတ်ပြန်ကြေငြာရန် လိုအပ်ချက်များ	**ယေဘုယျ** - ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] အများပြည်သူသို့ ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံထုတ်ပြန်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆုံးဖြတ်ပါသည်။[14] **ခြွင်းချက်** - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) မှ ဘဏ္ဍာရေး ရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ဆုံးဖြတ်ပါသည် [15]	ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ် ပြန်ရန်ဥပဒေ သတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။ [11] ဝန်ကြီးဌာန/စည်ပင်သာယာရေးကော်မတီပိုင်ဆိုင်သည့် ဘဏ်အတွက် အစိုးရဘတ်ဂျတ်မှ ရန်ပုံငွေရရှိပါက ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာ ရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဆုံးဖြတ်ပေးပါသည်။ [14]	ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] အစိုးရ၏ ရှယ်ယာသည် အစိုးရဘတ်ဂျတ်မှ လာပါက ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာ ရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဆုံးဖြတ်ပေးပါသည်။ [14]	ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11]

အစိုးရပိုင်ဆိုင်မှု ၁၀၀% အောက်*	အစိုးရပိုင်ဆိုင်မှု ၀ %*	အစိုးရပိုင်ဆိုင်မှု ၁၀၀% အောက်*	အစိုးရပိုင်ဆိုင်မှု ၀ %*	နိုင်ငံတကာ (ကိုယ်စားလှယ်ရုံးခွဲများ)
အများပိုင် (Stock market တွင်စာရင်းမသွင်းထားသော)		အများပိုင် (Stock market တွင်စာရင်းသွင်းထားသော)		
PLC / LTD		PLC / LTD		ရုံးခွဲများ
အနည်းဆုံး ရှယ်ယာရှင် ၇ ဦး[2]		အနည်းဆုံး ရှယ်ယာရှင် ၇ ဦး[2]		မြန်မာနိုင်ငံ ပြင်ပတွင် ဖွဲ့စည်းထားသော ဘဏ်များ၏ ရုံးခွဲများ
မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]	မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံ[3]
ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ခန့်အပ်ပြီး[6] နိုင်ငံတော်ဗဟိုဘဏ်[7] နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး[8] တို့က အတည်ပြုပါသည်။	ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေး တွင် ခန့်အပ်ပြီး[6] နိုင်ငံတော် ဗဟိုဘဏ်[7] က အတည်ပြုပါသည်။	ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ခန့်အပ်ပြီး[6] နိုင်ငံတော်ဗဟိုဘဏ်[7] နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး[8] တို့က အတည်ပြုပါ သည်။	ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည်စုံညီ အစည်းအဝေး တွင် ခန့်အပ်ပြီး[6] နိုင်ငံတော် ဗဟိုဘဏ်[7] က အတည်ပြုပါသည်။	ပြင်ပစာရင်းစစ်ကို နှစ်ပတ်လည် စုံညီ အစည်းအဝေး တွင် ခန့်အပ်ပါသည်။[6]
မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]	မြန်မာနိုင်ငံ စာရင်းစစ်စံများ[10]
ဘဏ္ဍာရေးရှင်းတမ်းနှင့်စာရင်းစစ်အစီရင်ခံစာကို ကုမ္ပဏီအဖွဲ့ဝင်များ (သာမန်နှင့် အထူး)၊ ရှယ်ယာရှင်များနှင့် ဒီဘင်ချာစာချုပ်ရှင်များ အသိအမှတ်ပြုရန်အတွက် ထုတ်ပြန်ရန်လိုအပ်ပါသည်။[12] ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] အစိုးရ၏ ရှယ်ယာသည် အစိုးရဘတ်ဂျတ်မှ လာပါက ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဆုံးဖြတ်ပေးပါသည်။[14]	ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ကုမ္ပဏီအဖွဲ့ဝင်များ (သာမန်နှင့် အထူး)၊ ရှယ်ယာရှင်များနှင့် ဒီဘင်ချာစာချုပ်ရှင်များ အသိအမှတ်ပြုရန် အတွက် ထုတ်ပြန်ရန်လိုအပ်ပါသည်။[12] ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] အစိုးရ၏ ရှယ်ယာသည် အစိုးရဘတ်ဂျတ်မှ လာပါက ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန်အတွက် ဘုတ်အဖွဲ့နှင့် ရှယ်ယာရှင်များက ဆုံးဖြတ်ပါသည်။ [13]	ဘဏ္ဍာရေးရှင်းတမ်းနှင့်စာရင်းစစ်အစီရင်ခံစာကို ကုမ္ပဏီအဖွဲ့ဝင်များ (သာမန်နှင့် အထူး)၊ ရှယ်ယာရှင်များနှင့် ဒီဘင်ချာစာချုပ်ရှင်များ အသိအမှတ်ပြုရန်အတွက် ထုတ်ပြန်ရန်လိုအပ်ပါသည်။[12] ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] အစိုးရ၏ ရှယ်ယာသည် အစိုးရဘတ်ဂျတ်မှ လာပါက ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဆုံးဖြတ်ပေးပါသည်။[14]	ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို ကုမ္ပဏီအဖွဲ့ဝင်များ (သာမန်နှင့် အထူး)၊ ရှယ်ယာရှင်များနှင့် ဒီဘင်ချာစာချုပ်ရှင်များ အသိအမှတ်ပြုရန် အတွက် ထုတ်ပြန်ရန်လိုအပ်ပါသည်။[12] ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။ BS နှင့် Form G ကိုသာ ထုတ်ပြန်ရန် သတ်မှတ်ထားပါသည်။[11] ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန်အတွက် ဘုတ်အဖွဲ့နှင့် ရှယ်ယာရှင်များက ဆုံးဖြတ်ပါသည်။ [13]	ဘဏ္ဍာရေးရှင်းတမ်းအပြည့်အစုံ ထုတ်ပြန်ရန် ဥပဒေသတ်မှတ်ချက် မရှိပါ။
↓	↓	↓	↓	↓

ဘဏ်များ	နိုင်ငံတော်က ပိုင်ဆိုင်၍ ရန်ပုံငွေထောက်ပံ့ထားသော ဘဏ် (၄)ခု - ၁။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၂။ မြန်မာ့စီးပွါးရေးဘဏ် ၃. မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ၄။မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဘဏ်	ပန်ကြီးဌာနနှင့် စည်ပင်သာယာ ပိုင်ဆိုင်သည့် ဘဏ် (၃)ခု ရှိပြီး၊ ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ရန်ပုံငွေထောက်ပံ့ခြင်းမရှိပါ။ ၁။ နေပြည်တော်စည်ပင်သာယာ ရေးဘဏ် (နေပြည်တော်စည်ပင် ကော်မတီပိုင်) ၂။ ရတနာပုံဘဏ် (မန္တလေးစည်ပင်ကော်မတီပိုင်) . ၃။ ရန်ကုန်မြို့တော်ဘဏ် (ရန်ကုန်စည်ပင်ကော်မတီပိုင်)	အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သည့် ပုဂ္ဂလိကပိုင်ဘဏ် (၃) ဘဏ်ရှိပါသည်။ ၁။ကျေးလက်ဖွံ့ဖြိုးရေးဘဏ် (မွေး/ရေနှင့်ကျေးလက်ဖွံ့ဖြိုးရေး ပန် ကြီးဌာနနှင့် စည်ပင်သာယာ ကော်မတီများက ပိုင်ဆိုင်သည်) ၂။ အင်းဘဏ် (ကာကွယ်ရေး ပန်ကြီးဌာနပိုင်) ၃။ မြဝတီဘဏ် (ကာကွယ်ရေးပန်ကြီးဌာနက လမ်းညွှန်သည်)	အစိုးရက ၀% ပိုင်ဆိုင်သော ဘဏ် (၉)ဘဏ်ရှိပါသည်။ ၁။ အာရှရန်ကုန်ဘဏ် ၂။ ဧရာဝတီဘဏ် ၃။ ကမ္ဘောဇဘဏ် ၄။ မြန်မာ့အေပက်စ်ဘဏ် ၅။ မြန်မာအိုရီယန်တယ်ဘဏ် ၆။ ဓနဖြို့ပြုနှင့်ကျေးလက် ဖွံ့ဖြိုးရေးဘဏ် ၇။ ထွန်းဖောင်ဒေးရှင်းဘဏ် ၈။ယူနိုက်တက်အမရဘဏ် ၉။ ရိုးမဘဏ်

* `အစိုးရ´ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများကို ရည်ညွှန်းပါသည်။
** ခွင်းချက်များ - အင်းဘဏ်နှင့် မြဝတီဘဏ်တို့ကို ကာကွယ်ရေးဌေစာရင်းရုံး (CMA) က စာရင်းစစ်ပါသည်။

[1] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၊ ၅၊နှင့် ၁၃ (ခ) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)
[2] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၅ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)
[3] မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီ၏ ၂၀၁၀ ခုနှစ်၊ မေလ (၆)ရက် ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ
[4] ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁ (ခ) (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
[5] ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၃၉ (၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)
မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပုဒ်မ ၂၇ (၁၉၉၄ ခုနှစ်၊ မတ်လ ၈ ရက်)
[6] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၄ (၃) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)

အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သည့် အများပိုင် (စာရင်းမသွင်းထားသော) ဘဏ်တစ်ဘဏ်ရှိပြီး၊ အစိုးရက လမ်းညွှန်ပါသည်။ ရှယ်ယာများကို ပြည်ထောင်စုအစိုးရဘတ်ဂျတ်မှ ရန်ပုံငွေထောက်ပံ့သည်။ ၁။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (ကုန်သွယ်ရေးပန်ကြီးဌာနက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်ပြီး၊ လမ်းညွှန်ပါသည်။)	အစိုးရက ၀% ပိုင်ဆိုင်သော (စာရင်းမသွင်းထားသည့်) အများပိုင် ဘဏ် (၆)ဘဏ်ရှိပြီး၊ (၃)ဘဏ်ကို အစိုးရက လမ်းညွှန်ပါသည်။ 1. Global Treasure ဘဏ် (မွေး/ရေဝန်ကြီးဌာနက လမ်းညွှန်ပါ သည်။) ၂။ အသေးစားချေးငွေလုပ်ငန်းဘဏ် (အစိုးရက လမ်းညွှန်သော်လည်း၊ ရှင်းလင်းမှုမရှိပါ) ၃။ အသေးစားနှင့် အလတ်စား စက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (စက်မှု ဝန်ကြီးဌာနက လမ်းညွှန်ပါသည်။) ၄။ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ် ၅။ သမဝါယမဘဏ် ၆။ ပထမပုဂ္ဂလိကဘဏ်	အစိုးရက ၁၀၀% အောက်ပိုင်ဆိုင်သည့် အများပိုင် (စာရင်းသွင်းထားသော) ဘဏ်တစ်ဘဏ်ရှိပြီး၊ အစိုးရက လမ်းညွှန်ပါသည်။ ရှယ်ယာများကို ပြည်ထောင်စုအစိုးရဘတ်ဂျတ်မှ ရန်ပုံငွေထောက်ပံ့သည်။ ၁။ မြန်မာနိုင်ငံသားများဘဏ် (ကုန်သွယ်ရေးပန်ကြီးဌာနက တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်ပြီး လမ်းညွှန်ပါသည်။ MSEC အဖြစ် စာရင်းသွင်းထားပြီး၊ ကောင်တာစနစ်ဖြင့် ရောင်းဝယ်ပါသည်။)	*လက်ရှိအချိန်တွင် မရှိသေးပါ။*	ကိုယ်စားလှယ်ရုံး (၄၃)ခု

[7] မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၄၄ (၁၉၉၀ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

[8] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ (က) ၂ (၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

[9] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ (က) ၃ က (၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)
လုပ်ငန်စီမံချက်ရေးဆွဲရေးကော်မတီ အစည်းအဝေး (၂၀၁၄ ခုနှစ်၊ သြဂုတ်လ ၂၇ ရက်) စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

[10] မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီ၏ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် အမိန့်ကြော်ငြာစာ

[11] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၆ (၂) (၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

[12] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၁ (၂)၊ (၃)၊ ပုဒ်မ ၁၄၅ (၁) (၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

[13] မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၄၇ (၁၉၉၉၀ ခုနှစ်၊ ဇွန်လ ၇ ရက်)

[14] မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ နည်းဥပဒေ ပုဒ်မ ၂၅ (ခ) (၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၉ ရက်)

[15] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ ပုဒ်မ ၂၇ (ဂ) (၁၉၉၀ ခုနှစ်)

Figure 3: Accounting, auditing and publishing requirements for banks in Myanmar

Type of Bank / Organization, Accounting & Auditing	100% Gvt.-Owned*		<100% Gvt.-Owned*	0% Gvt.-Owned*
	State-Owned	Ministry/ Municipality-Owned	Private	
Incorporation	SOB	LTD	LTD	
Ownership	State	Ministry or Local Authority	Shareholders (2 to 50)[1]	
Accounting Standards	MFRS[3]	MFRS[3]	MFRS[3]	MFRS[3]
Auditor	OAG[4]	**General**: External Auditor appointed in AGM[6] and approved by CBM[7] **Exception**: Inwa Bank[5]**	External Auditor appointed in AGM[6] and approved by CBM[7] and OAG[8]	**General:** External Auditor appointed in AGM[6] and approved by CBM[7] **Exception:** Myawaddy Bank[5]**
Auditing Standards	OAG Audit Manual (intended to follow INTOSAI auditing standards)[9]	MSA[10]	MSA[10]	MSA[10]
Publishing Requirements	**General**: No legal requirement to publish full set of FS. Only requirement to publish BS and Form G statement.[11] Making full FS availble to the public depends on the decision of the MoF.[14] **Exception**: Myanma Agriculture and Development Bank (MADB) - Making full FS available to the public depends on the decision of the MA&I.[15]	No legal requirement to publish full set of FS. Only requirement to publish BS and Form G statement.[11] If the Ministry/Municipality received its funds for the bank from the Union budget, the MoF decides over making full FS availble to the public.[14]	No legal requirement to publish full set of FS. Only requirement to publish BS and Form G statement.[11] If the Government share is financed from the Union budget, the MoF decides over making full FS availble to the public.[14]	No legal requirement to publish full set of FS. Only requirement to publish BS and Form G statement.[11]
Banks	4 State-Owned Banks. Owned and funded by the Union: 1. Myanma Agriculture and Development Bank 2. Myanma Economic Bank 3. Myanma Foreign Trade Bank 4. Myanma Investment and Commercial Bank	3 Ministry and/or Municipality Owned Banks. Not funded from the Union budget: 1. Naypyitaw Sibin Bank Ltd (Owned by NDC) 2. Yadanabon Bank Ltd (Owned by MCDC) 3. Yangon City Bank Ltd (Owned by YCDC)	3 <100% Gvt.-Owned and private Banks: 1. Rural Development Bank Ltd (Owned by MLFRD & different municipalities) 2. Inwa Bank (Owned by MoD) 3. Myawaddy Bank Ltd (guided by MoD)	9 0% Gvt.-Owned Private Banks out of which 1 is Gvt.-guided: 1. Asia Yangon Bank Ltd 2. Ayeyarwaddy Bank Ltd 3. Kanbawza Bank Ltd 4. Myanma Apex Bank Ltd 5. Myanmar Oriental Bank Ltd 6. Shwe Rural and Urban Development Bank Ltd 7. Tun Foundation Bank Ltd 8. United Amara Bank Ltd 9. Yoma Bank Ltd

* "Government" refers to Union Government, Ministries, Municipalities
** Exceptions: Inwa Bank and Myawaddy Bank are audited by CMA

[1] Sections 2, 5, 13 (b) of The Burma Companies Act (4/1/1914).
[2] Section 5 of The Burma Companies Act (4/1/1914).
[3] MAC Notification of 6 May 2010.
[4] Section 11 (b) of The Auditor General of the Union Law (10/28/2010).
[5] Section 39 of the Auditor General of the Union Law (10/28/2010); Section 27 of The Myanmar Accountancy Law (03/08/1994).
[6] Section 144 (3) of The Burma Companies Act (4/1/1914).

<100% Gvt.-Owned*	0% Gvt.-Owned*	<100% Gvt.-Owned*	0% Gvt.-Owned*	International (representative offices)
Public - not listed		Public - listed		
PLC / LTD		PLC / LTD		Branch offices
At least 7 shareholders[2]		At least 7 shareholders[2]		Branch offices of banks incorporated outside of Myanmar
MFRS[3]	MFRS[3]	MFRS[3]	MFRS[3]	MFRS[3]
External Auditor appointed in AGM[6] and approved by CBM[7] and OAG[8]	External Auditor appointed in AGM[6] and approved by CBM[7]	External Auditor appointed in AGM[6] and approved by CBM[7] and OAG[8]	External Auditor appointed in AGM[6] and approved by CBM[7]	External Auditor appointed in AGM[6]
MSA[10]	MSA[10]	MSA[10]	MSA[10]	MSA[10]
Required to publish FS and Audit Report for company member - (ordinary and preference) shareholders and debentures.[12] No legal requirement to publish full set of FS, only requirement to publish BS and Form G statement.[11] If the Government share is financed from the Union budget, the MoF decides over making full FS availble to the public.[14]	Required to publish FS and Audit Report for company member - (ordinary and preference) shareholders and debentures.[12] No legal requirement to publish full set of FS, only requirement to publish BS and Form G statement.[11] Making full FS availble to the public depends on the decision of the Board and shareholders.[13]	Required to publish FS and Audit Report for company member - (ordinary and preference) shareholders and debentures.[12] No legal requirement to publish full set of FS, only requirement to publish BS and Form G statement.[11] If the Government share is financed from the Union budget, the MoF decides over making full FS availble to the public.[14]	Required to publish FS and Audit Report for company member - (ordinary and preference) shareholders and debentures.[12] No legal requirement to publish full set of FS, only requirement to publish BS and Form G statement.[11] Making full FS availble to the public depends on the decision of the Board and shareholders.[13]	No legal requirement to publish full set of FS.
1 <100% Gvt.-Owned public non-listed Bank - Gvt.-Guided Bank. Share is funded from the Union budget: 1. Construction and Housing Development Bank Ltd (partly owned and guided by Ministry of Commerce)	6 0% Gvt.-Owned Public non-listed Banks, out of which 3 are Gvt.-guided: 1. Global Treasure Bank Ltd (guided by MLFRD) 2. Myanmar Microfinance Bank Ltd (Gvt.-guided, guidance unclear) 3. Small & Medium Industrial Development Bank Ltd (guided by Ministry of Industry) 4. Asia Green Development Bank Ltd 5. Co-operative Bank Ltd 6. First Private Bank Ltd	1 <100% Gvt.-Owned public listed bank - Gvt.-Guided Bank. Share is funded from the Union budget: 1. Myanmar Citizens Bank Ltd (partly owned and guided by Ministry of Commerce, liste	currently no case	43 representative offices

[7] Section 44 of The Financial Institutions of Myanmar Law (07/04/1990).
[8] Section 145A (2) of The Burma Companies Act (4/1/1914).
[9] Section 145A (3) (a) of The Burma Companies Act (4/1/1914); Action Plan Implementation Committee Meeting, 27 August 2014, OAG Office, Nay Pyi Taw.
[10] MAC Notification of 13 February 2009.
[11] Section 136 (2) of The Burma Companies Act (4/1/1914).
[12] Section 131 (2), (3); Section 145 (1) of The Burma Companies Act (4/1/1914).
[13] Section 47 of The Financial Institutions of Myanmar Law (06/07/1990).
[14] Section 25 (b) of The Rules Relating to the FIML (04/09/1991).
[15] Section 27 (c) of the Myanmar Agricultural Development Bank Law (1990).

Source: GIZ

၂- ကွာဟချက်များကို သရုပ်ခွဲဆန်းစစ်ခြင်း

၉၂ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍရှိ လက်ရှိစာရင်းကိုင်ကျင့်ထုံးများသည် အဓိကအားဖြင့် ဗဟိုဘဏ်၏ ဘဏ်များလိုက်နာဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာလိုအပ်ချက်များ (Prudential requirements) နှင့် တန်ဖိုးသတ်မှတ်ခြင်းကဲ့သို့သော အခွန်ဥပဒေများပေါ်တွင် အခြေခံထားပါသည်။ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် ဘဏ်လုပ်ငန်းကဏ္ဍအတွက် နိုင်ငံတကာ စာရင်းကိုင်စံများဘုတ်အဖွဲ့ (IASB) က ထုတ်ပြန်ထားသည့် IFRS ကို ကျင့်သုံး၍ နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံမှု ကျင့်ထုံးများကို အပြည့်အဝအကောင်အထည်ဖော်လိုပါသည်။ သို့မှသာ ဘဏ်များအနေဖြင့်လည်း ၎င်းတို့၏ ဘဏ္ဍာရေးရှင်း တမ်းများကို နောက်ဆုံးပေါ်နိုင်ငံတကာစံများနှင့်အညီ ပြုစုနိုင်ကြပါမည်။ ထိုသို့ လက်ခံဆောင်ရွက်လိုခြင်း၏ ရည်ရွယ် ချက်များမှာ ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့်ပတ်သက်သည့် ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ် (corporate governance) တို့ကို သိသာထင်ရှားစွာ တိုးတက်စေရန်ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ရည်မှန်းချက်များမှာ ဘဏ်လုပ်ငန်းကြီးကြပ်မှုကို အချိန်ကြာသည်နှင့်အမျှ တိုးတက်နေစေရန်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ပိုမိုစွဲဆောင်နိုင်စေရန်ဖြစ်ပါသည်။

၉၃ ကွာဟချက်များ သရုပ်ခွဲဆန်းစစ်ချက်တွင် မြန်မာနိုင်ငံရှိ ဘဏ်များအနေဖြင့် နိုင်ငံတကာစံများကို အပြည့်အဝ မကျင့်သုံးမီ ဖြေရှင်းရမည့် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာအဓိကအခက်အခဲများနှင့် စိန်ခေါ်မှုအချို့ကို တင်ပြထားပါသည်။ နိုင်ငံတကာမှ ကောင်းမွန်သော ကျင့်ထုံးများကို လိုက်မီစေရန်အတွက် ဤနယ်ပယ်များတွင် နိုင်ငံအဆင့် ကျင့်ထုံးများကို သိသာစွာ အဆင့်မြှင့်တင်ရန် လိုအပ်နေပြီး၊ ထိုသို့မြှင့်တင်ရန်မှာလည်း ရေရှည်ဆောင်ရွက်မှသာ ဖြစ်နိုင်ပါသည်။ ထိုသို့ အဆင့်မြှင့်တင်ရမည့် အချို့သော နယ်ပယ်များမှာ အောက်ပါတို့ဖြစ်ပါသည် -

(၁) နိုင်ငံတကာစာရင်းကိုင်နှင့် စာရင်းစစ်စံများအား ကျွမ်းကျင်မှု မလုံလောက်ခြင်း။
(၂) နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများကို ကျင့်သုံးစေရန် ဆောင်ရွက်နိုင်မှုမရှိခြင်း
(၃) နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသို့ ထုတ်ပြန်ခြင်းမှာ IFRS စံများနှင့်လည်းကောင်း၊ နိုင်ငံတကာမှ ကောင်းမွန်သော ကျင့်ထုံးများနှင့်လည်းကောင်း ကိုက်ညီမှုမရှိခြင်း။
(၄) ဘဏ်လုပ်ငန်းကဏ္ဍတွင် စာရင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မလုံလောက်ခြင်း။ယင်းလိုအပ်ချက် များသည် လက်ရှိ IFRS နှင့် ချိန်ဆက်ပါက ဘဏ်များ၏ ဘဏ္ဍာရေးအနေအထားအပေါ် သိသာစွာ အကျိုးသက်ရောက်နိုင်ပါသည်။
(၅) စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်း နယ်ပယ်တွင် ဘဏ်များ၏ အုပ်ချုပ်မှု (Governance) စနစ်ကို တိုးမြှင့်ရန် လိုအပ်နေခြင်း။
(၆) စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုနယ်ပယ်များတွင် ဘာဆယ်(လ်)အခြေခံမူများ (BCPs) နှင့် ကိုက်ညီမှု မရှိခြင်း။
(၇) IFRS စံများအတွက် သင်တန်းစာရွက်စာတမ်းများနှင့် စမ်းသပ်နည်းလမ်းများ မြန်မာဘာသာဖြင့် မရှိသေးခြင်း။
(၈) IFRS စံများ၏ နောက်ဆုံးအခြေအနေကို အခါအားလျော်စွာပုံမှန် ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်မရှိခြင်း။

2. Gap Analysis

92 The current accounting practices in the banking sector of Myanmar are mainly based on the CBM prudential requirements and taxation rules (such as valuations). The MAC and CBM want to implement international financial reporting practices in the banking sector by adopting IFRS issued by the International Accounting Standards Board (IASB) and requiring banks to prepare their financial statements in a compliant manner.

93 The Gap analysis lists some of the key difficulties and challenges in the area of banking sector financial reporting in Myanmar that needs to be addressed before banks can fully apply financial reporting standards. National accounting practices need significant upgrading to meet the current level of international practice and this will require a long-term implementation timeline. Some of the areas identified are:

1. Insufficient IFRS and ISA expertise
2. Lack of enforcement
3. Public disclosures in annual financial statements are not in line with IFRS and international good practices
4. Insufficient accounting requirements in the banking sector, which may significantly impact banks' financial position if aligned with current IFRS
5. Need to enhance banks' governance in the area of accounting and auditing
6. Lack of compliance with Basel Core Principles (BCP) in the area of accounting, auditing and transparency
7. Lack of IFRS training and testing materials in Myanmar language
8. No formal periodic process for review of updates to Financial Reporting Standards

၂-၁ IFRS နှင့် ISA စံနှုန်းများအား ကျွမ်းကျင်မှု

၉၄ မြန်မာနိုင်ငံတွင် IFRS နှင့် ISA စံများအား ကျွမ်းကျင်မှု အလွန်နည်းပြီး၊ ယင်းအတွက် အကြောင်းပြချက် များစွာ ရှိပါသည်။ ပြည်တွင်းစာရင်းလုပ်ငန်းအရည်အသွေးများမှာ နိုင်ငံတကာအဆင့်အောက်နိမ့်နေပြီး၊ မြန်မာနိုင်ငံရှိ အရည်အချင်းမီ စာရင်း ပညာရှင်အရေအတွက်မှာ အလွန်နည်းပါးပါသည်။ အရည်အချင်း ပြည့်မီသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPAs) အသစ်များမှာ တစ်နှစ်လျှင် (၅၀) ဦးခန့်သာရှိပါသည်။ မြန်မာနိုင်ငံစာရင်းကောင်စီသည် CPAs အရေအတွက် တိုးလာစေရန်အတွက် ယခင်က CPA ကျောင်းသားသစ်များကို တစ်နှစ်လျှင် ပျမ်းမျှ (၁၄၀) ဦးသာလက်ခံခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ကျောင်းသားသစ် (၇၄၂) ဦးကို လက်ခံခဲ့ပါသည်။[86] ထို့အပြင် ဘဏ်လုပ်ငန်းကဏ္ဍ (သို့မဟုတ် အခြားလုပ်ငန်းကဏ္ဍများတွင်) ရှိ စာရင်းကိုင် များ၏ လစာငွေမှာလည်း အရည်အချင်း ပြည့်မီသည့် စာရင်းကိုင်များ၏ ကျွမ်းကျင်မှုတွင် အလုပ်လုပ်လိုစိတ်ကို အားပေးနိုင်ခြင်းမရှိပါ။ မြန်မာနိုင်ငံရှိ ဘဏ်အများစုတို့သည် နိုင်ငံတကာမှအသိအမှတ်ပြုထားသည့် အရည်အချင်းပြည့်မီသောစာရင်းပညာရှင်များကိုအလုပ်ခန့်အပ်ခြင်းမရှိကြပါ။ ဘဏ်လုပ်ငန်းကဏ္ဍတွင်စာရင်းကိုင်များအဖြစ် အလုပ်လုပ်နေကြသော ပညာရှင်များမှာ စီးပွါးရေးဘွဲ့ရ သို့မဟုတ် လုပ်ငန်းစီမံခန့်ခွဲရေး ဘွဲ့ရများသာဖြစ်ပါသည်။ RAs များနှင့် CPAs များသည်လည်း မြန်မာနိုင်ငံ၏ လက်မှတ်ရပြည်သူ့စာရင်းကိုင် (နိုင်ငံတကာက အသိအမှတ်မပြုသော) လက်မှတ်များကို ရရှိနိုင်ကြပါသည်။ IFRS နှင့် ISA စံများကို အကောင်အထည်ဖော်မည်ဆိုပါက၊ ထိုစာရင်းလုပ်ငန်း လုပ်ကိုင်သူအားလုံး သည် ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် အသိပညာ များကို အဆင့်မြှင့်တင်ရန် လိုအပ်ပါမည်။

၉၅ ဘဏ်များအတွက် IFRS နှင့် ISA များနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုများကို စာရင်းစစ်လုပ်ငန်းများ သို့မဟုတ် ဘဏ်များတွင် အလုပ်လုပ် နေသော ပညာရှင်အနည်းငယ်တွင်သာ တွေ့နိုင်ပါသည်။ IFRS သို့မဟုတ် ISA စံနှင့်ပတ်သက်သည့် ကျွမ်းကျင်မှု အနည်းငယ်ရှိသော ပညာရှင်အများစုမှာလည်း ဘဏ်လုပ်ငန်းနှင့်ပတ်သက်သည့် အတွေ့အကြုံ မရှိကြပါ။ လက်ရှိတွင် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်သည် ပညာရပ်ပိုင်းဆိုင်ရာ အရည်အချင်းပြည့်မီသည့် စာရင်းပညာရှင်တစ်ဦးကိုပင် အလုပ်ခန့်ထားခြင်းမရှိပါ။ ဗဟိုဘဏ်၏ လစာငွေသည်လည်း အရည်အချင်းပြည့်မီသည့် စာရင်းပညာရှင်များအတွက် ဆွဲဆောင်မှုမရှိပါ။

၉၆ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည်သာ MFRS နှင့် MSA နှင့်ပတ်သက်သည့် အချိန်မီနှင့်မှန်ကန်သော နောက်ဆုံးရအချက်အလက်များကို ပေးနေသော်လည်း အနည်းငယ်မျှသောအတိုင်းအတာအထိသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် IFRS နှင့် ISA စံများကို ပြန်လည်သုံးသပ်၍ တရားဝင်ကျင့်သုံးရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်လည်း မရှိသေးပါ။ ဥပဒေအရ ၂၀၁၉ နှင့် ၂၀၁၀ ခုနှစ်အသီးသီးတွင် ထုတ်ပြန်သည့် IFRS နှင့် ISA ကို မြန်မာနိုင်ငံတွင် ကျင့်သုံးနေဆဲဖြစ်ပါသည်။ ထို့ကြောင့် အရည်အချင်းပြည့်မီသည့် စာရင်းကိုင်များနှင့် စာရင်းစစ်များသည် IFRS နှင့် ISA စံများနှင့်ပတ်သက်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ဘက်စုံခေတ်မီအောင်မွမ်းမံခြင်း မပြုလုပ်နိုင်ကြပါ။ နိုင်ငံတကာ စာရင်းကိုင်စံများဘုတ်အဖွဲ့ (IASB) သည် IFRS စံများကို ပုံမှန်ခေတ်မီအောင် မွမ်းမံလေ့ရှိသဖြင့် ပညာရှင်များအနေဖြင့် IFRS ၏ နောက်ဆုံးတိုးတက်မှုအခြေအနေများကို သိထားရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတွင် ပုံမှန်ခေတ်မီအောင် မွမ်းမံမှုများနှင့် သင့်တော် သော သင်တန်းများ မရှိခြင်းကြောင့်လည်း IFRS နှင့် ISA စံများအား အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများ တွေ့စေပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်ဥာန်ထမ်းများတွင် သင့်တော်သော ကျွမ်းကျင်မှု မရှိပါက IFRS ကို လိုက်နာစေရာတွင် စိန်ခေါ်မှုများ ကြုံရပါမည်။ ထို့အပြင် ISA စံများအကြောင်း မသိရှိခြင်းနှင့် နားမလည် ခြင်းတို့ကြောင့် ပြင်ပစာရင်းစစ်များ၏ အခန်းကဏ္ဍမှာ ထိရောက်မှုနည်းပါး သွားပြီး လိုက်နာကျင့်သုံးမှု မရှိဖြစ်လာပါသည်။

၉၇ ဘဏ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများကို IFRS စံများဖြင့် ပြုစုရာတွင် အများအားဖြင့် ပြင်ပစာရင်းစစ်များက ပြုစုပေးရခြင်း၏ အကြောင်းရင်းများအနက်တစ်ခုမှာ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံတကာ ရည်ညွှန်းမှတ်များနှင့် ကိုက်ညီမှုမရှိဘဲ၊ စာရင်းစစ်များ၏ လွတ်လပ်စွာဆောင်ရွက်နိုင်မှုကို ခြိမ်းခြောက်နေပါသည်။ ISA 200 တွင် လွတ်လပ်သော စာရင်းစစ်တစ်ဦးနှင့် စာရင်းစစ်ဆေးခြင်းလုပ်ငန်းကို နိုင်ငံတကာစံများနှင့်အညီဆောင်ရွက်ရန် ခြုံငုံရည်ရွယ်ချက်မှာ စာရင်းစစ်များသည် ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုပေးရသည့်လုပ်ငန်းစဉ်မှ လွတ်ကင်းရန် လိုအပ်ခြင်းကြောင့်ဖြစ်ပါသည်။

[86] မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီ၏ နှစ်စဉ် မှတ်ပုံတင်စာရင်းမှတ်တမ်း။

2.1 IFRS and ISA Expertise

94 Due to several factors, IFRS and ISA expertise in Myanmar is very limited. Local accounting qualifications are below international levels and the number of qualified accountants in Myanmar is very limited. One average, there are only about 50 newly qualified CPAs per year. To increase the number of CPAs, the MAC has accepted 742 new CPA students in 2014 compared to an average of about 140 in previous years.[86] Furthermore, the remuneration of accountants in the banking sector (or in other sectors) does not encourage qualified accountants to work in that sector. Most banks in Myanmar do not employ a professionally qualified accountant with internationally recognized qualification. Professionals who work as accountants in the banking sector have either economics or business degrees. RAs and CPAs will also have the Myanmar CPA qualification (which is not internationally recognized). All of them will need to upgrade their skills and knowledge significantly if they are to implement IFRS and ISA.

95 IFRS and relevant ISA expertise for banks can only be found among a few professionals working for either audit firms or banks. Most of the professionals who have some IFRS or ISA expertise have limited or no banking experience. Currently, the CBM does not employ a professionally qualified accountant. The remuneration structure of the CBM may not be attractive for qualified accountants.

96 Moreover, only MICPA provides timely and accurate MFRS and MSA updates but to a limited extent and there is no formal process of officially adopting revised IFRS and ISA in Myanmar. Legally, the IFRS and ISA from 2009 and 2010 respectively are still in force in Myanmar. Hence, qualified accountants and auditors cannot update their IFRS and ISA knowledge and skills in a comprehensive way. The IASB updates IFRS on a regular basis and it is critical for the profession to be up to date in IFRS developments. The lack of regular updates and proper training in Myanmar will make IFRS and ISA implementation more difficult and challenging. The CBM will find IFRS challenging to enforce if its staff lack proper expertise. In addition, the role of external auditors will be less effective because of lack of understanding and awareness of ISA which may result in lack of compliance.

97 The lack of expertise is one of the reasons why IFRS financial statements of banks in Myanmar are often prepared by external auditors. This is not in line with international benchmarks and threatens auditors' independence. ISA 200 "Overall objectives of the independent auditor and the conduct of an audit in accordance with international standards on auditing" requires auditors to be independent from the process of preparing of financial statements.

[86] MAC Annual Registration Register.

၉၈ စာရင်းစစ်လုပ်ငန်းအရည်အသွေးနှင့် ကိုယ်ကျင့်သိက္ခာများကိုမြန်မာနိုင်ငံတွင် လိုက်နာမှုမရှိခြင်းနှင့်ပတ်သက်သည့် အခြားသော ပြဿနာများလည်း ရှိပါသေးသည်။ ယင်းတို့သည် ဘဏ္ဍာရေးရှင်းတမ်းများ၏ အရည်အသွေးနှင့် ဘဏ္ဍာရေးရှင်းတမ်းများမည်သို့ ပြုစုသည်ကို ထိခိုက်နိုင်ပါသည်။

၉၉ မြန်မာနိုင်ငံတွင် IFRS စံများနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုနည်းပါးရသည့် အခြားသော အကြောင်းရင်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်

- သင်တန်းဌာနများ လုံလောက်စွာ မစီစဉ်ပေးနိုင်ခြင်း။
- အရည်အချင်းပြည့်မီသော သင်တန်းဆရာများ မရှိခြင်း။
- ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများတွင် ကျောင်းသားသစ်အရေအတွက် တိုးလာစေရန် ရင်းမြစ်များ မရှိခြင်း။
- အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များအတွက် လစာငွေတည်ဆောက်မှုပုံစံများ။
- သင်တန်းအတွက် ကုန်ကျစရိတ်များ။

၂-၂ နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများကို လိုက်နာစေရန် ဆောင်ရွက်နိုင်မှုမရှိခြင်း

၁၀၀ မြန်မာနိုင်ငံ၌ ယခုအချိန်အထိ IFRS နှင့် ISA စံများအား လိုက်နာကျင့်သုံးရန်အတွက် ပြန်လည်သုံးသပ်ခြင်းနှင့် လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်မရှိသေးပါ။ မြန်မာနိုင်ငံ စာရင်းကောင်စီ သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကဲ့သို့သော အဓိက အဖွဲ့အစည်းများကလည်း ဘဏ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများသည် စံများနှင့် ကိုက်ညီမှုရှိမရှိကို ပြန်လည်သုံးသပ်နိုင်ခြင်းမရှိပါ။ သို့ရာတွင် မြန်မာနိုင်ငံ စာရင်းကောင်စီသည် ဤပြဿနာကို ကိုင်တွယ်ရန်အတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် စံများ၊ စည်းမျဉ်းစည်းကမ်းများလိုက်နာကျင့်သုံးမှုသုံးသပ်ရေး ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ သို့ဖြစ်၍ ဘဏ်လုပ်ငန်းကဏ္ဍ၌ နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများအား လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်နိုင်မှုလုံးဝမရှိသေးပါ။ အခြားသောကဏ္ဍများတွင်လည်း ထိုကဲ့သို့ ပြန်လည်သုံးသပ်ခြင်းနှင့် လိုက်နာကျင့်သုံးစေရန် ဆောင်ရွက်မှု မရှိပါ။

၂-၃ အများပြည်သူသို့ သတင်းထုတ်ဖော်တင်ပြခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

၁၀၁ ဘဏ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများအား ပြန်လည်သုံးသပ်ရာတွင်ကန့်ကတ်မှုရှိနေသော်လည်း၊ ဘဏ်အချို့နှင့် ဆွေးနွေးချက်များ အရ IFRS ၏ အဓိကလိုအပ်ချက်များနှင့် ကိုက်ညီမှုမှာ သိသာစွာတိုးတက်လာပါသည်။ ဥပမာ အဓိကအားနည်းချက်များမှာ ဘဏ္ဍာရေးရှင်းတမ်းများတွင်သင့်တော်သည့်ဖော်ပြချက်များမရှိခြင်းနှင့် အတိအကျ မဖော်ပြနိုင် သော အမျိုးအစားများ (အခြား ပိုင်ဆိုင်မှုများ၊ အခြားပေးရန်တာဝန်များ၊ အခြား ဝင်ငွေများ၊ အခြားအသုံးစရိတ်များ စသည်ဖြင့်) ကို အလွန်အကျွံအသုံးပြုခြင်းတို့ဖြစ်ပါသည်။

၁၀၂ ဘဏ်များက ထုတ်ဖော်တင်ပြချက်များ (disclosures) ပြုလုပ်သည့်ကိစ္စတို့တွင်လည်း ထိုဘဏ်များ၏ ဆုံးရှုံးနိုင်မှုအန္တရာယ် စီမံခန့်ခွဲရေး (risk management) သည် အနည်းဆုံးဖော်ပြချက်မျှသာ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကြွေးဆုံးနိုင်ခြေ အန္တရာယ် (credit risk) သည် အဓိက ဆုံးရှုံးနိုင်မှုအန္တရာယ် ဖြစ်နေပြီး၊ ဈေးကွက်ဆုံးရှုံးနိုင်မှုအန္တရာယ် (Market risk) နှင့် ငွေကြေးလွယ်ကူမှုဆုံးရှုံးနိုင်မှုအန္တရာယ် (liquidity risk) တို့ကများစွာမသိသာသည့်အချိန်တွင်ပင်၊ ဘဏ္ဍာရေးရှင်းတမ်းများ၌ ကြွေးဆုံးနိုင်မှုအန္တရာယ် (credit risk) ကို အနည်းဆုံးသာ ဖော်ပြလေ့ရှိပါသည်။ ယင်းသို့ ပြုလုပ်ရခြင်း၏ အဓိက အကြောင်းရင်း (၂)ချက်ရှိပါသည်။ ပထမအချက်မှာ ဘဏ်များသည် လက်ရှိအချိန်တွင် ဆုံးရှုံးနိုင်မှုအန္တရာယ် (risk exposure) ကို အသေးစိတ်ထုတ်ဖော်တင်ပြရမည်ဟု မသတ်မှတ် ထားပါ။ ဒုတိယအချက်မှာ ဘဏ်များသည် IFRS စံများအရ လိုအပ်သောဆုံးရှုံးနိုင်သည့်အန္တရာယ် (risks) များကို အသေးစိတ်ထုတ်ဖော်ပြရမည်ကို မသိရှိခြင်းပင်ဖြစ်ပါ သည်။

---

[87] မြန်မာနိုင်ငံ စာရင်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

There are other issues regarding audit quality and lack of enforcement of ethics code that are prevalent in Myanmar and they affect the quality of financial statements and how they are prepared. 98

Other reasons why the IFRS expertise is low in Myanmar are: 99

- Insufficient supply of training centers;
- Lack of qualified trainers;
- Lack of resources of professional associations to increase significantly the number of new students;
- Remuneration structure for qualified accountants; and
- Training costs.

2.2 Lack of Enforcement

Until very recently there was no due process for review and enforcement of IFRS and ISA applications in Myanmar. None of the key institutions such as the MAC or CBM reviewed financial statements of banks to verify and check compliance, but in Feb 2015 a compliance review committee was set up by the MAC to tackle this issue.[87] As such there is a complete lack of enforcement on audit quality and IFRS applications in the banking sector. This lack of review and enforcement is also the case in other sectors. 100

2.3 Public Disclosures and Transparency

A limited review of the financial statements of banks and discussions with a number of banks revealed that compliance with key IFRS requirements could be significantly improved. For example, key weaknesses identified are lack of proper financial statements disclosures, and extensive use of unidentified categories such as Other Assets, Other Liabilities, Other Income and Other Expenditures. 101

In some cases where banks do provide some disclosures, these tend to be minimal disclosures related to their risk management. Even if credit risk is likely to be the main risk exposure for banks in Myanmar, with market risk and liquidity risk relatively less significant, credit risk disclosures in financial statements remain minimal. This is due to two main reasons. First, banks are currently not required to disclose detailed risk exposures. Second, many banks are not aware of detailed risk disclosures that are required under IFRS. 102

[87] MAC Order 2/2015 (09/02/2015)

၁၀၃ ဘဏ်များသည် ၄င်းတို့၏ စာရင်းစစ်ထားပြီးသော ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ဖော်တင်ပြရန် လက်တွေ့ဥပဒေလိုအပ်ချက်မရှိပါ။ ခြွင်းချက်အနေဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄ ခုနှစ်) မှ ဥပဒေတစ်ခုတွင် လီမိတက်ဘဏ်များအားလုံးသည် စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို အများပြည်သူ သိရှိစေရန် ၄င်းတို့ မှတ်ပုံတင်ထားသော ရုံးနေရာတွင် ပြသထားရမည်[88] ဟု ပြဋ္ဌာန်းထားသော်လည်း၊ ဘဏ်အများစုက မလိုက်နာကြပါ။ ဘဏ်တိုင်းသည် စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို အနည်းဆုံးအားဖြင့် လူအများ ဖတ်ရှုသည့် သတင်းစာတစ်စောင်တွင် ထည့်သွင်း ဖော်ပြရမည် သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် အခြား သော နည်းလမ်းများဖြင့် ထုတ်ပြန်ကြေငြာရမည်ဟူသော စည်းမျဉ်းတစ်ခုကို ဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၏ ပထမအကြိမ်မူကြမ်းတွင် ထည့်သွင်းထားပါသည်။[89] သို့ရာတွင် ယနေ့အချိန်အထိ အများပိုင်ဘဏ်များသည်သာ ဘဏ္ဍာရေးရှင်းတမ်းများကို ၄င်းတို့၏ ရှယ်ယာရှင်များထံသို့ ထုတ်ပြန်ကြပါသည်။[90] ဘဏ်များက ၄င်းတို့၏ ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသို့ ထုတ်ပြန်ရန် သင့်မသင့်ကို လည်းကောင်း၊ မည်သည့် နည်းလမ်းဖြင့် ထုတ်ပြန် မည်ကို လည်းကောင်း ဆုံးဖြတ်ရန်မှာ ဒါရိုက်တာဘုတ်အဖွဲ့နှင့် ရှယ်ယာရှင်များတို့ အပေါ်မူတည်ပါသည်။[91] (ပြည်ထောင်စုအစိုးရ ဘတ်ဂျတ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝဖြင့် ရန်ပုံငွေ ထောက်ပံ့ထားသော ဘဏ်များအတွက် ဘဏ္ဍာရေး ဝန်ကြီးဌာနက လည်းကောင်း၊[92] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လည်းကောင်း[93] ဆုံးဖြတ်ပါမည်။)

၁၀၄ IFRS နှင့် ISA စံများကို လက်ခံကျင့်သုံးရုံမျှဖြင့် ပွင့်လင်းမြင်သာမှုကို အပြည့်အဝမရရှိနိုင်ပါ။ IFRS စံများကို လိုက်နာ အကောင်အထည်ဖော်နေသော နိုင်ငံများစွာတို့တွင် တွေ့ရှိချက်အရ ပွင့်လင်းမြင်သာမှုနှင့် သတင်းထုတ်ဖော်တင်ပြမှု အပြည့်အဝ ရှိမှုသည် အမှုအကျင့်ဆိုင်ရာ ပြဿနာတစ်ခု (Cultural issue) ဖြစ်နေပြီး၊ စာရင်းပညာကျွမ်းကျင်မှုများနှင့် IFRS နှင့်ကိုက်ညီသော IT စနစ်များ မရရှိ ခြင်းကြောင့်သာမက၊ ပြုစုသူများ၏ စိတ်ထားပေါ်တွင်လည်း မူတည်နေပါသည်။ ထို့အပြင် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်(corporate governance)၊ စာရင်းစစ်များ၏ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှု၊ စာရင်းစစ်ကော်မတီများနှင့် ဘုတ်အဖွဲ့တို့၏ အခန်းကဏ္ဍ၊ စာရင်းစစ်များအား ကြီးကြပ်ခြင်းနှင့် အရည်အသွေးအာမခံချက်ရှိခြင်းစသည့် နယ်ပယ်များတွင် ထိရောက်သော အစီအစဉ်များလည်း လိုအပ်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများတွင် သတင်းထုတ်ဖော်တင်ပြချက်များ၏ အရည်အ သွေးတိုးတက်စေရေးနှင့် IFRS နှင့် ISA စံများကို အပြည့်အဝလိုက်နာနိုင်ရေးတို့မှာ ရေရှည်လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပြီး၊ စိန်ခေါ်မှု တစ်ခုလည်းဖြစ်ပါသည်။

၂-၄ စာရင်းကိုင်လုပ်ငန်းဆိုင်ရာ ကျင့်ထုံးဓလေ့များ

၁၀၅ ဤအပိုင်းတွင် ဘဏ်လုပ်ငန်းကဏ္ဍ၌ IFRS စံများကို သင့်တော်စွာ အသုံးမပြုနိုင်ပါက ဘဏ်များသို့ ကာလတိုအားဖြင့် ထိခိုက် နိုင်သည့်စာရင်းပိုင်းဆိုင်ရာပြဿနာအချို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်များနှင့် ဘဏ်စာရင်းစစ် များသည် ထိုပြဿနာများနှင့် ယင်းတို့ကြောင့် ဘဏ်များ၏ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများအပေါ် အကျိုး သက်ရောက်နိုင်မှု အလားအလာများကို အပြည့်အဝသိရှိထားရပါမည်။

---

[88] မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၊ ပုဒ်မ ၁၃၆ (၂)၊ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။
[89] မြန်မာနိုင်ငံ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ မူကြမ်း၏ ပုဒ်မ ၇၅ (ဃ) (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)
[90] မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ၊ ပုဒ်မ ၁၃၁ (၂) နှင့် (၃) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။
[91] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၄၇ (၁၉၉၀ ခုနှစ်၊ ဇွန်လ ၇ ရက်)။
[92] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ နည်းဥပဒေ ပုဒ်မ ၂၅ (ခ) (၁၉၉၁ ခုနှစ်၊ ဇူလိုင် ၉ ရက်)။
[93] မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ ပုဒ်မ ၂၇ (ဂ)၊ (၁၉၉၀ ခုနှစ်)။

There is no practical legal requirement for banks to publish their audited financial statements. 103
An exceptional rule from the Myanmar Companies Act (1914) according to which all limited banks have to display their last audited balance sheet in their registered office for public information[88] is not followed by most banks. A regulation according to which every bank has to publish its audited financial statements in at least one widely read newspaper in Myanmar or in such other manner permitted by the CBM has been introduced in the first draft of the new Banks and Financial Institutions Law.[89] To date, however, only public banks have to publish their financial statements to their shareholders.[90] Whether and in which manner public banks publish their financial statements for public information depends on the decision of the board and shareholders[91] (the MoF in case of banks, which are funded (fully or partly) from the Union budget,[92] the MA&I in case of MADB[93]).

Full transparency will not be achieved by adopting IFRS and ISA only. Application of IFRS in 104
many countries have demonstrated that full transparency and disclosure is also a cultural issue and dependent on the mindset of preparers in addition to technical accounting skills and the availability of proper IT systems that are IFRS compliant. In addition, effective mechanisms are required in the areas of corporate governance, independence of auditors, role of audit committees and the board and oversight of auditors and quality assurance. The process of upgrading the quality of disclosures in financial statements and achieving full compliance with IFRS and ISA will be a long and challenging process.

2.4 Accounting Practices

This section lists some of the accounting issues that could affect banks in the short term if IFRS 105
is not properly applied. Hence, the CBM, banks and their auditors should be fully aware of them and their potential impact on banks' financial statements.

[88] Section 136 (2) of The Myanmar Companies Act (4/1/1914).
[89] Section 75 (d) of the Draft of the Banks and Financial Institutions Law (11/21/2014).
[90] Section 131 (2), (3) of The Myanmar Companies Act (4/1/1914).
[91] Section 47 of The Financial Institutions of Myanmar Law (06/07/1990).
[92] Section 25 (b) of The Rules Relating to the FIML (04/09/1991).
[93] Section 27 (c) of the Myanmar Agricultural Development Bank Law (1990).

၂-၄-၁ စာရင်းကိုင်လုပ်ငန်းပြဿနာများ

၁၀၆ မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိလက်ရှိစာရင်းကိုင်လုပ်ငန်းများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏သင့်လျော်သည့်လိုအပ်ချက်များနှင့် လက်ရှိ IFRS စံများအကြားတွင် သိသာထင်ရှားသော အောက်ပါ ခြားနားချက်များ ရှိနေပါသည် -

(က) ငွေတိုက်စာချုပ်များ၊ ရှယ်ယာများပုံစံဖြင့်ရှိနေသော ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးဖြတ်ခြင်း။
(ခ) ဆုံးရှုံးမှုများအား တန်ဖိုးဖြတ်ခြင်း။
(ဂ) ထုတ်ချေးငွေအပေါ် ကောက်ခံသည့်အခ (loan fees) ကို သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုခြင်း။
(ဃ) ဆိုင်းငံ့အခွန် (Deferred tax)
(င) တစ်စုတစ်စည်းတည်းစာရင်းပေါင်းချုပ်ခြင်း (Consolidation)

(က) ငွေတိုက်စာချုပ်များ၊ ရှယ်ယာများပုံစံဖြင့်ရှိနေသော ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးဖြတ်ခြင်း။

၁၀၇ IFRS စံအရ ရင်းနှီးမြှုပ်နှံမှုများအား တန်ဖိုးဖြတ်ခြင်းမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းများ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်လုပ်ကျင့်ထုံးများနှင့် နှိုင်းယှဉ်ပါက ပိုမိုအသေးစိတ်ပြီး၊ ဘဏ်တစ်ဘဏ်၏ အုပ်ချုပ်ရေးပိုင်း၏ ရည်ရွယ်ချက်ကို အခြေခံ၍ စီမံအုပ်ချုပ်မှုနှင့် ပိုမိုကိုက်ညီပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံသူများနှင့် ကြီးကြပ်သူများအတွက် IFRS စံများအရ ရင်းနှီးမြှုပ်နှံမှုများအား အမျိုးအစားခွဲခြင်းနှင့် တန်ဖိုးဖြတ်ခြင်းမှာ လက်ရှိ ကျင့်ထုံးများထက် ပိုမိုအသုံးဝင်ပါသည်။

၁၀၈ IFRSစံ၏IAS39`ငွေချေးစာချုပ်များ၊အသိအမှတ်ပြုခြင်းနှင့်တိုင်းတာခြင်း၊တန်ဖိုးသင့်ခြင်း´အပိုင်းတွင်ငွေချေးစာချုပ်များအား တန်ဖိုးဖြတ်ရာ၌ ဘဏ်တစ်ဘဏ်၏ ငွေတိုက်စာချုပ်၊ ရှယ်ယာများအသွင်ဖြင့် ရင်းနှီးမြှုပ်နှံမှုများကို အမျိုးအစား (၄) မျိုးခွဲခြားရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုအမျိုးအစားတစ်ခုချင်းအလိုက် စာရင်းဖော်ပြမှုများမှာလည်း ကွဲပြားသွား ပါမည်။ ရင်းနှီးမြှုပ်နှံမှုများကို မျှတသော တန်ဖိုး (fair value) သို့မဟုတ် ကုန်ကျစရိတ် (cost) ဖြင့် တန်ဖိုးဖြတ်နိုင်ပါသည်။ မျှတသောတန်ဖိုး (fair value) ဖြင့်တန်ဖိုးဖြတ်ပါက၊ မြတ်ခြင်း/ရှုံးခြင်းသည် အရှုံး/အမြတ်စာရင်း (Profit & Loss Statement) သို့မဟုတ် သီးသန့်ထားငွေ (Reserves) များအပေါ် အကျိုးသက်ရောက် မှုရှိလာပါသည်။ စီမံခန့်ခွဲသည့် ရည်ရွယ်ချက်ပေါ် မူတည်၍ အသုံးပြုရမည့် ရင်းနှီးမြှုပ်နှံမှု အမျိုး အစားနှင့် စာရင်းဖော်ပြမှုတို့ကို ဆုံးဖြတ်ရပါသည်။

၁၀၉ မြန်မာနိုင်ငံရှိ လက်ရှိစာရင်းကိုင်ကျင့်ထုံးများမှာ ဤနယ်ပယ်တွင် အသေးစိတ်လမ်းညွှန်ထားခြင်းမရှိပါ။ ဘဏ်များအနေဖြင့် ၎င်းတို့ကိုင်ထားသော အစိုးရငွေတိုက်စာချုပ်များအား အရစ်ကျကုန်ကျစရိတ်နည်းလမ်း (amortized cost) အစား fair value ဖြင့် တန်ဖိုးဖြတ်ခြင်းကို စတင်ဆောင်ရွက်ရန်ဖြစ်နိုင်ပါသည်။ ဤနည်းလမ်းသည် ဘဏ်များ၏ အရှုံး/အမြတ်စာရင်း (Profit & Loss Statement) သို့မဟုတ် သီးသန့်ထားငွေ (Reserves) တို့၏ ပြောင်းလဲမှုကို တိုးစေပါသည်။ ထို့အပြင် ဤနည်းလမ်းသည် ဘဏ်များ၏ ကြားခံ မတည်ငွေများအပေါ် တွင်လည်း အကျိုးသက်ရောက်မှုရှိသည့်အတွက် ဘဏ်များအား ကြီးကြပ်သည့် လုပ်ငန်းအား ပိုမိုစိန်ခေါ်မှု များဖြစ်စေပါသည်။ ငွေချေးစာချုပ်များအား တန်ဖိုးဖြတ်ခြင်း၊ ဘဏ္ဍာရေးအခြေအနေ ပြောင်းလဲခြင်းတို့၏ အကျိုးသက်ရောက်မှုများအား ဆန်းစစ်ဖော်ထုတ်၍ အကျိုးဆက်များအား စီမံခန့်ခွဲနိုင်ရန်အတွက် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များ၏ဘဏ္ဍာရေးရှင်းတမ်းများအား ပိုမိုတိကျစွာ စောင့်ကြည့်စစ်ဆေးရန် လိုအပ်နေ ပါသည်။

(ခ) တန်ဖိုးလျော့ကျမှု (Impairment) ကိုတန်ဖိုးသင့်ခြင်း။

၁၁၀ တန်ဖိုးလျော့ကျမှု ကိုတန်ဖိုးသင့်ခြင်း နှင့်ပတ်သက်သည့် IFRS စည်းမျဉ်းများမှာ လက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လျာထားချက်နှင့်ပတ်သက်သည့်စည်းမျဉ်းများနှင့် နှိုင်းယှဉ်ပါက ပိုမိုတိကျ၍လက်တွေ့ကျသော ဘဏ္ဍာရေးအခြေအနေတစ်ခုကိုဖော်ပြပေးနိုင်ပါသည်။ သို့ဖြစ်၍ ရင်းနှီးမြှုပ်နှံသူများနှင့် ကြီးကြပ်သူများအတွက် IFRS စည်းမျဉ်းများက ပိုမိုအသုံးဝင်ပါလိမ့်မည်။

2.4.1 Accounting Issues

There are significant differences between prevailing accounting and prudential requirements in Myanmar's banking sector and current IFRS. Examples of the notable differences include: 106

a. Valuation of investments held in bonds and equities;
b. Valuation of impairment;
c. Recognition and valuation of loan fees;
d. Deferred tax;
e. Consolidation.

a. Valuation of investments held in bonds and equities

Valuation of investments under IFRS is more detailed, more in line with how a bank is managed and based on management intention compared to CBM rules or banking practices on investments. Therefore IFRS classifications and valuations of investments are more useful to investors and supervisors than the current practices. 107

The IFRS standard, IAS 39 "Financial Instruments: Recognition and Measurement", on valuation of financial instruments requires a bank to classify financial investments held in bonds and equities into 4 categories. The accounting treatment for each category will vary. The investments can either be valued at fair value or at cost. When valued at fair value, the gains or losses may either impact profit or loss statement or the reserves. Management intentions will determine the category to use and hence the accounting treatment. 108

The current accounting practices in Myanmar are less detailed in this area. It may be possible that many banks would have to start valuing their government bond holdings at fair value instead of amortized cost. This approach may either increase volatility in the banks' profit and loss statement or in reserves. It may also impact the capital buffers of banks hence making the supervision of banks more challenging. CBM will need to monitor the financial statements of banks on a more rigorous basis to identify and assess the impact of financial instruments valuation, financial position volatility and manage the consequences. 109

b. Valuation of impairment

The IFRS rule on impairment provides a more accurate and realistic picture of the financial position of banks compared to current CBM rules on provisioning. Thus, it is more useful to investors and supervisors. 110

၁၁၀ တန်ဖိုးလျော့ကျမှု ကိုတန်ဖိုးသင့်ခြင်း နှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် IFRS စည်းမျဉ်းများအကြား အဓိက ကွာဟချက်မှာ လက်ရှိဗဟိုဘဏ်၏ စည်းမျဉ်းများကို ဥပဒေနှင့်ကိုက်ညီစေရန်အတွက် အသုံးပြုနေခြင်းကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အများလက်ခံထားသော စာရင်းကိုင်အခြေခံမူများ (GAAP) မရှိသေးဘဲ၊ IFRS ကိုလည်း ဘဏ်လုပ်ငန်းကဏ္ဍတွင်အသုံးမပြုသည့်အတွက်ဗဟိုဘဏ်၏စည်းမျဉ်းများကိုစာရင်းကိုင်ခြင်းအတွက်သာပုံသေအသုံးပြုနေကြပါသည်။ IFRS တွင်မူအထက်တွင်ဖော်ပြခဲ့သော IAS 39 `ငွေချေးစာချုပ်များအား အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးသင့်ခြင်း´ အရ ဘဏ်များသည် ၎င်းတို့၏ ငွေချေးစာချုပ်များကို အမျိုးအစားခွဲခြားရာတွင် တိကျသော စည်းကမ်းချက်များကို လိုက်နာရပါသည်။ IAS 39 `ငွေချေးစာချုပ်များအား အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးသင့်ခြင်း´တွင် ဆုံးရှုံးမှုကို အမှန်ဆုံးရှုံးမှုပုံစံ (incurred loss model) ပုံစံဖြင့် အခြေခံတွက်ချက်ပါသည်။

၁၁၂ IFRS ၏ တန်ဖိုးလျော့ကျမှု ကိုတန်ဖိုးသင့်ခြင်း ဆိုင်ရာ စည်းမျဉ်းများသည် ဘဏ်များ၏ ချေးငွေများဖွဲ့စည်းပုံ (structure of loan portfolio) ၊ ချေးငွေ ပမာဏနှင့် ဆုံးရှုံးနိုင်သောအန္တရာယ် အမျိုးအစားတို့ပေါ် မူတည်နေသည့်အတွက် ဘဏ်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများ ရှိပါလိမ့်မည်။ သို့ရာတွင် IFRS စည်းမျဉ်းများကို သုံး၍ တန်ဖိုးလျော့ကျမှုများကို တန်ဖိုးဖြတ်ပါက အချို့သော ကိစ္စရပ်များတွင် လက်ရှိ ဗဟိုဘဏ်၏ စည်းမျဉ်းများထက် ပိုမိုသိသာနိုင်ပါသည်။

၁၁၃ လက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တန်ဖိုးလျော့ကျမှုဆိုင်ရာ စည်းမျဉ်းများကို အောက်ပါဇယားတွင် ဖော်ပြထားရာ၊ လျာထားငွေ (Provisioning) အတွက် စံများသည် အတန်းအစား (၄)ခုကို အခြေခံထားပါသည်။ ဗဟိုဘဏ်၏ စည်းကမ်းချက်များသည် IAS 39 `ငွေချေးစာချုပ်များအား အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးသင့်ခြင်း´စည်းမျဉ်းများနှင့် များစွာကွာခြားပါသည်။ IAS 39 ၏ ဆုံးရှုံးမှုဆိုင်ရာ ဥပဒေများ၏အကျိုးသက်ရောက်မှုမှာ လက်ရှိ prudential norm များကို အခြေခံထားခြင်းထက် ဘဏ်များ၏ အမှန်တကယ်ဆုံးရှုံးနိုင်မှုပုံစံများကို အခြေခံရပါမည်။ သို့ဖြစ်၍ IFRS ဘဏ္ဍာရေးရှင်းတမ်းများသည် ရင်းနှီးမြှုပ်နှံသူများနှင့် အဆင့် သတ်မှတ်သည့် အဖွဲ့အစည်းများ (rating agencies) အတွက် ပိုမိုကောင်းမွန်သော စီးပွါးရေးဆုံးဖြတ်ချက်များ ချမှတ်ရန် ကူညီပေးပါသည်။ ဘဏ်ကြီးကြပ်သူအတွက်လည်း ဘဏ်လုပ်ငန်းကဏ္ဍကို ကြီးကြပ်ရန်နှင့် ကြီးကြပ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ပိုမိုခိုင်မာသော အချက်အလက်များကို ရရှိနိုင်ပါသည်။

၁၁၄ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လျာထားငွေ (provisioning) ဆိုင်ရာ လက်ရှိ စည်းမျဉ်းများကို ဆက်လက်ကျင့်သုံးသည်ဖြစ်စေ၊ ပိုမိုအသေးစိတ်သော စည်းမျဉ်းအသစ်များကို ထုတ်ပြန်သည်ဖြစ်စေ၊ IFRS စည်းမျဉ်းများနှင့်နှိုင်းယှဉ်ပါက ကွာခြားချက်များရှိနေဦးမည်ဖြစ်ပါသည်။ စည်းကမ်းချက်အသစ်များမှာ အပြီးမသတ်ရသေးဘဲ၊ တရားဝင် ထုတ်ပြန်ခြင်း မရှိသေးပါ။

ဇယား (၁) မြန်မာနိုင်ငံ ဗဟိုဘဏ်၏ လျာထားငွေ (Provisoning) ဆိုင်ရာ စည်းမျဉ်းများ
လျာထားငွေဆိုင်ရာ လက်ရှိ စည်းမျဉ်းများ (Provisioning rules)

အမျိုးအစား		လျာထားငွေ (provisioning)အတွက် စံသတ်မှတ်ချက်ကာလ	ဗဟိုဘဏ်စည်းကမ်းချက် အရ လျာထားငွေ (Provisioning) ပမာဏ	ပုံမှန်သီးသန့် လျာထားငွေ (provision)
	ဆိုးရွား	(၂)နှစ်အထက်	၁၀၀%	+ ၂%
	သံသယဖြစ်ဖွယ်ရှိ	(၁)နှစ်မှ (၂)နှစ်အကြား	၅၀%	
	အဆင့်မမီ	(၆)လမှ (၁)နှစ်အကြား	၀%	
	ကောင်းမွန်	(၆)လအောက်	၀%	

111 The accounting difference regarding the valuation of impairment between CBM rules and IFRS is mainly due to the fact that the current CBM rules are used for regulatory compliance. Since there is no Myanmar Generally Accepted Accounting Principles (GAAP) and IFRS is not applied for the banking sector, they (CBM rules) are also by default used for accounting purposes. Under IFRS, impairment follows very strict rules depending on which of the above 4 IAS 39 "Financial Instruments: Recognition and Measurement" categories the banks have used to classify their financial instruments. IAS 39 "Financial Instruments: Recognition and Measurement" impairment is based on the incurred loss model.

112 The impact of the IFRS impairment rules will be different on a bank by bank basis since it depends on the structure of their loan portfolio and the amount and type of exposures they are holding. However, it is possible that the valuation of impairment for loans based on IFRS requirements could in some cases be more significant than when calculated under current CBM rules on provisioning.

113 The CBM current rules on impairment are described in the following table and the criteria for provisioning are based on 4 categories. The CBM rules differ significantly from IAS 39 "Financial Instruments: Recognition and Measurement" rules. The impact of the IAS 39 "Financial Instruments: Recognition and Measurement" impairment rules is that it would make the provisions in banks' financial statements based on the actual loss patterns, rather than a model based on current prudential norm. Hence, IFRS financial statements would facilitate better economic decisions by investors and rating agencies. The regulator would also have more relevant data to supervise the banking sector and take appropriate supervisory actions in time.

114 Whether the CBM keeps the current rules on provisioning or adopts the new, more detailed rules on provisioning, there will still be differences compared to IFRS. The new rules have not been finalized or formally adopted yet.

Table 1: CBM rules on provisioning
Current Provisioning rules:

Category		Criteria for provisioning	Provisioning under CBM prudential rules	General Provision
	Bad	More than 2 years	100%	+ 2%
	Doubtful	1 - 2 years	50%	
	Sub-standard	6 months - 1 year	0%	
	Good	Less than 6 months	0%	

(ဂ) ထုတ်ချေးငွေအပေါ် ကောက်ခံငွေ (loan fees)

၁၁၅ ချေးငွေအသစ်များမှ ရရှိသော ကောက်ခံငွေများနှင့် ကော်မရှင်ခများအတွက် စာရင်းတင်သွင်းမှုများမှာလည်း IFRS နှင့် လက်ရှိ ဘဏ်ကျင့်ထုံးများနှင့် ကွဲပြားခြားနားပါသည်။ IFRS အရ စာရင်းတင်သွင်းမှုများမှာ လက်ရှိကျင့်ထုံးများထက် ပိုမို လျော်ကန်သင့်မြတ်ပါသည်။ လက်ရှိ ကျင့်ထုံးများအရ ရရှိသော loan fees နှင့် ကော်မရှင်ခများကို ၎င်ငွေအဖြစ် သတ်မှတ်ထားပါသည်။ သို့ရာတွင် IFRS တွင်မူ ယင်းငွေများကို မတည်စာရင်းသွင်း၍ သက်ဆိုင်ရာ ချေးငွေများ၏ သက်တမ်းအလိုက် တန်ဖိုးလျော့အဖြစ် အရစ်ကျ ပြောင်းလဲပါသည်။ စာရင်းသွင်းမှုကွဲပြားခြင်းအကျိုးသက်ရောက်မှု ကြောင့်ထိငွေများကို ၎င်ငွေအဖြစ် သတ်မှတ်ခြင်းမရှိဘဲ အရစ်ကျရငွေကို တန်ဖိုးလျော့သဖြင့် ချေးငွေလုပ်ငန်းဆောင်ရွက် နေသည့်အချို့သောဘဏ်များအနေဖြင့် ရေတိုကာလတွင်အကျိုးအမြတ်ရရှိမှုကို ထိခိုက်နိုင်ပါသည်။ သို့ရာတွင် ဤသည်မှာ အချိန်နှင့်ပတ်သက်သည့် ပြဿနာသာ ဖြစ်ပြီး၊ ခြုံငုံကြည့်ပါက အကျိုးအမြတ်များကို ရေရှည်တွင်ထိခိုက်ခြင်းမရှိပါ။ စည်းမျဉ်းပြဌာန်းသူများ အတွက် loan fee များနှင့်ပတ်သက်သည့် IFRS စည်းမျဉ်းများကို အသုံးပြုခြင်း၏အကျိုးမှာ ၎င်ငွေအဖြစ် စာရင်းသွင်းခြင်းထက် ပိုမိုလျော်ကန်သင့်မြတ်ပါသည်။

(ဃ) ဆိုင်းငံ့အခွန် (deferred tax)

၁၁၆ IFRS နှင့် အခွန်ဆိုင်ရာ စည်းကမ်းချက်များအကြားတွင် ခြားနားချက်များ ရှိနေပြီး၊ နောင်တွင်လည်း ဆက်လက်ရှိ နေဦးမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် IFRS စံအရ အချို့သော ပိုင်ဆိုင်မှုများအား (depreciation) တန်ဖိုးလျော့ရာတွင် ပိုင်ဆိုင်မှု အမျိုးအစားနှင့် စီမံခန့်ခွဲရေးဆုံးဖြတ်ချက်များကို မူတည်ထားပါသည်။ သို့ရာတွင် အခွန်ခွင့်ပြုငွေများနှင့် ပတ်သက်သည့် စည်းမျဉ်းများမှာ အလွန်တိကျပြီး၊ အခွန်ဦးစီးဌာနကသတ်မှတ်သော စည်းမျဉ်းများကို လိုက်နာရပါသည်။

၁၁၇ မြန်မာနိုင်ငံတွင် လက်တွေ့ရည်ရွယ်ချက်များအတွက် ရှင်းလင်းတိကျသော စာရင်းကိုင်စည်းမျဉ်းများ မရှိခြင်းကြောင့်၊ အခွန်ဆိုင်ရာစည်းမျဉ်းများကို ဘဏ္ဍာရေးရှင်းတမ်းများအတွက်သာ ပုံသေပုံစံများဖြင့် အသုံးပြုကြပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများသည် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံခြင်းစံများကို အခြေခံသင့်ပြီး၊ အခွန်စည်းမျဉ်းများကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနသို့ တင်ပြရမည့် အခွန်စာရင်းများအတွက်သာ အသုံးပြုရသည့်အတွက် မြန်မာနိုင်ငံ၏ ဤ ကျင့်ထုံးသည် နိုင်ငံတကာ ကျင့်ထုံးများနှင့် ကိုက်ညီခြင်းမရှိပါ။ လက်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စည်းမျဉ်းများအရ ဘဏ်တစ်ခု၏ ပေးရန်အခွန်များကို တွက်ချက်မှုကို စာရင်းညှိရန်မလိုအပ်ပါ။ လက်ရှိတွင် ဘဏ်တစ်ခု၏ ပေးရန်အခွန်သည် ဘဏ်မှ လုပ်ဆောင်ချက်များကိုစာရင်းသွင်းမှု နှင့် အခွန်ဥပဒေအရ သတ်မှတ်ထားသည့် သီးခြားလိုအပ်ချက်များနှစ်ခုလုံးအပေါ် အခြေခံရပါသည်။ ရလာဒ်အနေဖြင့် အချိန်ကာလတစ်ခုအတွက် ဘဏ်တစ်ခုက အစီရင်ခံသော အရှုံး/အမြတ်စာရင်းများကို ရည်ညွှန်း၍ ကောက်ခံရမည့် ပေးရန်အခွန်များကို တွက်ချက်ရန် မဖြစ်နိုင်တော့ပါ။ ပေးရန်အခွန်တွက်ချက်သည့် အချိန်ကာလနှင့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံသည့်ကာလတို့ ကွာခြားနေသည့်အတွက် ခြားနားချက်များလည်း ဖြစ်ပေါ်လာပါသည်။ ဘဏ်တစ်ခု၏ ဌာနတွင်း ဘဏ္ဍာရေးရှင်းတမ်းများ ရှေ့နောက်ညီညွတ်စေရန်အတွက် လက်ရှိပေးရမည့် အခွန်နှင့် စာရင်းညှိရန် လိုအပ်ပါသည်။ သို့မှသာ ဘဏ်တစ်ခုက ပေးရမည့် အခွန်စုစုပေါင်းသည် အခွန်ဆောင်ရမည့် ကာလအတွက် ဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံစာပါ အကျိုးအမြတ်ပေါ်တွင်အခြေခံမည်ဖြစ်ပါသည်။ IFRS စံအရ ဤသို့စာရင်းညှိပေးရန် လိုအပ်ပြီး၊ ယင်းကို ဆိုင်းငံ့အခွန် (deferred tax) ဟုခေါ်ဆိုပါသည်။

၁၁၈ IFRS ၏ အခွန်ဆိုင်ရာ တွက်ချက်မှုများနှင့် လက်ရှိ မြန်မာနိုင်ငံ၏စာရင်းသွင်းမှုစည်းမျဉ်းများအကြား ခြားနားချက်မှာ ဘဏ်၏ ဘဏ္ဍာရေးရှင်းတမ်းတွင် ရရန်နှင့်/ သို့မဟုတ် ပေးရန်ဆိုင်းငံ့အခွန်များ (deferred tax assets and / or liabilities) ကို စာရင်းသွင်းခြင်း ဖြစ်ပါသည်။ ရရန်နှင့်/ သို့မဟုတ် ပေးရန်ဆိုင်းငံ့အခွန်များသည် ဘဏ်၏ စာရင်းရှင်းတမ်းများကို ဖောင်းပွစေပြီး၊ အသုံးပြုသူများက ဘဏ္ဍာရေးရှင်းတမ်းများကို နားလည်မှု လွဲစေနိုင် ပါသည်။ သို့ရာတွင် ဆိုင်းငံ့အခွန်များကို အသိအမှတ်မပြုထားသော မြန်မာနိုင်ငံ၏စာရင်းသွင်းမှုအခွန်စည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ဘဏ်များ၏ဘဏ္ဍာရေးရှင်းတမ်းများကိုမပြည့်စံစေဘဲ၊ ရင်းနှီးမြှုပ်နှံသူများနှင့်ယင်းရှင်းတမ်းများကို အသုံးပြုသူများအား အမြင်လွဲမှားစေနိုင် ပါသည်။

c. Recognition and valuation of loan fees

115 The accounting treatment for fees and commission generated by new loans is different under IFRS compared to current banking practices. The IFRS treatment for loan fees is more prudent than the current practices. Under the latter, the full amount of the fees and commissions can be recognized as income upfront at inception. However, under IFRS, fees and commissions should be capitalized and amortized over the length of the respective loans. The impact of the different accounting treatment means that the profitability of some banks engaged in these activities may suffer in the short term as they will have to amortize the fees instead of recognizing them upfront. However, this is only a timing issue and the overall profitability will not be affected over time. The advantage of using the IFRS approach for loan fees for the regulator is that the approach is more prudent than upfront recognition.

d. Deferred tax

116 There are and will always be differences between IFRS and tax rules. For example, depreciation of certain assets under IFRS can depend on the type of assets and management decisions. However, tax rules are very precise regarding tax allowances and follow tax rules set up by tax authorities.

117 In Myanmar, in the absence of clear accounting rules and for practical purposes, the tax rules are sometimes used by default for the purpose of financial statements. This is not in line with international practices since financial statements should be based on accounting standards and tax rules are used only for tax filings to the tax authority. The current CBM rules do not require an accounting adjustment for the calculation of an entity's tax liability. The current tax liability of an entity is based on both the accounting treatment for transactions and on a number of specific requirements set out in local tax legislation. As a result it may not be possible to calculate the tax charge for a reporting period by reference to an entity's accounting profit or loss reported for that period. Differences may arise because the tax liability occurs in a period different to that in which the underlying transaction is reported. To ensure that the financial statements are internally consistent, an adjustment may be required to the current tax expense, so that the total tax charge is based on an entity's financial reporting profit for the period. This adjustment is required under IFRS and is known as the deferred tax.

118 The difference between IFRS tax treatment and current local accounting rules would be the recognition of deferred tax assets and/or liabilities in the banks' financial statements. Deferred tax assets and/or liabilities will inflate the banks' balance sheets and may be misunderstood by users of financial statements. However, by following only local accounting and tax rules, which do not recognize deferred taxes, banks' financial statements may be incomplete and misleading to investors and other users of financial statements.

(c) တစ်စုတစ်စည်းတည်းစာရင်းပေါင်းချုပ်ခြင်း (Consolidation)

၁၁၉ ဘဏ်များတွင် ၎င်းတို့က အပြည့်အဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်းထိန်းချုပ်ထားသော လက်အောက်ခံ ကုမ္ပဏီများ သို့မဟုတ် အခြားအဖွဲ့များ ရှိတတ်ကြပါသည်။ အုပ်စုလိုက် မည်သို့ စုစည်းရမည်ကို ပြဋ္ဌာန်းထားသော IFRS စံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြင်ဆင်ရပါမည်။ သို့မှသာ အုပ်စုအဆင့်တွင် IFRS ဘဏ္ဍာရေးရှင်းတမ်းများသည် အုပ်စုတစ်ခုလုံးတွင် ဖြစ်ပေါ်နေသော စီးပွါးရေးလုပ်ဆောင်ချက်အားလုံးကို ထင်ဟပ်ပေါ်လွင်စေပါမည်။ ထိုဘဏ္ဍာရေးရှင်းတမ်း များကိုအသုံးပြုသူများအား ဘဏ်လုပ်ငန်းအုပ်စုတစ်စုလုံး၏ ဆုံးရှုံးနိုင်သည့်အန္တရာယ်များ (risks) မထင်ဟပ်နိုင်တော့ပါ။

၁၂၀ တစ်စုတစ်စည်းတည်းစာရင်းပေါင်းချုပ်ခြင်း (Consolidation) နှင့်ပတ်သက်သည့် လက်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကျင့်ထုံးများ(Practices) မှာ IFRS စည်းကမ်းချက်များကဲ့သို့အသေးစိတ်ပြမထားပါ။ ထို့ကြောင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ စည်းမျဉ်းများ သို့မဟုတ် အခြားသော ဘဏ်စာရင်းကျင့်ထုံးများအရပြုစုထားသော ဘဏ္ဍာရေးရှင်းတမ်းများတွင် လုပ်ငန်းအုပ်စု တစ်စု၏ အခြားအစိတ်အပိုင်းများ၌ ဖြစ်ပေါ်နေသော ဆုံးရှုံးမှုအန္တရာယ် (risks) သည် ဘဏ္ဍာရေး ရှင်းတမ်းများတွင် မပေါ်လွင်တော့ပါ။

၁၂၁ ကုမ္ပဏီအုပ်စုများ၏ စာရင်းပြုစုခြင်းနှင့် သက်ဆိုင်သော်လည်း၊ ဘဏ်အများစုတို့က မကျင့်သုံးသည့် IFRS စံများတွင် စံ (၃)ခုရှိပြီး၊ ယင်းတို့ကို နိုင်ငံတကာစာရင်းကိုင်စံများဘုတ်အဖွဲ့ (IASB) က ၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်းတို့မှာ IFRS 10 ` တစ်စုတစ်စည်းတည်း ပေါင်းစည်းထားသော ဘဏ္ဍာရေးရှင်းတမ်းများ (consolidated financial statements)´၊ IFRS 11 `ပူးတွဲ အစီအစဉ်များ (Joint arrangements)´နှင့် IFRS 12 ` အခြားအဖွဲ့အစည်းများရှိ အကျိုးစီးပွါးများအား ထုတ်ဖော်တင်ပြခြင်း (disclosure of interests in other entities)´တို့ဖြစ်ပါသည်။ ဥပမာအားဖြင့် -

- IFRS 10 ` တစ်စုတစ်စည်းတည်း ပေါင်းစည်းထားသော ဘဏ္ဍာရေးရှင်းတမ်းများ (consolidated financial statements)´တွင် အုပ်စုတွင်း ရှိ အဖွဲ့အစည်းများအားလုံး (အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့ထားသော အဖွဲ့များ၊ တည်ဆောက်ပုံအရ ဖွဲ့စည်း ထားသော အဖွဲ့များအပါအဝင်) အတွက် တူညီစွာ အသုံးပြုနိုင်သော ပုံစံ (control model) တစ်ခုကို တည်ထောင်ပေးထားပါသည်။ IFRS 10 ကယူဆောင်လာသည့်ပြောင်းလဲမှုများအရ အုပ်ချုပ်ရေးပိုင်းကထိမ်းချုပ်ထား ကြောင်းသတ်မှတ်ရန် အရေးပါသည့် ဆုံးဖြတ်ချက်ချရန်လိုပါသည်။ထို့ကြောင့် ပင်မကုမ္ပဏီက စုစည်းဖော်ပြပေးရန် လိုအပ်ပါသည်။ ဤနည်း အားဖြင့် IASB ဘုတ်အဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများအား စုပေါင်းစာရင်းပြုစုခြင်း နှင့်ပတ်သက်သည့် ၎င်း၏ ရပ်တည်ချက်ကို အဆုံးသတ်ထားပါသည်။ ဤစံသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ နှစ်ပတ်လည် ကာလများအတွက်အကျိုးသက်ရောက်ပါမည်။
- IFRS 12 ` အခြားအဖွဲ့အစည်းများရှိ အကျိုးစီးပွါးများအား သတင်းထုတ်ဖော်တင်ပြခြင်း (disclosure of interests in other entities)´ တွင် စုစည်းထားသော၊ အချို့မစုစည်းထားသော ကုမ္ပဏီများ၊ နှစ်မျိုးလုံးအတွက် ထုတ်ဖော် ကြေငြာရမည့် အရေးပါသော လိုအပ်ချက်အသစ်များ ပါဝင်ပါပြီး အရေးပါသော စိန်ခေါ်မှုများကို ဖြစ်စေပါသည်။

၁၂၂ ထိုပြောင်းလဲမှုများကြောင့် အသိသာဆုံးသော အကျိုးသက်ရောက်မှုကို ဘဏ်များနှင့်ဆက်စပ်နေသော အာမခံနှင့် ပိုင်ဆိုင်မှု စီမံခန့်ခွဲရေး ကုမ္ပဏီများ၊ တည်ဆောက်ပုံအရ ဖွဲ့စည်းထားသော ကုမ္ပဏီများ (structured entities)၊ ဘဏ်များ၏ ချေးငွေတွက်ချက်ရေးဌာနစိတ်များတွင် တွေ့ရမည်ဟု မျှော်မှန်းထားပါသည်။ ဘဏ်များ၏ စုစည်းထားသော အရှုံး/ အမြတ်ရှင်းတမ်းများနှင့် လက်ကျန်ရှင်းတမ်းများကို ဤစုစည်းခြင်းနှင့်ပတ်သက်သော IFRS များကြောင့် ထိခိုက်စေ လိမ့်မည်ဖြစ်ပြီး ဘဏ်များလိုက်နာဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်းအားကောင်းခိုင်မာမှုဆိုင်ရာ လက်ကျန်ရှင်းတမ်းစာရင်းချုပ် (consolidated prudential balance sheet) များပေါ်တွင်လည်း သွယ်ဝိုက်အကျိုးသက် ရောက်မှုရှိပါမည်။

၁၂၃ တည်ဆောက်ပုံအရဖွဲ့စည်းထားသောကုမ္ပဏီခွဲများ(structured entities)နှင့်ပတ်သက်သည့်ဖော်ပြချက်အသစ်များအတွက် IFRS 12 ` အခြားအဖွဲ့အစည်းများရှိ အကျိုးစီးပွါးများအား ထုတ်ဖော်တင်ပြခြင်း (disclosure of interests in other entities)´ အရ သတင်းအချက်အလက်စုဆောင်းရန် လုပ်ငန်စဉ်အသစ်များနှင့် ကြီးကြပ်မှုများလိုအပ်ပါမည်။

e. Consolidation

119 It is very common for banks to have subsidiaries or other entities that they may fully or partially control. The IFRS consolidated financial statements should be prepared according to IFRS standards that prescribe how to consolidate the group so that the IFRS financial statements at the group level reflect the economic transactions taking place across the group. This in turn provides users of financial statements with a complete picture of the financial risks across the banking group.

120 The current CBM rules or banks' practices on consolidation are not as detailed and elaborated as the IFRS requirements on consolidation. Therefore, risks occurring in other parts of the group might not be reflected in the financial statements prepared according to CBM rules or other banking practices.

121 The key IFRS standards that are relevant for the accounting of groups and which are not applied by most banks comprise 3 standards issued by the IASB in 2011: IFRS 10 "Consolidated Financial Statements" for consolidated financial statements, IFRS 11 "Joint Arrangements" for joint arrangements and IFRS 12 "Disclosure of Interests in Other Entities" for disclosures of interests in other entities. For example:

- IFRS 10 "Consolidated Financial Statements" establishes a single control model that applies to all entities (including 'special purpose entities', or 'structured entities'). The changes introduced by IFRS 10 "Consolidated Financial Statements" will require management to exercise significant judgment to determine which entities are controlled, and therefore, are required to be consolidated by a parent. The IASB has finalized its position on the consolidation by investment companies. It is effective for annual periods beginning on or after 1 January 2014.
- IFRS 12 "Disclosure of Interests in Other Entities" contains significant new disclosure requirements for both consolidated and certain unconsolidated entities, resulting in significant data challenges.

122 The most significant impact of these changes may be expected in the insurance and asset management companies associated with banks, entities with significant involvement in structured entities, and banks' loan work-out departments. The consolidated profit or loss statements and the balance sheet of banks will be affected by these IFRS rules on consolidation. This will have a knock on effect on the consolidated prudential balance sheet.

123 New processes and controls will be required to gather the information for the substantial new disclosures related to structured entities required by IFRS 12 "Disclosure of Interests in Other Entities".

၁၂၄ ဘဏ်အုပ်စုများက IFRS အရ စုစည်းထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုလာပါက၊ စည်းမျဉ်းပြဋ္ဌာန်းသူများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ဘဏ်အုပ်စုများ၏ အချက်အလက်များကို ပိုမိုစုဆောင်းနိုင်စွမ်းရှိလာပါမည်။ စည်းမျဉ်းပြဋ္ဌာန်းသူအနေဖြင့် အုပ်စု၏အစိတ်အပိုင်းအစား ဘဏ်အုပ်စုတစ်စုလုံးကို ခြုံငုံ၍ ဘဏ္ဍာရေးဆုံးရှုံးနိုင်မှုအန္တရာယ် (Financial risks) များကို မြင်နိုင်စွမ်းရှိလာပါမည်။ ဆုံးရှုံးနိုင်မှုအန္တရာယ်အားလုံးကိုစုစည်းထားသော ဘဏ္ဍာရေးရှင်းတမ်းတွင် တွေ့ရှိနိုင်သည့်အတွက် ကြီးကြပ်မှုများကိုလည်း ပိုမိုထိရောက်စွာပြုလုပ်နိုင်ပါမည်။ ရင်းနှီးမြှုပ်နှံများသည်လည်း ဘဏ်လုပ်ငန်းများ၏ သတင်းအချက်အလက်အပြည့်အစုံကို ရရှိနိုင်ပြီး၊ ဘဏ်လုပ်ငန်းကဏ္ဍ အပေါ် ယုံကြည်မှုတိုးလာစေပါသည်။

၂-၄-၂ စာရင်းကိုင် ကျင့်ထုံးဥပဒေများ ၏ အကျိုးသက်ရောက်မှု

၁၂၅ ယခင်အပိုင်းတွင် ရှင်းပြထားသကဲ့သို့ပင် IFRS စံများသည် ဘဏ်များအပေါ် နည်းလမ်းများစွာဖြင့် အကျိုးသက်ရောက်မှုရှိနိုင်သော်လည်း၊ မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးသူများ၊ ဘဏ်များနှင့် စာရင်းစစ်များသည် IFRS စံများကို တတ်နိုင်သမျှလျှင်မြန်စွာအကောင်အထည်ဖော်လိုကြပါသည်။ IFRSကြောင့် သက်ရောက်မှုများကိုလျော့ပါးစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သတိထားရမည့် ကြားခံသတ်မှတ်ချက် (prudential filters) များစွာ တို့ကိုလည်း ထည့်သွင်းဆောင်ရွက်ရပါမည်။ သို့သော် ထိုသတ်မှတ်ချက်များကို အသုံးပြုရာတွင် ဆက်စပ်ပတ်သက်သူအားလုံးနှင့် ဆွေးနွေးညှိနှိုင်းရပါမည်။ ထို့အပြင် ထိုကြားခံသတ်မှတ်ချက်များကို ထည့်သွင်း၍အသုံးပြုရာတွင် ဒေသနှင့် နိုင်ငံတကာ အဆင့်မှ ဘဏ်လုပ်ငန်းကြီးကြပ်ရေးမူဘောင်များနှင့်အညီ လက်ရှိဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့်လည်း ဂရုတစိုက် ပေါင်းစပ်ညှိနှိုင်းရပါမည်။

၂-၅ ဘဏ်များရှိ အုပ်ချုပ်မှုစနစ်ဆိုင်ရာ (Governance) ပြဿနာများ

၁၂၆ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်လုပ်ငန်းကဏ္ဍအတွက် နောက်ထပ်အဓိကစိန်ခေါ်မှုတစ်ခုမှာ ဘဏ္ဍာရေး ရှင်းတမ်းများ ပြုစုရာတွင် ဘဏ်များ၏ အုပ်ချုပ်မှုစနစ် (Governance) ကို သိသာစွာ တိုးမြှင့်ရန်ဖြစ်ပါသည်။

၁၂၇ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄ ခုနှစ်)အရ၊ ကုမ္ပဏီတစ်ခု၏ အမှုဆောင်အရာရှိချုပ် (CEO) သို့မဟုတ် ဒါရိုက်တာ အဖွဲ့သည် `သင့်တော်သော´ စာရင်းမှတ်တမ်းများပြုစုရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများပြုစုရန်အတွက် တာဝန် ရှိပါသည်။[94] ဥပဒေအရ CEO သို့မဟုတ် ဒါရိုက်တာအဖွဲ့သည် `လုပ်ငန်းတွင်း´စာရင်းပြုစုခြင်းနှင့် အစီရင်ခံခြင်း၊ ဌာနတွင်းထိန်းချုပ်မှုများ၊ နောက်ဆုံးရ စာရင်းစာရွက်စာတမ်းများကို ထိန်းသိမ်းထားခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်ကိစ္စများကိုအစီရင်ခံခြင်းတို့အတွက် တာဝန်ရှိကြောင်း ဥပဒေပြဋ္ဌာန်းထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို သတ်မှတ်ပေးထားသော ပုံစံများဖြင့် ပြုစု၍ CEO နှင့် ဒါရိုက်တာ တစ်ဦး (သို့မဟုတ် အချို့) က လက်မှတ်ရေး ထိုးရပါမည်။[95] သို့ရာတွင် လက်တွေ့တွင်မူ ပြင်ပစာရင်းစစ်များက ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရာတွင် အလွန်အကျွံပါဝင်ပတ်သက် နေကြပါသည်။

[94] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၀ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။
[95] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၃၃ (၁) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

Both regulator and investors will be able to collect more data about banking groups if they prepare consolidated IFRS financial statements. The regulator will be able to see the financial risks across the banking group as opposed to part of the group. This will increase the effectiveness of supervision since all the risks will be captured in the consolidated financial statements. Investors will also have complete information about the activities of the banks and will have increasing confidence in the banking sector. 124

2.4.2 Impact of Accounting Practices

In Myanmar, all the stakeholders including the regulator, banks and auditors are very keen to implement IFRS as soon as possible, even if IFRS will impact the banks in a number of ways, as explained in this section. In order to mitigate the impact of IFRS a number of prudential filters could be introduced by the CBM. However, the use of such filters should be discussed with all stakeholders. Moreover, the introduction and use of prudential filters following implementation of IFRS should be carefully coordinated with ongoing reform in the prudential and the regulatory framework of the banking sector at the regional and international levels. 125

2.5 Governance Issues in Banks

Another key challenge for the CBM and the banking sector is that the governance around the preparation of financial statements in banks should be significantly enhanced. 126

According to the Myanmar Companies Act (1914), a company's CEO or the board of directors is responsible for "proper" accounting records and the preparation of financial statements.[94] The legislation imposes on the CEO or board of directors the responsibility for "internal" accounting and reporting, internal controls, maintaining up-to-date accounting documents, and financial and tax reporting. Financial statements are prepared using prescribed forms and must be signed by the CEO and by (some of) the directors.[95] In practice, however, the external auditors are heavily involved in the preparation of financial statements. 127

[94] Section 130 of The Myanmar Companies Act (4/1/1914).
[95] Section 133 (1) (i) of The Myanmar Companies Act (4/1/1914).

၁၂၈ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ (၁၉၁၄ ခုနှစ်)နှင့် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ (၁၉၉၀ ခုနှစ်) တို့အရ ဘဏ်တိုင်းတွင် ဘဏ်ကို စီမံအုပ်ချုပ်သောဒါရိုက်တာအဖွဲ့ ရှိရပါမည်။[96] ဒါရိုက်တာအဖွဲ့ကို နှစ်ပတ်လည်စုံညီ အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်၍ ယင်းအဖွဲ့က ကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို ဦးဆောင်မည့် အမှုဆောင်အရာရှိ (CEO) ကို ခန့်အပ်ရပါသည်။[97] အများပိုင်ဘဏ်တစ်ခုတွင် အဖွဲ့ဝင် အနည်းဆုံး (၃) ဦးရှိရပါမည်။[98] နိုင်ငံပိုင်ဘဏ်များ သို့မဟုတ် နိုင်ငံတော်အစိုးရက အစုရှယ်ယာ အနည်းဆုံး ၅၀% ပိုင်ဆိုင်ထားသော ဘဏ်များတွင်အဖွဲ့ဝင် (၇)ဦးပါဝင်ရပါမည်။ ထို (၇)ဦးအနက် (၆)ဦး (ဥက္ကဋ္ဌအပါအဝင်) ကို အစိုးရက ခန့်အပ်၍ ရွေးချယ်လိုက်သော အမှုဆောင်အရာရှိ (CEO) ကိုလည်း ဘဏ္ဍာရေးဝန်ကြီးဌာနက အတည်ပြုရပါမည်။[99] ဒါရိုက်တာအဖွဲ့ဝင်များသည် အစုရှယ်ယာရှင်များ သို့မဟုတ် ဘဏ္ဍာရေး ကျွမ်းကျင်သူများဖြစ်ရပါမည်။ ဒါရိုက်တာအဖွဲ့သည် ဘဏ်၏ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စီမံအုပ်ချုပ်ရေးပိုင်း (Management) ခန့်ထားခြင်း /အလုပ်မှရပ်စဲခြင်း၊ လုံလောက်သော မတည်ရင်းနှီးငွေကို ထိန်းသိမ်းထားခြင်း၊ ဘဏ်၏ မူဝါဒများချမှတ်ခြင်းနှင့် ဥပဒေလိုက်နာစေခြင်းတို့အတွက် တာဝန်ရှိပါသည်။

၁၂၉ ဘဏ်များသည်အစုရှယ်ယာရှင်များက ခန့်အပ်သော အဖွဲ့ဝင် (၃)ဦးပါဝင်သည့် စာရင်းစစ်ကော်မတီကိုလည်း ဖွဲ့စည်းရန် လိုအပ် ပါသည်။[100] ထိုစာရင်းစစ်ကော်မတီသည် အနည်းဆုံး (၃)လတစ်ကြိမ် အစည်းအဝေးပြုလုပ်ပြီး၊ အထူးအစည်းအဝေးကို ဒါရိုက်တာအဖွဲ့က ခေါ်ယူသည့်အခါ ပြုလုပ်ရပါမည်။ စာရင်းမစစ်မီနှင့် စာရင်းစစ်ပြီးချိန်လုပ်ငန်းများ[101] ကို ဘဏ်ရှိဌာနတွင်း စာရင်းစစ် ဌာနက ဆောင်ရွက်ရာတွင်ညှိနှိုင်းပေးရပါမည်။ ဌာနတွင်းစာရင်းစစ်အဖွဲ့၏ တွေ့ရှိချက်များနှင့် ဖြေရှင်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစီရင်ခံရပါမည်။[102] (အပိုင်း ၁-၁-၄၊ စာပိုဒ် ၄၈ - စ ကို ကြည့်ပါ။)

၁၃၀ ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတည်ပြုထားသည့် စာရင်းစစ်များက ဆောင်ရွက်သော[103] နှစ်စဉ် စာရင်းစစ်ခြင်းကို ခံယူရန်တာဝန်ရှိပြီး၊ ဘဏ်တစ်ခုကို ပြည်ထောင်စုအစိုးရဘတ်ဂျတ်ဖြင့် တစ်စိတ်တစ်ပိုင်းရန်ပုံငွေ ထောက်ပံ့ပေးထားပါက၊ ပြည်ထောင်စု စာရင်းစစ်ချုပ်က နှစ်စဉ်စာရင်းစစ်ဆေးပါမည်။[104] ဒါရိုက်တာအဖွဲ့က ပြင်ပစာရင်းစစ်များကို ရွေးချယ်ပြီး၊ နှစ်ပတ်လည်အစည်းအဝေးတွင် ခန့်အပ်ရပါမည်။[105] သို့ရာတွင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် စာရင်းစစ်ကော်မတီဝင်များသည် IFRS နှင့် ISA စံများနှင့်ပတ်သက်သည့် ကျွမ်းကျင်မှုနှင့်အသိပညာ မလုံလောက်သဖြင့် ၎င်းတို့၏ တာဝန်များကို လက်ရှိ ဥပဒေများနှင့်ကိုက်ညီရုံမျှသာ ဆောင်ရွက်နိုင်ကြပါသည်။ သို့ဖြစ်၍ အဖွဲ့ဝင် များနှင့်စာရင်းစစ်အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ တာဝန်များကို လုံလောက်စွာ ထမ်းဆောင်နိုင်ခြင်းရှိမရှိမှာ သံသယဖြစ်ဖွယ် ရှိနေပါသည်။ ကောင်းမွန်စွာလုပ်ငန်းဆောင်ရွက်နေသော စာရင်းစစ် ကော်မတီတစ်ခုသည် စာရင်းစစ်လုပ်ငန်း၏ အရည် အသွေးနှင့် စာရင်းစစ်များ၏ အုပ်ချုပ်ရေးပိုင်း (Management) လွတ်လပ်စွာ ဆောင်ရွက်နိုင်စွမ်းကို တိုးတက်စေသည့် အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။

---

[96] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂၁ နှင့် ၆၄ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၈၃ (က)၁ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

[97] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂၁ နှင့် ၇၁ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၉၊ ၉(က)၊ ၈၃ (ခ)၁ (ii) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

[98] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၈၃ (ခ)၁ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

[99] မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၆၅၊ ၆၆ (က)နှင့် ၇၁ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။

[100] ဘဏ်များ ကြီးကြပ်ရေးကော်မတီ ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)။ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။

[101] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေ ပုဒ်မ ၅၀ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။ ဘဏ်များ ကြီးကြပ်ရေးကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

[102] ဘဏ်များ ကြီးကြပ်ရေးကော်မတီ၏ အမိန့် ကြော်ငြာစာအမှတ် ၁/၂၀၁၈ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

[103] မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေ ပုဒ်မ ၄၄ (၁၉၉၀ ခုနှစ်၊ ဖွန်လ ၇ ရက်)။

[104] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၅ (က) ၂ (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

[105] မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၁၄၄ (၃) (၁၉၁၄ ခုနှစ်၊ ဇူလိုင် ၁ ရက်)။

128 According to the Myanmar Companies Act (1914) and Financial Institutions of Myanmar Law (1990), each bank should have a board of directors which administers the bank.[96] The board of directors is elected in the annual general meeting and may appoint a CEO to lead the affairs of the company.[97] In public banks the board should comprise at least three members.[98] In case of State-Owned Banks or banks in which the Union Government owns shares of at least 50%, the board comprises 7 members. Out of the 7 members, 6 (including chairman) are appointed by the Government and the selected CEO has to be approved by the MoF.[99] The members of the board of directors may be shareholders and/or financial experts. The board of directors is responsible for supervising operations, appointing and dismissing management, maintaining sufficient capital, formulating the bank's policies and ensuring compliance with legislation.

129 Banks are also required to set up an audit committee consisting of 3 members appointed by the shareholders.[100] The audit committee shall meet once every 3 months and extraordinarily when convened by the board and instruct the internal audit department of the bank in carrying out pre- and post-auditing activities.[101] Any audit findings arising from internal audit and their resolution have to be reported to the CBM.[102] **(cf. Section 1.1.4, para. 48 f)**

130 Banks are subject to a mandatory annual audit, to be performed by auditors approved by the central bank[103] and, in case a bank is partly funded from the Union budget, the Union Auditor General.[104] The board of directors selects the external auditors, who are then appointed at the annual general meeting.[105] However, the experience and expertise of the members of the board of directors and the audit committee on IFRS and ISA are not adequate so that they can fulfill their responsibilities in line with the current laws. So it is questionable whether they can discharge their duties adequately. A properly functioning audit committee is an important element of enhancing audit quality and independence by auditors from management.

---

[96] Section 21, 64 of The Financial Institutions of Myanmar Law (06/07/1990); Section 83A (1 of The Myanmar Companies Act (4/1/1914).
[97] Section 21, 71 of The Financial Institutions of Myanmar Law (06/07/1990); Section 9, 9A, 83B (1) (ii) of The Myanmar Companies Act (4/1/1914).
[98] Section 83A (1) of The Myanmar Companies Act (4/1/1914).
[99] Section 65, 66 (a),71 of The Financial Institutions of Myanmar Law (06/07/1990).
[100] Directive No. 1/2008 of Banks' Supervision Committee (12/13/2008); Section 49 of The Financial Institutions of Myanmar Law (07/04/1990).
[101] Section 50 of The Financial Institutions of Myanmar Law (07/04/1990); Directive No. 1/2008 of Banks' Supervision Committee (12/13/2008).
[102] Directive No. 1/2008 of Banks' Supervision Committee (12/13/2008).
[103] Section 44 of The Financial Institutions of Myanmar Law (07/04/1990).
[104] Section 145A (2) of The Myanmar Companies Act (4/1/1914).
[105] Section 144 (3) of The Myanmar Companies Act (4/1/1914).

၁၃၁ နိုင်ငံတကာအဆင့်တွင်မူ စာရင်းပြုစုခြင်းနှင့်စာရင်းစစ်ဆေးခြင်းနယ်ပယ်တို့အတွက် စာရင်းစစ်ကော်မတီ၏ အဓိကအခန်းကဏ္ဍနှင့် တာဝန်များကို ကောင်းစွာ သတ်မှတ်ထားပြီး၊ ပြင်ပစာရင်းစစ်များ၏ လုပ်ငန်းများကိုလည်း ပိုမို၍ ပြည့်စုံရှင်းလင်းစွာ သတ်မှတ်ထားပါသည်။ ဥပမာအားဖြင့် စာရင်းစစ်ကော်မတီတွင် အောက်ပါတာဝန်များရှိပါသည် -

- ဘဏ္ဍာရေးရှင်းတမ်း ပြည့်စုံခိုင်မာမှု နှင့် ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် တရားဝင်ကြေငြာချက်များကို စောင့်ကြည့်စစ်ဆေးခြင်း။
- ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း၊ ပြန်လည်ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းနှင့်ပတ်သက်၍ အဖွဲ့သို့ ထောက်ခံတင်ပြခြင်း နှင့် ပြင်ပစာရင်းစစ်အတွက် ချီးမြှင့်ငွေနှင့် အလုပ်စည်းကမ်းချက်များကို အတည်ပြုခြင်း။
- ပြင်ပစာရင်းစစ်၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို သုံးသပ်ခြင်း။

၁၃၂ နိုင်ငံတကာအဆင့်တွင် ဥပဒေအရ စာရင်းစစ်ခြင်းနှင့် ထိုစာရင်းစစ်လုပ်ငန်းကို ဆောင်ရွက် သည့် စာရင်းစစ်များကိုသာ ကြီးကြပ်ပါသည်။ ဥပဒေတွင် မပါဝင်သော စာရင်းစစ်ဆေးခြင်းလုပ်ငန်းကိုမူ စာရင်းစစ်များ၏ ကင်းရှင်းလွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို အတိုင်းအတာတစ်ခုအထိ ထိခိုက်လာသောအခါမှသာ ကြီးကြပ်ပါသည်။

၂-၆ ပြင်ဆင်ထားသော ဘာဆယ်(လ်)အခြေခံမူများ၊ သတိပြုရမည့် မူဘောင်များနှင့် ကိုက်ညီခြင်း

၁၃၃ ဘဏ်ကြီးကြပ်ရေးဆိုင်ရာ Basel ကော်မတီ (BCBS) က ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သည့် ပြင်ဆင်ထားသော ဘာဆယ်လ် အခြေခံမူများ (BCPs) တွင် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှု၊ ဘဏ္ဍာရေးအစီရင်ခံခြင်း၊ စာရင်းစစ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း တို့နှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပတ်သက်နေသည့် အဓိက အခြေခံမူ(၄)ခု ပါဝင်ပါသည်။ BCBS ကော်မတီသည် ထိုလမ်း ညွှန်ချက်များကို ထုတ်ပြန်ရာတွင် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှု၊ စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်း နယ်ပယ်များတွင် ကောင်းမွန်သော ကျင့်ထုံးများကို လိုက်နာစေရေးအတွက် ဘဏ်လုပ်ငန်းကြီးကြပ်သူများတွင် တိကျသော အခန်းကဏ္ဍများ ရှိနေကြောင်း အလေးအနက်ဖော်ပြထားပါသည်။ ထို့အပြင် BCBS ကော်မတီသည် ဘဏ်လုပ်ငန်းကြီးကြပ်သူများ၏ အကျိုးရရှိနိုင်မှုကိုလည်း အသိအမှတ်ပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုလမ်းညွှန်ချက်များသည် ဘဏ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲ၍ ဆုံးရှုံးမှု အန္တရာယ် (risk) များကို လျော့ချကာ၊ ဌာနတွင်းကြီးကြပ်မှုကိုလည်း တည်ဆောက်နိုင်ပါသည်။ ထို့အပြင် ဘဏ္ဍာရေး ရှင်းတမ်းများကို အသုံးပြုသူများ အနေဖြင့် အားထားရသော ဆက်နွယ်သည့် အချက်အလက်များကို ရရှိနိုင်ပါလိမ့်မည်။ ထို့ကြောင့် ဘာဆယ် (လ်)အခြေခံမူများကို ကျင့်သုံးခြင်းသည်ကြီးကြပ်သူများ၏အကျိုးအတွက်ဖြစ်ပါသည်။

၁၃၄ ထိုအခြေခံမူ (၄)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) အခြေခံမူအမှတ် (၁၄) - ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ် (corporate governance)

၁၃၅ ဘဏ်များနှင့် ဘဏ်အုပ်စုများတွင် မဟာဗျူဟာမြောက် ဦးတည်ချက်၊ အုပ်စုနှင့် အဖွဲ့အစည်းတို့၏ တည်ဆောက်ပုံ၊ လုပ်ငန်းခွင်ကြီးကြပ်ကွပ်ကဲဘဏ်အဖွဲ့နှင့် အကြီးတန်းစီမံခန့်ခွဲသူများ၏ တာဝန်များ၊ လျော်ကြေးပေးခြင်း စသည့်လုပ်ငန်းများ လွှမ်းခြုံပါဝင်သော ခိုင်မာသည့် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ် (corporate governance) ဆိုင်ရာအားကောင်းသော မူဝါဒများ လုပ်ငန်းစဉ်များထားရှိရန် ကြီးကြပ်သူက ဆုံးဖြတ်ရပါမည်။ ထိုမူဝါဒများနှင့် လုပ်ငန်းစဉ်များသည် ဘဏ်၏ ဆုံးရှုံးနိုင်မှု အန္တရာယ် (risk profile)၊ စနစ်ပိုင်းဆိုင်ရာ အရေးပါမှုတို့နှင့် အချိုးညီမျှနေရပါမည်။

At the international level, the main role and responsibilities of the audit committee in the areas of accounting and auditing are well defined and more explicit regarding the activities of the external auditors. For example, they are responsible for: 131

- Monitoring the integrity of the financial statements and any formal announcements relating to financial performance;
- Making recommendations to the board in relation to the appointment, re-appointment and removal of the external auditor and approve the remuneration and terms of engagement of the auditor;
- Reviewing the auditor's independence and objectivity.

At the international level only statutory audits and auditors who perform statutory audits are regulated. Non-statutory audit work is also regulated but only to the extent that they impact the independence of the auditors. 132

2.6 Compliance with Revised Basel Core Principles and Prudential Framework

The revised Basel Core Principles (BCP) published by the Basel Committee on Banking Supervision (BCBS) in 2012 have contain four principles that are related directly or indirectly to corporate governance, financial reporting, auditing and transparency. By publishing these guidelines, the BCBS emphasized that banking supervisors have a clear role to play to enforce good practices in the areas of corporate governance, accounting and auditing. BCBS also recognized that banking supervisors stand to gain because banks will be better managed, risks will be mitigated, internal controls in banks will be set up and users of financial statements will get more reliable and relevant information. So it is in the interest of supervisors for these principles to be applied. 133

The four principles are: 134

1. Principle 14: Corporate governance

The supervisor determines that banks and banking groups have robust corporate governance policies and processes covering, for example, strategic direction, group and organizational structure, control environment, responsibilities of the banks' boards and senior management, and compensation. These policies and processes are commensurate with the risk profile and systemic importance of the bank. 135

(၂) အခြေခံမူအမှတ်(၂၆) - လုပ်ငန်းခွင်တွင်းထိန်းချုပ်ခြင်းနှင့် စာရင်းစစ်ခြင်း (internal control and audit)

၁၃၆ ဘဏ်များတွင် ဆုံးရှုံးနိုင်မှု profile ကို ထည့်သွင်းစဉ်းစားထားသော စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကောင်းမွန် စွာ ကြီးကြပ်ထားသော လုပ်ငန်းပတ်ဝန်းကျင်တစ်ခုကို တည်ထောင်၍ လုံလောက်သော ဌာနတွင်း ကြီးကြပ်မှု မူဘောင်များကို ဘဏ်များတွင်ထားရှိရန် ကြီးကြပ်သူက ဆုံးဖြတ်ပေးရပါမည်။ ဤမူဘောင်များတွင် အာဏာပိုင်အဖွဲ့ များဖွဲ့စည်ခြင်းနှင့် တာဝန်ပေးခြင်း၊ ဘဏ်ကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော လုပ်ငန်းများကို ခွဲထုတ်ခြင်း၊ ရန်ပုံငွေများ ထုတ်ပေးခြင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်ရှိသည်များ ကို စာရင်းပြုစုခြင်း၊ ထိုလုပ်ငန်းစဉ်များကို စာရင်းကိုက်ညီပေးခြင်း၊ ဘဏ်၏ ရပိုင်ခွင့်များကို ဘေးကင်းလုံခြုံစေခြင်း၊ သင့်တော်၍ ကင်းရှင်းလွတ်လပ်သော ဌာနတွင်းစာရင်းစစ်နှင့် ဤကြီးကြပ်မှုများကိုလိုက်နာမှု စမ်းသပ်ရန်လုပ်ငန်းများ၊ ကျင့်သုံးရမည့်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအတွက် ရှင်းလင်းသော အစီအစဉ်များ ပါဝင်ပါသည်။

(၃) အခြေခံမူအမှတ်(၂၇) - ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့် ပြင်ပစာရင်းစစ်များ (Financial reporting and external audit)

၁၃၇ ဘဏ်များနှင့် ဘဏ်အုပ်စုများသည် လုံလောက်၍ အားထားရသော မှတ်တမ်းများကို ထိန်းသိမ်းထားကြောင်း၊ နိုင်ငံတကာမှ လက်ခံထားသော စာရင်းကိုင်မူဝါဒများ၊ ကျင့်ထုံးဓလေ့များ နှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုထားကြောင်း၊ ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ဆောင်ချက်ကို မှန်ကန်စွာ ထင်ဟပ်ပေါ်လွင်စေသော သတင်း အချက်အလက် များကို နှစ်စဉ် ထုတ်ပြန်ကြေငြာကြောင်းနှင့် ကင်းရှင်းလွတ်လပ်သော ပြင်ပစာရင်းစစ်၏ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ကြောင်းကို ကြီးကြပ်သူက ဆုံးဖြတ်ပေးရပါမည်။ ထို့အပြင် ဘဏ်နှင့် ဘဏ်အုပ်စုများ၏ ပင်မကုမ္ပဏီများသည် ပြင်ပစာရင်းစစ် များ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ လုံလောက်သော ကြီးကြပ်မှုနှင့် အုပ်ချုပ်မှုတို့ ရှိထားကြောင်း ကြီးကြပ်သူက ဆုံးဖြတ်ပေးရပါမည်။

(၄) အခြေခံမူအမှတ် (၂၈) - သတင်းထုတ်ဖော်တင်ပြခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း (Disclosure and transparency)

၁၃၈ ဘဏ်များနှင့် ဘဏ်အုပ်စုများသည် ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေ၊ လုပ်ဆောင်ချက်များ၊ ဆုံးရှုံးနိုင်မှုအန္တရာယ် အခြေအနေများ (risk exposures)၊ ဆုံးရှုံးနိုင်မှုအန္တရာယ်များကို စီမံခန့်ခွဲသည့် မဟာဗျူဟာများ(risk management strategies)၊ ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ်ဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များကို လွယ်ကူမှန်ကန်စွာ သိနိုင်၍ ထင်ဟပ်စေသော သတင်းအချက်အလက်များကို စုစည်း၍ဖြစ်စေ၊ သင့်လျော်ပါက တစ်စုတည်းအပေါ် အခြေခံ၍ဖြစ်စေ ပုံမှန် ထုတ်ပြန်ကြောင်းကို ကြီးကြပ်သူ က ဆုံးဖြတ်ပေး ရပါမည်။

၁၃၉ အခြေခံမူ (၁၄) သည် စာရင်းပြုစုခြင်း၊ စာရင်းစစ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း၊ အဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲသူများက တာဝန်များနှင့် ကျွမ်းကျင်မှုများအရ ဘဏ္ဍာရေးအစီရင်ခံခြင်းလုပ်ငန်းစဉ်နှင့် ဆက်စပ်နေပါသည်။ အခြားသော အခြေခံစည်းမျဉ်း (၃)ခုဖြစ်သည့် အမှတ် (၂၆)၊ အမှတ် (၂၇) နှင့် အမှတ် (၂၈) တို့မှာ ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းလုပ်ငန်းစဉ်များနှင့် တိုက်ရိုက် ချိတ်ဆက်နေပါသည်။

၁၄၀ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းများနှင့် ကျင့်ထုံးများမှာ ဤအခြေခံမူများနှင့် တစ်စိတ်တစ်ပိုင်းသာ ကိုက်ညီမှုရှိပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် အခြားဥပဒေများတွင် စာရင်းစစ်ကော်မတီ၏ အခန်း ကဏ္ဍများ၊ အကြီးတန်းစီမံခန့်ခွဲမှုအတွက် အတွေ့အကြုံများ၊ ဌာနတွင်း စာရင်းစစ်၏ အခန်းကဏ္ဍ၊ ဘဏ္ဍာရေး ရှင်းတမ်းများကို ထုတ်ပြန်ခြင်းနှင့် စာရင်းမှတ်တမ်းများကို ထိန်းသိမ်းခြင်းတို့အတွက် စည်းကမ်းချက်များသာ ဖော်ပြထားပါသည်။

၁၄၁ သို့ရာတွင် ဘာဆယ်(လ်)အခြေခံမူများ (BCP) နှင့် အပြည့်အဝကိုက်ညီစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်း မျဉ်းများနှင့်ကျင့်ထုံးများကို ခေတ်နှင့်အညီမွမ်းမံရန် လိုအပ်နေပြီး၊ ဥပဒေလိုက်နာရေးနယ်ပယ်တွင် သိသာထင်ရှားသော တိုးတက်မှုများ လိုအပ်နေပါသည်။ ဥပမာအားဖြင့် ပွင့်လင်းမြင်သာမှု၊ သတင်းထုတ်ဖော်တင်ပြမှု၊ နိုင်ငံတကာ အသိအမှတ်ပြု ထားသည့် ဘဏ္ဍာရေးရှင်းတမ်းများ၊ အဖွဲ့ဝင်များနှင့်အကြီးတန်းစီမံခန့်ခွဲသူများ၏ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုဆိုင်ရာ နယ်ပယ်များ၏ ကွဲလွဲခြားနားနေမှုကို သတိပြုမှတ်သားဆောင်ရွက်ရပါသည်။

2. Principle 26: Internal control and audit

136 The supervisor determines that banks have adequate internal control frameworks to establish and maintain a properly controlled operating environment for the conduct of their business taking into account their risk profile. These include clear arrangements for delegating authority and responsibility; separation of the functions that involve committing the bank, paying away its funds, and accounting for its assets and liabilities; reconciliation of these processes; safeguarding the bank's assets; and appropriate independent internal audit and compliance functions to test adherence to these controls as well as applicable laws and regulations.

3. Principle 27: Financial reporting and external audit

137 The supervisor determines that banks and banking groups maintain adequate and reliable records, prepare financial statements in accordance with accounting policies and practices that are accepted internationally and annually publish information that fairly reflects their financial condition and performance and bears an independent external auditor's opinion. The supervisor also determines that banks and parent companies of banking groups have adequate governance and oversight of the external audit function.

4. Principle 28: Disclosure and transparency

138 The supervisor determines that banks and banking groups regularly publish information on a consolidated and, where appropriate, solo basis that is easily accessible and fairly reflects their financial condition, performance, risk exposures, risk management strategies and corporate governance policies and processes.

139 Principle 14 is not directly relevant to accounting and auditing but is nevertheless related to the financial reporting process through the responsibilities and expertise of the board members and senior management. The other three principles, 26, 27 and 28 are directly linked to the financial reporting and auditing process.

140 The CBM rules and practices are only partly compliant with these principles. For example, CBM and other laws have some rules on the role of the audit committee, experience of senior management, role of internal audit and publication of financial statements and maintenance of accounting records.

141 However, the CBM rules and its practices will need to be updated to ensure full alignment with the BCPs and significant improvements are required especially in the area of enforcement to ensure that banking practices are fully in line with the BCPs. For example, divergences have been noted in the area of transparency, disclosures, internationally recognized financial statements, experience and expertise of board members and senior management.

၃- အဆိုပြုထားသော လုပ်ငန်းများ

၁၄၂ ဤအပိုင်းတွင် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ၌ စာရင်းကိုင်နှင့် စာရင်းစစ်ခြင်းနယ်ပယ်ရှိ ကွာဟချက်အမျိုးမျိုးကို ဖော်ထုတ်ဖြေရှင်းနိုင်ရန်အတွက် ဘဏ်စုံဆောင်ရွက်ရန်ထောက်ခံထားသည့်လုပ်ငန်းများကို ဖော်ပြထားပါသည်ကို အပိုင်းတစ်ပိုင်းချင်းစီ၏ အဆုံးသတ် တွင် လုပ်ငန်းများအား မည်သို့ တည်ဆောက်ဆောင်ရွက်မည်နှင့် ဦးစားပေးအဆင့် မည်သို့ သတ်မှတ် မည်တို့ကို အချိန်ကာလအလိုက် ဖော်ပြပေးထားပါသည်။

၁၄၃ အခန်း (၂)တွင် သတ်မှတ်ဖော်ထုတ်ထားသော ကွာဟချက်အများစုတို့မှာ နိုင်ငံအဆင့် (macro level) ရှိ စနစ်ပိုင်း ဆိုင်ရာ အားနည်းချက်များဖြစ်ပြီး၊ အချင်းချင်းလည်း အပြန်အလှန်ချိတ်ဆက်နေကြပါသည်။ ဤအခန်းတွင် သတ်မှတ်ထား သည့် လုပ်ငန်းများမှာ အောက်ခြေအဆင့် (micro level) အတွက် ဖြစ်ပြီး၊ နိုင်ငံအဆင့်ရှိ တစ်ခု သို့မဟုတ် တစ်ခုထက် ပိုသော ကွာဟချက်များကို ဖော်ထုတ်ဖြေရှင်းပေးနိုင်ပါမည်။

၁၄၄ အဆိုပြု ထားသော လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းတို့သည် အဆိုပြုလုပ်ငန်း တစ်ခုချင်းစီအတွက် ရန်ပုံငွေနှင့် လူ့စွမ်းအား အရင်းအမြစ်အပါအဝင် ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြစ်နိုင်ခြေကို အကဲဖြတ်ရပါမည်။ အချိန်အခါကိုက် ထပ်တိုးလာနိုင်သော လုပ်ငန်းများကို စီမံချက်ရေးဆွဲရန်နှင့် ဦးစားပေးအဆင့် ထပ်မံသတ်မှတ်ရန်လည်း အကြံပြုထောက်ခံလိုပါသည်။ အဆိုပြုထားသော လုပ်ငန်းများကို ကွာဟချက်နယ်ပယ်အမျိုးမျိုးမှ ရွေးချယ်သင့်ပါသည်။ သို့မှသာ ထိုလုပ်ငန်းများသည် စာရင်းပြုစုခြင်းနှင့် စာရင်းစစ်ဆေးခြင်းစနစ်တစ်ခုလုံးကို တိုးတက်စေပြီး၊ တစ်ခုနှင့်တစ်ခု အပြန်အလှန် အားဖြည့်ပေးနေမည် ဖြစ်ပါသည်။

၃-၁ MFRS အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တည်ဆောက်ပေးခြင်း

ကြောင်းကျိုးဆက်စပ်မှုနှင့် ရည်ရွယ်ချက်များ

၁၄၅ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို တိုးတက်စေရန်အတွက် ဆက်စပ်ပတ်သက်သူများ၏ အခန်းကဏ္ဍကို တည်ဆောက်ပေးရန် အရေးကြီးပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က အစပြုလျှက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းစသည့် အဓိကဆက်စပ်ပတ်သက်သူ အားလုံးတို့သည် ၎င်းတို့ တာဝန်ယူ ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများနှင့် အခန်းကဏ္ဍများကို အပြည့်အဝသိရှိထားရပါမည်။

၁၄၆ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့သည် IFRS စံများအား အကောင်အထည်ဖော်ရာတွင် ပြဿနာများ၊ စိန်ခေါ်မှုများ၊ လုပ်ငန်းတိုးတက်မှုများကို ပံ့မှန်ဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ဘဏ်များ၊ ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများနှင့် အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်မည့် တိကျသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို တည်ထောင်ရပါမည်။ လက်ရှိအချိန်တွင် ဆက်စပ် ပတ်သက်သူများအကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများမှာ အနည်းဆုံးဖြစ်နေပြီး၊ ချဉ်းကပ်သည့်လမ်းကြောင်းမှာ လည်း အပေါ်အောက်ဆက်ဆံရေး (top down) ဖြစ်နေပါသည်။ ဘဏ်များနှင့် ပုဂ္ဂလိကစာရင်းစစ် လုပ်ငန်းများကို အကျိုး သက်ရောက်စေသည့် အဓိကပြဿနာများကို အပြန်အလှန်နည်းလမ်းဖြင့် ဆွေးနွေးခြင်းများ မရှိသေးပါ။ အဓိကဆက်စပ် ပတ်သက်သူများ၊ ဘဏ်များနှင့် ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများအကြား ထိရောက်သော ဆက်ဆံရေး တည်ထောင်ရန်သည် အဖွဲ့အစားလုံး၏ ယုံကြည်မှုတည်ဆောက်နိုင်ရေးအတွက် အခြေခံဖြစ်ပါသည်။

3. Proposed Actions

The following is a comprehensive set of recommended actions that is provided in order to address the various gaps in the accounting and auditing environment in the banking sector in Myanmar. At the end of each section, an indicative timeline describes how the actions could be structured and prioritized. 142

Most of gaps identified in Chapter 2 are systemic weaknesses more at the macro level and highly interrelated. The actions defined in this chapter are at the micro level and may address one or more gaps at the macro level. 143

For implementation of the proposed actions, the OAG, CBM, MAC and MICPA will assess the feasibility of each action with regard to funding and human resource constraints. It is recommended to further prioritize and plan additional actions over time. Proposed actions should be selected across the different gaps so that these actions will enhance the accounting and auditing system as a whole and be mutually reinforcing. 144

3.1 Building Stakeholder Ownership

Rationale and objectives

In order to enhance financial reporting in the Myanmar banking sector, it is crucial to build stakeholder ownership. All the key stakeholders, the CBM, OAG, MAC and MICPA, starting with the CBM and OAG, should be fully aware of their role and the actions that they need to undertake. 145

The CBM and OAG should establish a clear communication channel to interact with the MAC, MICPA, banks and audit firms on a regular basis to discuss progress made and IFRS implementation issues and challenges. Presently, there are minimum interactions among the parties and the approach is very top down: key issues affecting banks and audit firms are not always discussed in an interactive manner. Effective communication among the key stakeholders, banks and audit firms is the basis for building trust among all parties. 146

အကျိုးခံစားရသူများနှင့် တာဝန်ပတ္တရားများ

၁၄၇ အဓိကဆက်စပ်သူတိုင်းသည် ၎င်းတို့၏အခန်းကဏ္ဍကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်ကြောင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးခံစားရပါမည်။ တာဝန်ခွဲဝေမှု ပိုမိုကောင်းမွန်လာခြင်းနှင့် ပိုမိုတိကျသော တာဝန်ခံမှုများ ဖြစ်လာပါမည်။ သို့ရာတွင် အဓိကဆက်နွယ်သူတစ်ဦးသည် ၎င်းတာဝန်ယူထားသော သီးခြားလုပ်ငန်းတစ်ခုတွင် အခြားသူများထက် ပိုမိုတက် ကြွရန် လိုအပ်ပါမည်။ ဘဏ်များနှင့် ပဂ္ဂလိကစာရင်းစစ်လုပ်ငန်းများသည်လည်း တက်ကြွစွာ ပါဝင်ကူညီရန် လိုအပ် ပါသည်။

၁၄၈ ဘဏ္ဍာရေးအစီရင်ခံခြင်းကို တိုးတက်စေရန်အတွက် အဓိကဆက်စပ်ပတ်သက်သူများအကြား ယုံကြည်မှုတည် ဆောက်နိုင်ခြင်းပေါ်တွင် များစွာမူတည်နေပါသည်။ ယုံကြည်မှုတည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုထိရောက် နိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး၊ ပုံမှန်အစည်းအဝေးများပြုလုပ်ရန် စီစဉ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဤလုပ်ငန်းစီမံချက်နှင့်အဓိကဆက်စပ်ပတ် သက်သော အဖွဲ့အစည်း များမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များ အသင်းတို့ဖြစ်ပါသည်။ (၂၀၁၅ ခုနှစ်၊ ဇွန်လအခြေအနေ)။

၁၄၉ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏ အစည်းအဝေးများတွင် ဆွေးနွေးရမည့် အလားအလာရှိသော ပြဿနာများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အများပြည်သူသို့ သတင်းထုတ်ဖော်တင်ပြခြင်း
(ခ) ဘဏ်များအားလုံးတွင် စာရင်းကိုင်လုပ်ငန်းများဆောင်ရွက်ရာ၌ တစ်ပြေးညီဖြစ်ခြင်း။
(ဂ) ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ် (corporate governance)

၁၅၀ ဆက်စပ်ပတ်သက်သူများအားလုံးက ဤပြဿနာများကို စနစ်တကျတည်ဆောက်ကာ၊ တစ်ပြေးညီပုံစံဖြင့် ဆွေးနွေးသင့် ပါသည်။ ဤပြဿနာများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကိုလည်း ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ချမှတ်ရပါမည်။

၁၅၁ စာရင်းကိုင်နှင့်စာရင်းစစ်ဆိုင်ရာ တိကျသောခေါင်းစဉ်များကို ဆွေးနွေးရာ၌ လွယ်ကူစေရန်အတွက် လုပ်ငန်း စီမံချက် ရေးဆွဲရေးကော်မတီကို အောက်ပါ လုပ်ငန်းအဖွဲ့များ သို့မဟုတ် ဆပ်ကော်မတီများအဖြစ် ခွဲခြားထားရပါမည် -

(က) ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် သတင်းအချက်အလက်ထုတ်ပြန်ခြင်း။
(ခ) တန်ဖိုးသင့်ခြင်း (ရင်းနှီးမြှုပ်နှံမှု၊ မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများ၊ ချေးငွေများ၊ ဆုံးရှုံးမှုများ) နှင့်
(ဂ) ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစနစ် (စာရင်းစစ်များ ခန့်အပ်ခြင်း၊ ဆက်စပ်ပတ်သက်သူများ အချင်းချင်းဆက်သွယ် ဆောင်ရွက်ခြင်း)

၁၅၂ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့သည် ဆက်စပ်ပတ်သက်သူများ၏ အခန်းကဏ္ဍကို ရှင်းပြရန်နှင့် ကော်မတီက ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို ပိုမိုကျယ်ပြန့်စွာပျံ့နှံ့စေရန်အ တွက် ပုံမှန်လူပ်ရှားမှုများနှင့် အစည်းအဝေးများကို ပြုလုပ်သင့်ပါသည်။ လိုအပ်သည့်အခါ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိအရာရှိ များအားလည်း ဤအစည်းအဝေးများသို့ ဖိတ်ကြားသင့်ပါသည်။ ဘဏ်များ၏ စိုးရိမ်မှုများနှင့် စိန်ခေါ်မှုများကို ထုတ်ဖော်ပြောကြားရန်နှင့် IFRS စံများကို အကောင်အထည်ဖော်နေစဉ်တွင် ထွက်ပေါ်လာသည့် ပြဿနာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ အကူအညီ တောင်းခံနိုင်ရန်အတွက် ရှင်းလင်းသော လမ်းကြောင်းတစ်ခု ပေးထားသင့်ပါသည်။ လုပ်ငန်းစီမံချက်ရေးဆွဲရေး ကော်မတီက အဓိကဆုံးဖြတ်ချက်များချမှတ်ရာ တွင် ဆက်စပ်ပတ်သက်သူအားလုံးတို့၏ သဘောတူညီချက်ရရှိရပါမည်။

Beneficiaries and responsibilities

147 Each key stakeholder will directly or indirectly benefit in the process of building stakeholder ownership. There will be better allocation of responsibilities and clearer accountability of roles. However, depending on the specific activity, one key stakeholder would need to be more active than others. The banks and the audit firms would need to contribute actively.

148 Enhancing financial reporting depends largely on establishing trust among the key stakeholders. In order to build trust and for more effective communication, the OAG has set up the Action Plan Committee that is planned to meet on a regular basis. The current stakeholders of the Action Plan are from, CBM, OAG, MAC and MICPA (June 2015).

149 Potential issues to discuss in the Action Plan Committee meetings are:

a. Public disclosures;

b. Consistency in accounting treatments across banks (loan valuation, impairment, use of prudential filters, valuation of fixed assets, tax implications, etc.); and

c. Corporate governance.

150 These issues should be discussed in a structured and consistent manner by all key stakeholders. Decisions about these issues should be taken in a transparent manner.

151 In order to facilitate the discussions, the Action Plan Committee should be split into separate working groups or subcommittees to discuss specific topics on accounting and auditing:

a. Transparency and disclosures;

b. Valuation (investment, fixed assets, loans and impairment); and

c. Corporate governance (appointment of auditors, relationship among stakeholders).

152 Furthermore, CBM and OAG should host regular events and meetings to explain stakeholder ownership and disseminate decisions taken by the Committee to a wider audience. Tax authorities should be invited to participate in these meetings as and when required. Banks should be given a clear channel to voice their concerns and challenges, as well as seek support from the CBM on the issues identified during IFRS implementation. There should be consensus on the key decisions of the Action Plan Committee among the stakeholders.

၁၅၃ ဤခေါင်းစဉ်များအားလုံးပါဝင်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရာတွင် ပါဝင်မည့်ဆက်စပ်ပတ်သက်သူများသည် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် IFRS စံဆိုင်ရာ အသိပညာများရှိထားသင့်ပြီး၊ လိုအပ်ပါက ၎င်းတို့၏ ပင်မတာဝန်များကို ထမ်းဆောင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။ ခေါင်းစဉ်များသည် ပညာရပ်အလွန်ဆန်ပြီး၊ ၎င်းတို့၏ ပါဝင်ပတ်သက်မှုများသည် ဘဏ်များ နှင့် ဘဏ်လုပ်ငန်းကဏ္ဍအတွက် အလွန်ကျယ်ပြန့်သော အကျိုးဆက်များဖြစ်လာစေနိုင်ပါသည်။ ဘဏ်တစ်ခုချင်းစီ အတွက် အကျိုးသက်ရောက်မှုများမှာ ကွဲပြားနိုင်ပြီး၊ ဘဏ်တစ်ခုချင်းစီ၏ စီးပွါးရေးလုပ်ငန်းပုံစံများပေါ် တွင်လည်း မူတည်နေ ပါသည်။

အဆိုပြုထားသော လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး၊ ကော်မတီ ၏ အဖွဲ့ဝင်များကို တိုးချဲ့သင့်ပါသည်။ သို့မှသာ ကော်မတီသည် ဆက်စပ်ပတ်သက်သူများထံမှ အကျိုး ကျေးဇူး များကို အမြင့်ဆုံးရရှိနိုင်ပါမည်။

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် IFRS ကျွမ်းကျင်မှုနှင့် အသိပညာများကို တည်ဆောက်သင့်ပါသည်။ သို့မှသာ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များ ကို ဦးဆောင်ဆွေးနွေးနိုင်ပါမည်။

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီရှိ ဆက်စပ်ပတ်သက်သူများကို နည်းပြလေ့ကျင့်ပေးသင့်ပါသည်။ သို့မှသာ အစည်းအဝေးများသည် အကျိုးဖြစ်ထွန်းပြီး၊ တစ်ပြေးညီ တန်ဖိုးဖြတ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများ၏ ရလာဒ်များကို အချိန်မီ ပေးစွမ်းနိုင်ပါမည်။

(၄) လုပ်ငန်းစီမံချက်တွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများသည် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် IFRSစံများအားအပြည်အဝအကောင်အထည်ဖော်ခြင်းအတွက်အချိန်ဇယားနှင့်တကွလမ်းပြမြေပုံတစ်ခုကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ လမ်းညွှန်မှုဖြင့် ရေးဆွဲရပါမည်။ ဥပမာအားဖြင့် လုပ်ငန်းစီမံချက်တွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများနှင့်အတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည်တန်ဖိုးဖြတ်လုပ်ငန်းအဖွဲ့တစ်ခုစီမှလုပ်ဆောင်ချက်များ၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့်ကော်ပိုရိတ်ဆိုင်ရာ အုပ်ချုပ်မှုစသည့် အစီရင်ခံစာများကို အချိန်မီပေးပို့ရပါမည်။

တာဝန်ရှိသော အဖွဲ့များ

၁၅၄ ဤလုပ်ငန်းများအတွက် အဓိကတာဝန်ရှိသော ဆက်စပ်ပတ်သက်သူများမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ဖြစ်ပြီး၊ ဘဏ်များနှင့် စာရင်းစစ်များ၏ အကူအညီဖြင့် ဆောင်ရွက်ရပါမည်။

၁၅၅ လုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကာလအတွင်း ဆောင်ရွက်သင့်ပါသည်။ ဤလုပ်ငန်းစီမံချက်ကို အခြေခံထားသော IFRS အကောင်အထည်ဖော်ရေးလမ်းပြမြေပုံကို လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီက ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရေးဆွဲရပါမည်။

မဟာဗျူဟာမြောက် အကျိုးရလာဒ်များ

၁၅၆ မဟာဗျူဟာမြောက် အကျိုးရလာဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များသည် ကောင်းမွန်သော ဘဏ္ဍာရေး အစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းတို့၏ တန်ဖိုးများကိုလည်းကောင်း၊ စာရင်းကိုင်များ၏ အရေးပါသောအခန်းကဏ္ဍကိုလည်းကောင်း၊ ပညာရပ်ဆိုင်ရာသင်တန်းများ လိုအပ်နေခြင်းကို လည်းကောင်း ပိုမို အသိအမှတ်ပြုလာပါမည်။

(၂) လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် IFRS အကောင်အထည် ဖော်ခြင်းဆိုင်ရာ လမ်းပြမြေပုံပါ လုပ်ငန်းရလာဒ်များကို အချိန်မီရရှိနိုင်ရေးအတွက် ယင်းလုပ်ငန်းများကို စီစဉ် ဆောင်ရွက်ပါမည်။

To include all these topics and set-up these working groups, the stakeholders in these working groups should have the appropriate expertise and IFRS knowledge and should be allowed to be free from their main job responsibilities when necessary. The topics are highly technical and their implications could have wider ramifications for banks and for the banking sector. For each bank the impact will be different and will depend on its business model. 153

Proposed activities will include:

1. The OAG should chair the Action Plan Committee and expand its membership so that it can derive the maximum benefit from stakeholders.
2. The OAG and CBM should build the IFRS expertise and know-how so that they can lead the technical discussions in the Action Plan Committee.
3. The OAG and CBM should coach the stakeholders in the Action Plan Committee so that the meetings are productive and key deliverables of the activities on consistent valuation, enhanced transparency and corporate governance are delivered on time.
4. The stakeholders of the Action Plan under the guidance of the OAG and CBM should develop a clear and practical roadmap with timeline for capacity building and full implementation of IFRS. For example, OAG and CBM with other stakeholders in the Action Plan Committee should deliver on time the reports and activities from each working group on valuation, enhanced transparency and corporate governance.

Responsible parties:

The main stakeholders responsible for these activities are the CBM and OAG with the assistance of the banks and auditors. 154

The activities should be carried out from 2015 to 2020. A roadmap to implement IFRS based on this Action Plan should be developed by the Action Plan Committee in 2016 and 2017. 155

Strategy outcomes are:

The strategy outcomes are that: 156

1. OAG, CBM, and banks more readily acknowledge the value of good financial reporting, auditing, the importance of the role of accountants and the need for proper professional training.
2. The Action Plan Committee organizes its actions along the roadmap for capacity building and IFRS implementation to ensure that key deliverables are presented on time.

ဇယား (၂) - MFRS အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တည်ဆောက်ခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို ဦးဆောင်၍ မြန်မာနိုင်ငံစာရင်းကောင်စီသို့ အစီရင်ခံရန်။ ပထမဦးစွာ ဗဟိုဘဏ်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းတို့မှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ နောက်ပိုင်းတွင် ငွေကြေးကဏ္ဍမှ ဆက်စပ်ပတ်သက်သူများကို ထပ်မံပါဝင်စေရန်။							၁	စာရင်းစစ်ချုပ်ရုံး
၂။	စာရင်းစစ်ချုပ်ရုံးနှင့် ဗဟိုဘဏ်တို့သည် IFRS ကျွမ်းကျင်မှုနှင့် အသိပညာများ တည်ဆောက်ရယူ၍ ထိုကျွမ်းကျင်မှုများဖြင့် လုပ်ငန်း စီမံချက် ရေးဆွဲရေးကော်မတီ၏ နည်းပညာပိုင်း ဆွေးနွေးပွဲများကို ဦးဆောင်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၃။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ၏ အစည်းအဝေးများသည် အကျိုးရှိပြီး၊ မျှော်မှန်းထားသော ရလာဒ်များ ထွက်ပေါ်စေရေးအတွက် ကော်မတီတွင် ပါဝင်သော ဆက်စပ်ပတ်သက်သူများ၏ စွမ်းဆောင်ရည်တိုးတက်အားကောင်း စေရေး ဆောင်ရွက်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၄။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် စွမ်းဆောင်ရည် တည်ဆောက် ရေးနှင့် IFRS စံများအား အကောင်အထည်ဖော်ရေးအတွက် ရှင်းလင်း၍ လက်တွေ့ကျသော လမ်းပြမြေပုံတစ်ခုရေးဆွဲရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၅။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် IFRS စံများအား ရှေ့ပြေးအကောင် အထည်ဖော်ရာတွင် ဘဏ် (များ)နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရန်။							၂	ဗဟိုဘဏ်၊လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

ဤဇယားတွင် အဆိုပြုထားသော လုပ်ငန်းများ၊ ထိုလုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် အချိန်ဇယား (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပါဝင်သော သက်ဆိုင်ရာ အတိုင်းများတွင် ဘားများဖြင့် ဖော်ပြထားပါသည်)၊ လုပ်ငန်း တစ်ခုချင်းစီ၏ ဦးစားပေးအဆင့်၊ လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် တာဝန်ရှိသော အဖွဲ့များ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း) စသည်တို့ကို ဖော်ပြထားပါသည်။ ဦးစားပေးအဆင့်ကို (၁)မှ (၃)အထိ (ဦးစားပေး တစ်ဖြည်းဖြည်းနည်းသွားသောအစီအစဉ်ဖြင့်) ဖော်ပြထားပါသည်။ လုပ်ငန်းအားလုံး အရေးကြီးသော်လည်း၊ အချို့သောလုပ်ငန်းများကို ဖြစ်နိုင်သမျှ မြန်မြန် ပြီးစီးရပါမည်။ လုပ်ငန်းများအားလုံးကို တစ်ချိန်တည်းတွင် ပြီးစီးအောင်မဆောင်ရွက်နိုင်သောကြောင့် ဦးစားပေး (၁) လုပ်ငန်းကို ချက်ချင်းလုပ်ရန်ဖြစ်ပြီး၊ ဦးစားပေး (၃)လုပ်ငန်းကိုမူ နောက်တစ်ဆင့်တွင် ဆောင်ရွက်နိုင် ပါသည်။ ဦးစားပေး (၂) လုပ်ငန်းကို ပထမအဆင့်၏ နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ဦးစားပေး အဆင့်ဆိုသည်မှာ လုပ်ငန်း များ၏ အရေးကြီးမှုကိုရည်ညွှန်းပြီး၊ အချိန်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

Source: GIZ

Table 2: Summary of Actions for Building Stakeholder Ownership

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	The OAG to chair the Action Plan Committee and its sub-groups. OAG should report to MAC and to invite representatives from CBM and MICPA firstly, and then should include additional financial sector stakeholders							1	OAG
2	The OAG and CBM to build the IFRS expertise and know-how so that it can lead the technical discussions in the Action Plan Committee							1	CBM, OAG
3	Strengthening the capacity of the stakeholders in the Action Plan Committee to ensure its meetings are productive and can produce the expected deliverables							1	CBM, OAG
4	The Action Plan Committee to plan a clear and practical roadmap for capacity building and to implement IFRS							1	CBM, OAG
5	Action Plan Committee explore cooperation with bank(s) on a pilot IFRS implementation program							2	CBM, MICPA

This table lists the proposed actions, an indication of the time frame in which each of these actions should be completed (corresponding to the columns ranging from year 2015 to year 2020 which are covered by the bar), the priority of each action, and the responsible parties (CBM, OAG, MAC, MICPA) for completing the action. Priority is classified from 1 to 3 with descending order of priority. All actions are important but some should be delivered as soon as possible. Priority 1 is the most urgent and priority 3 can be delivered the next phase since not all the actions can be delivered at the same time. Priority 2 should be delivered in the first phase but at a later stage. Priority refers to the importance of the actions and not the timing.

Source: GIZ

၃-၂ ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဖွဲ့စည်းခြင်း

ကြောင်းကျိုးဆက်စပ်မှုနှင့် ရည်ရွယ်ချက်များ

၁၅၇ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် ဘဏ်လုပ်ငန်းကဏ္ဍရှိ စာရင်းကိုင်နှင့် စာရင်းစစ်ကျင့်ထုံးများအတွက် စည်းမျဉ်းများကို ထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်း စံ (MFRS)၊ မြန်မာ နိုင်ငံစာရင်းစစ်စံ (MSA) နှင့် သက်ဆိုင်ရာ ဘာဆယ်(လ်)အခြေခံမူ (BCP) တို့ကို လိုက်နာစေခြင်းစသည်တို့ကို ဆောင်ရွက် ရန် အကြံပြုလိုပါသည်။

၁၅၈ လုပ်ပိုင်ခွင့်နယ်ပယ်များတွင် ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုများရှိထားသည့်အတွက် MFRS, MSA နှင့် BCPs များအား လိုက်နာစေရန်အတွက် ဥပဒေအရ လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ပေးထားပါသည်။ သို့ရာတွင် ထိုလုပ်ပိုင်ခွင့်ကို တစ်ခါတစ်ရံတွင် စာရင်းကိုင်နှင့်စာရင်းစစ် ကြီးကြပ်ရေးဘုတ်အဖွဲ့နှင့် ပူးတွဲထားပါသည်။

အကျိုးခံစားရသူများနှင့် တာဝန်ဝတ္တရားများ

၁၅၉ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းကဏ္ဍတွင် MFRS နှင့် MSA တို့ကို လိုက်နာစေရန်အတွက် နောက်ဆုံး ပြင်ဆင်ထားသော စည်းမျဉ်းများကို ထုတ်ပြန်သင့်ပါသည်။ ထိုစည်းမျဉ်းများသည် ရှင်းလင်း၍ နားလည်လွယ်ပြီး၊ မြန်မာနိုင်ငံစာရင်းကောင်စီကထုတ်ပြန်သော MFRSစံများကိုအပြည့်အဝအကောင်အထည်ဖော်နိုင်ရေးကိုဦးတည်ရပါမည်။ ထိုစည်းမျဉ်းများသည် IFRS နှင့် ISA စံများ၏ နောက်ဆုံးထုတ်ပြန်ချက်များကိုလည်း အသုံးပြုရပါမည်။ ၂၀၁၅ ခုနှစ်တွင် ပြဌာန်းနိုင်ရန်မျှော်မှန်း၍ ၂၀၁၄ ခုနှစ်၊ နိဝင်ဘာလတွင် ပြင်ဆင်ထားသော ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေမူကြမ်းတွင် နိုင်ငံတကာစာရင်းကိုင်နှင့်စာရင်းစစ်စံများကို လိုက်နာရန်ထည့်သွင်းထားပါသည်။[106] ထို့အပြင် ဤဥပဒေကို အထောက်အကူပြုစေရန်အတွက် နိုင်ငံတကာစာရင်းကိုင်နှင့် စာရင်းစစ်စံများအား အသုံးချခြင်းဆိုင်ရာ ထပ်ဆင့် စည်းမျဉ်းများ ကိုထုတ်ပြန်ခြင်းဖြင့်လည်း အကျိုးရှိနိုင်ပါသည်။

၁၆၀ IFRS နှင့် ISA စံနှင့်ပတ်သက်သည့် သင်တန်းစာရွက်စာတမ်းများကို မြန်မာဘာသာသို့ပြန်ဆို၍ ဘာသာစကားနှစ်မျိုးဖြင့် သုံးသင့်ပါသည်။ သို့မှသာ စာရင်းပညာရပ်ဆိုင်ရာ အသုံးအနှုန်းများကို မူလအင်္ဂလိပ်ဘာသာဖြင့် ကြည့်နိုင်ပြီး၊ သင်တန်း အတွက် သင်ရိုး ညွှန်းတမ်းများမှာမူ မြန်မာဘာသာဖြစ်ပါမည်။

၁၆၁ မြန်မာနိုင်ငံ စာရင်းကောင်စီသည် မြန်မာနိုင်ငံတွင် IFRS စံများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းကို နိုင်ငံတကာ စာရင်းကိုင်စံများဘုတ်အဖွဲ့ (IASB) မှ တရားဝင် အတည်ပြုချက်ရယူသင့်ပါသည်။ ထိုသို့ ရယူရန်အတွက် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (MFRS) ကို နိုင်ငံတကာစံများ၏ နောက်ဆုံးအခြေအနေနှင့်အညီ မွမ်းမံပြင်ဆင်ရမည့် တရားဝင် ကျင့်ထုံးများ ကိုအကောင်အထည်ဖော်ရန်လိုအပ်ပါသည်။

၁၆၂ ထို့အပြင် ထုတ်ပြန်သော စည်းမျဉ်းများတွင် ဘဏ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာ၌ MFRS ကိုသာ အသုံးပြုရန် ရည်ညွှန်းရပါမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သတိထားရန်အတွက် ထုတ်ပြန်သော လက်ရှိ စည်းမျဉ်းများကို အချိန်ကိုက်ပြန်လည်သုံးသပ်ရန်လိုအပ်ပါသည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် သည် စာရင်းကိုင်စည်းမျဉ်းများကို အသေးစိတ်ထပ်ဆင့် မထုတ်ပြန်သင့်ဘဲ လိုအပ်မှသာ သတိထားရမည့် စည်းကမ်း ချက်များ (prudential filters) များဖြင့်သာ ထုတ်ပြန်ဆောင်ရွက်ရပါမည်။ ထို prudential filters များသည် နိုင်ငံတကာစံ များနှင့် ကိုက်ညီရပါမည်။ စာရင်းကိုင်စည်းကမ်းချက် အသေးစိတ်ကို မြန်မာနိုင်ငံ စာရင်းကောင်စီက ထုတ်ပြန်သင့်ပါသည်။

---

[106] မြန်မာနိုင်ငံ ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ မူကြမ်း၏ ပုဒ်မ ၇၃ (က) (၂၀၁၄ ခုနှစ်၊ နိဝင်ဘာလ ၂၁ ရက်)

3.2 Statutory Framework and Institutional Set-up

Rationale and objectives

It is recommended that MAC and CBM publish, where applicable, regulations and enforce MFRS, MSA and the relevant BCPs for accounting and auditing practices in the banking sector. 157

In many jurisdictions the power and ability to regulate and enforce MFRS, MSA and BCPs in the banking sector are delegated to the central bank as they have the know-how and expertise for banks. However, this power is also sometimes shared with an accounting and auditing oversight board or agency. 158

Beneficiaries and responsibilities

CBM should issue an updated regulation that will enforce MFRS and MSA in the banking sector. The regulation should be clear and concise and refer only to the full implementation of MFRS as published by the MAC. The regulation should also ensure that the most current version of IFRS and ISA are being applied. The current draft of the Banks and Financial Institutions Law of November 2014, which may be adopted in 2016, requires the application of international accounting and auditing standards.[106] In addition, secondary regulation on the application of international accounting and auditing standards to further support this primary law would be beneficial. 159

IFRS and ISA training materials should be translated into Myanmar language in a hybrid manner, so that technical accounting terms remain in English, but other curriculum content is in Myanmar. 160

MAC should seek to get official approval from IASB to adopt IFRS in Myanmar, this will also require formal procedures to be implemented that will keep MFRS up to date on the latest changes in international standards. 161

Furthermore, the regulation should refer to MFRS for the preparation of banks' public financial statements. In due time, CBM will need to review its regulations for prudential purposes. In the future, CBM should not issue any detailed secondary accounting regulations but may adopt prudential filters, if necessary. Detailed accounting regulations should be issued by the MAC. However, these prudential filters should be in line with the relevant international standards. 162

[106] Section 73 (a) of the draft Banks and Financial Institutions Law (11/2014).

အဆိုပြုထားသော လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းကဏ္ဍတွင် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (MFRS) နှင့် မြန်မာနိုင်ငံ စာရင်းစစ်စံ (MSA) တို့ကို လိုက်နာဆောင်ရွက်စေရပါမည်။ ထိုလုပ်ငန်းကို မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC) နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) တို့နှင့် ပူးတွဲဆောင်ရွက်ရပါမည်။

(၂) မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် `ဌာနတွင်းကြီးကြပ်မှုနှင့် စာရင်းစစ်ခြင်း´ နှင့် `ဘဏ္ဍာရေး အစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်း´ တို့အတွက် ပြန်လည်ပြင်ဆင်ထားသောဘာဆယ်(လ်)အခြေခံမူအမှတ် (၁၄)၊ (၂၆)၊ (၂၇) နှင့် (၂၈) တို့ကို လိုက်နာ အကောင်အထည်ဖော်သင့်ပါသည်။

တာဝန်ရှိသော အဖွဲ့များ

၁၆၃ အဆိုပြုထားသော လုပ်ငန်းများအတွက် တာဝန်ရှိသော ဆက်စပ်ပတ်သက်သူမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဖြစ်ပါသည်။

၁၆၄ မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ (MFRS) နှင့် စာရင်းစစ်စံ (MSA) တို့အားထပ်ဆင့် စည်းမျဉ်းများ ထုတ်ပြန်၍ လိုက်နာစေခြင်းကို ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဆောင်ရွက်သင့်ပါသည်။ ပြန်လည်ပြင်ဆင်ထားသော ဘာဆယ်(လ်) အခြေခံမူ အမှတ် (၁၄)၊ (၂၆)၊ (၂၇)နှင့် (၂၈) တို့ကို ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အကောင်အထည်ဖော်၍ လိုက်နာ ဆောင်ရွက်စေသင့်ပါသည်။

မဟာဗျူဟာမြောက် အကျိုးရလာဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်လုပ်ငန်းကဏ္ဍတွင် IFRS နှင့် ISA စံများကို လိုက်နာစေခြင်း။

(၂) မြန်မာနိုင်ငံတွင် ဘာဆယ် (လ်) အခြေခံစည်းမျဉ်း (BCPs) များကို အကောင်အထည်ဖော်နိုင်ခြင်း။

ဇယား (၃) ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ အကျဉ်းချုပ်

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	ဘဏ်လုပ်ငန်းကဏ္ဍတွင်မြန်မာနိုင်ငံ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း စံများ (MFRS) ကို လိုက်နာစေရေးအတွက် ဗဟိုဘဏ်က ကြီးကြပ်ရန်။							၁	ဗဟိုဘဏ်နှင့် စာရင်းကောင်စီ
၂။	ပြင်ဆင်ထားသော ဘာဆယ်(လ်)အခြေခံမူ အမှတ် ၁၄၊ ၂၆၊ ၂၇ နှင့် ၂၈ တို့ကို လက်ခံလိုက်နာ၍ အကောင်အထည်ဖော်ရေးအတွက် ဗဟိုဘဏ်က ဆောင်ရွက်ရန်။							၃	ဗဟိုဘဏ်

ဤဇယားတွင် အဆိုပြုထားသော လုပ်ငန်းများ၊ ထိုလုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် အချိန်ဇယား (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပါဝင်သော သက်ဆိုင်ရာ အတိုင်းများတွင် ဘားများဖြင့် ဖော်ပြထားပါသည်)၊ လုပ်ငန်း တစ်ခုချင်းစီ၏ ဦးစားပေးအဆင့်၊ လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် တာဝန်ရှိသော အဖွဲ့များ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း) စသည်တို့ကို ဖော်ပြထားပါသည်။ ဦးစားပေးအဆင့်ကို (၁)မှ (၃)အထိ (ဦးစားပေး တစ်ဖြည်းဖြည်းနည်းသွားသောအစီအစဉ်ဖြင့်) ဖော်ပြထားပါသည်။ လုပ်ငန်းအားလုံး အရေးကြီးသော်လည်း၊ အချို့သောလုပ်ငန်းများကို ဖြစ်နိုင်သမျှမြန်မြန် ပြီးစီးရပါမည်။ လုပ်ငန်းများအားလုံးကို တစ်ချိန်တည်းတွင် ပြီးစီးအောင်မဆောင်ရွက်နိုင်သောကြောင့် ဦးစားပေး (၁) လုပ်ငန်းကို ချက်ချင်းလုပ်ရန်ဖြစ်ပြီး၊ ဦးစားပေး (၃)လုပ်ငန်းကိုမူ နောက်တစ်ဆင့်တွင် ဆောင်ရွက်နိုင်ပါသည်။ ဦးစားပေး (၂)လုပ်ငန်း ကို ပထမအဆင့်၏ နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ဦးစားပေးအဆင့်ဆိုသည်မှာ လုပ်ငန်းများ၏ အရေးကြီးမှုကိုရည်ညွှန်းပြီး၊ အချိန်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

Source: GIZ

Proposed activities will include:

1. The CBM should enforce MFRS and MSA in the banking sector, potentially jointly with the MAC and OAG.
2. The CBM should implement and enforce the revised BCPs 14, 26, 27 and 28 on "Internal control and audit" and "Financial reporting and external audit".

Responsible parties:

The stakeholder responsible for the proposed activities is the CBM. 163

The enforcement of MFRS and MSA in the banking sector through further secondary regulation should be addressed in 2016 and 2017. The implementation and enforcement of the revised BCPs 14, 26, 27 and 28 should run from 2015 to 2020. 164

Strategy outcomes are:

1. Enforcement of IFRS and ISA in the Myanmar banking sector by the CBM.
2. Implementation of the BCPs in Myanmar.

Table 3: Summary of Actions for Statutory Framework and Institutional Setup

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	CBM regulation to enforce MFRS in the banking sector							1	CBM and MAC
2	The CBM to implement and enforce the revised Basel Core Principles 14, 26, 27 and 28							3	CBM

This table lists the proposed actions, an indication of the time frame in which each of these actions should be completed (corresponding to the columns ranging from year 2015 to year 2020 which are covered by the bar), the priority of each action, and the responsible parties (CBM, OAG, MAC, MICPA) for completing the action. Priority is classified from 1 to 3 with descending order of priority. All actions are important but some should be delivered as soon as possible. Priority 1 is the most urgent and priority 3 can be delivered in the second phase since not all the actions can be delivered at the same time. Priority 2 should be delivered in the first phase but at a later stage. Priority refers to the importance of the actions and not the timing.

Source: GIZ

၃-၃ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ကြောင်းကျိုးဆက်စပ်မှုနှင့် ရည်ရွယ်ချက်များ

၁၆၅ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်းတို့တွင် လူ့စွမ်းအားနှင့် အရင်းအနှီးရင်းမြစ်များ အကန့်အသတ်ရှိနေပါသည်။ အနာဂတ်ကာလတွင် စာရင်းကိုင်ခြင်းနှင့် စာရင်းစစ်ခြင်းပညာရပ်ကို ပိုမိုတက်ကြွစွာကိုယ်စားပြုနိုင်ရန်နှင့် ကြီးကြပ်ရေးလုပ်ငန်းတွင် ပိုမိုပါဝင်နိုင်ရန်အတွက် ထိုအကန့်အသတ်များကို ကျော်လွှားရမည်ဖြစ်ကြောင်း ထောက်ခံအကြံပြုလိုပါသည်။

၁၆၆ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအသင်းတို့သည် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရှင်များက ကြုံတွေ့နေရသော ပြဿနာများကို အာဏာပိုင်များသို့ ကိုယ်စားပြုဖြေရှင်းပေးသည့် ပဓါန အဖွဲ့အစည်းများဖြစ်သင့်ပါသည်။ ဤအဖွဲ့အစည်းများက အာဏာပိုင်များသို့ အကြံပြုစာများတင်သွင်းနေသည့်တိုင်အောင်၊ ဤအဆိုပြုချက်များကို အာဏာပိုင်များက မည်သည့်အတိုင်းအတာအထိ ထည့်သွင်းစဉ်းစားကြသည် ဟူသော အချက်မှာ မရှင်းလင်းပါ။ ယင်သို့ဖြစ်ရသည့် အကြောင်းရင်းများစွာရှိနိုင်သော်လည်း၊ အဓိကအချက်မှာ ရင်းမြစ်များ (resources) မရှိခြင်း ကြောင့်ဖြစ်ပါသည်။

အကျိုးခံစားသူများနှင့် တာဝန်ဂတ္တရားများ

၁၆၇ လက်ရှိအချိန်တွင် အာဏာပိုင်များနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဆက်ဆံရေးမှာ ကောင်းမွန်သော်လည်း၊ ပိုမိုတိုးတက်စေရန် လိုအပ်နေပါသေးသည်။ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း တို့အနေဖြင့် အစဉ်တစိုက် ပိုမိုပူးပေါင်းဆောင်ရွက်၍ လက်ရှိအင်အားများအား ပေါင်းစည်းရေးကို စဉ်းစားရန် အကြံပြုလို ပါသည်။ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများသည် ရင်းမြစ် (resources) များစွာရှိပြီး၊ အင်အားကြီးများလာပါက ပိုမိုတက်ကြွစွာ ဆောင်ရွက်နိုင်ပြီး၊ အာဏာပိုင်များနှင့်ဆက်ဆံရာတွင် ပိုမိုအလေးပေးခံရနိုင်ပါသည်။

၁၆၈ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့သည် ၄င်းတို့၏ ဂုဏ်သိက္ခာတိုးတက်စေရေးအတွက် နိုင်ငံတကာစာရင်းကိုင်များအဖွဲ့ချုပ် (IFAC) ၏ အဖွဲ့ဝင်စည်းကမ်းချက်များ (SMOs) နှင့် ကိုက်ညီစေရန် ရည်ရွယ်ဆောင်ရွက်သင့်ပါသည်။ ထိုစည်းကမ်းချက်များနှင့် ကိုက်ညီလာပါက အနာဂတ်ကာလ ကြီးကြပ်ရေးလုပ်ငန်းများတွင် ပိုမိုထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်၍ စာရင်းကိုင်နှင့်စာရင်းစစ်ပညာရပ်များကို ပိုမိုမြှင့်တင်နိုင်စွမ်းရှိလာပါမည်။ အပြန် အလှန်အားဖြင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများကို အာဏာပိုင်များက တစ်ဖြည်းဖြည်း ပိုမိုယုံကြည်လာပြီးကြီးကြပ်ရေးအခန်း ကဏ္ဍများကို တာဝန်ပိုမိုပေးအပ်လာပါလိမ့်မည်။

၁၆၉ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့်ဆက်စပ်နေသော နောက်ထပ်ပြဿနာတစ်ရပ်မှာ မြန်မာနိုင်ငံတွင် လက်မှတ်ရစာရင်းကိုင် (CPA) ကျောင်းသားများအတွက် သင်တန်းကျောင်းများ မရှိခြင်းဖြစ်ပါသည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံတွင် CPA သင်တန်းကျောင်း (၂)ကျောင်းသာရှိပါသည်။ သို့ဖြစ်၍ ဘွဲ့ရများ သို့မဟုတ် ပညာရှင်များသည် CPA အရည်အချင်းအတွက် သင်တန်းတက်ရောက်လိုလျှင်ပင်၊ ၄င်းတို့ အလုပ်လုပ်/နေထိုင်နေသော ပတ်ဝန်းကျင်တွင် သင်တန်းကျောင်းများ မရှိကြပါ။ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများသည် သင်တန်းကျောင်းများ ပိုမိုရရှိရေးအတွက် အာဏာပိုင်များ၊ အခြားသော ဆက်စပ်ပတ်သက်သူများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။ သင်တန်းကျောင်းများ ပိုမိုရရှိလာပါက၊ စာရင်းကိုင်ပညာရပ်ကို သင်ကြားနေသော ကျောင်းသားအရေအတွက် တိုးလာပါမည်။ CPA ကျောင်းသားများအတွက် သင်တန်းကျောင်းများ လိုအပ်နေမှုကို ကုစားနိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်မှ အတည်ပြုလိုက်သော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေသစ်တွင် မြန်မာနိုင်ငံ စာရင်းကောင်စီက သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများကို အသုံးပြု၍ လက်ရှိဖွဲ့စည်းထားသော စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် CPA သင်တန်းများ ဖွင့်လှစ်သင်ကြားမည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကို ခွင့်ပြုပေးထားပါသည်။ စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်ဆိုင်ရာ သင်တန်းကျောင်းများ တိုးတက်စေရေးအတွက် နောက်ထပ်အဆိုပြုထားသော လုပ်ငန်းများကို အပိုင်း ၃-၅ တွင် ဖော်ပြထားပါသည်။ (အပိုင်း ၃-၅၊ စာပိုဒ် ၁၈၈ ကို ကြည့်ပါ။)

3.3 Role of Professional Associations

Rationale and objectives

The professional associations MAC and MICPA have limited human and capital resources. In the future it is recommended that they overcome these limitations so they can be more pro-active in representing the accounting and auditing profession and contribute to its regulation. 165

The MAC and MICPA should be central in representing the issues facing accountants and auditors to the authorities. Even if they submit written representations to the authorities, it is not clear to what extent their proposals are taken into account by the authorities. This may be due to a number of factors but their lack of resources is certainly a key one. 166

Beneficiaries and responsibilities

The current relationship between the authorities and the professional associations is reasonably good but can be improved. It is recommended that the MAC and MICPA act more consistently together and join their forces by considering merging together. Bigger professional associations equipped with better resources may be more active and will have more traction in dealing with the authorities. 167

The MAC and MICPA should also aspire to comply with the International Federation of Accountants' (IFAC) Statements of Membership Obligations (SMOs) to improve their credibility. They will be able to contribute more effectively to future regulations and hence be able to promote the accounting and auditing professions more effectively. In turn, the professional associations would be given more regulatory roles because they are gradually seen as more credible by the authorities. 168

Another issue close to the role of the professional associations is the lack of training centers for CPA students in Myanmar. To date, there exist only two training centers for CPA students in Myanmar. Hence, even if graduates or professionals are interested in training for the CPA qualification, sometimes they cannot find training centers close to where they work and live. Professional associations should engage more with the authorities and other stakeholders to ensure that more training centers are available. If more training centers are available, the number of students studying accounting qualifications will increase. In order to remedy the shortage in training centers for CPA students, the new MAC Law, which was recently passed by the Parliament on June 5th, 2015 allows private accountancy schools to offer CPA courses in line with the curriculums prescribed by the MAC and under the control and supervision of the recently formed Compliance Review Committee. Further proposed actions to strengthen professional training in accounting and auditing are provided in Section 3.5 (**cf. Section 3.5, para 188 f**). 169

အဆိုပြုထားသော လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) မြန်မာနိုင်ငံ စာရင်းကောင်စီနှင့်မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းတို့သည် ၂ နှစ်မှ ၅ နှစ် ကာလအတွက် လုပ်ငန်းစီမံချက်များရေးဆွဲရန်နှင့် အဖွဲ့အစည်းအားပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်း၍ ရင်းမြစ်များနှင့် နည်းပညာအကူအညီများ ရရှိဖွေသင့်ပါသည်။ ပြန်လည် တည်ဆောက်မည့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများသည်ရေတိုနှင့်ရေရှည်ကာလများအတွက်လူ့စွမ်းအားရင်းမြစ် များအပါအဝင် အရင်းအနှီး ရင်းမြစ်များ တိုးတက်စေရန် ဦးတည်၍ အောက်ပါလုပ်ငန်းများကိုဆောင်ရွက် သင့်ပါသည် -

(က) စာရင်းကိုင်များကို လေ့ကျင့်သင်တန်းပေးရန်အတွက် တက္ကသိုလ်များ၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်း ကျောင်းများနှင့် ပိုမို၍ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်း။

(ခ) စာရင်းကိုင်သင်ရိုးညွှန်းတမ်းကို ပိုမိုဆွဲဆောင်မှုရှိစေရန်၊ ကျောင်းသားများ လက်လှမ်းမီစေရန်နှင့် နိုင်ငံ တကာစံများနှင့်ကိုက်ညီစေရန် ဆောင်ရွက်ခြင်း။

(ဂ) ကျောင်းသားများစွာကို ဆွဲဆောင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များနှင့် တက္ကသိုလ်များတွင် သင်တန်းကျောင်းများ ပိုမိုဖွင့်လှစ်ခြင်း၊ သို့မဟုတ် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ပိုမိုဖွင့်လှစ် စေခြင်း။

(ဃ) မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြုသည့် ပညာရပ်ဆိုင်ရာ ဘွဲ့များ ပေးနိုင်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။

(င) စာရင်းကိုင်နှင့်စာရင်းစစ်များ၏ နိုင်ငံတကာကျင့်ဝတ်သိက္ခာစံများကို လိုက်နာစေ၍ စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းများ၏ အရည်အသွေးကို စနစ်တကျနှင့် ပုံမှန်သုံးသပ်စစ်ဆေးခြင်း။

(၂) မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းတို့သည် အချို့သော စီမံကိန်းများကို ပူးတွဲဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပူးပေါင်း၍ ဆွေးနွေးပွဲများကို ဦးဆောင်ကာ လုပ်ငန်းပိုင်းဆက်ဆံရေးကို အားပေးမြှင့်တင်သင့်ပါသည်။ စီမံကိန်းဥပမာအချို့မှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့် စာရင်းစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် အာဏာပိုင်များသို့ အကြံပြုစာများ ပူးတွဲတင်ပြခြင်း။

(ခ) တက္ကသိုလ်များ၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် သင်တန်း ကျောင်းများ တိုးတက်အောင်ဆောင်ရွက်ခြင်း။

(ဂ) နိုင်ငံတကာစံများ၊ စာရင်းကိုင်နှင့်စာရင်းစစ်များ၏ တန်ဖိုးမြင့်လာမှုကို အသိနိုးကြားစေမည့် လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများကို ပူးတွဲစီစဉ်ဆောင်ရွက်ခြင်း။

(၃) မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည် မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့၏ အကူအညီဖြင့် IFAC အဖွဲ့ချုပ်၏ အသင်းဝင်စည်းကမ်းချက်များ (SMOs) နှင့် ကိုက်ညီစေ ရန် ရည်ရွယ် ဆောင်ရွက်သင့် ပါသည်။ သို့မှသာ IFAC အဖွဲ့ချုပ်၏ တင်းပြည့်အသင်းဝင်ဖြစ်လာပါမည်။

(၄) လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် IFRS ဆိုင်ရာ အင်တာနက်အခြေခံသည့် သင်တန်းနည်းစနစ်များ ကို လေ့လာရန်နှင့် ကော်မတီသို့ အကြံပြုချက်များ ပြန်လည်တင်ပြရန်အတွက် လုပ်ငန်းအဖွဲ့ငယ်တစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးသင့်ပါသည်။

Proposed activities will include:

1. The MAC and MICPA together with the OAG should mobilize resources and technical assistance so that MAC and MICPA are restructured with a proper 2-5 years action plan. The restructured professional associations should focus on improving their capital resources and in particular their human resources in the short and long term through the following actions:
   a. More interactions with universities and private accountancy schools to train accountants.
   b. Make the syllabus on accounting more attractive, accessible to students and in line with international standards.
   c. Set up more training centers in the regions and in universities or private accountancy schools to attract more students.
   d. Engage with international organizations and universities to deliver internationally recognized professional qualifications in Myanmar.
   e. Enforce international standards on ethics for auditors and accountants and perform quality reviews on work of accountants and auditors in a regular and systematic manner.

2. The MAC and MICPA together with the OAG should lead discussions and foster a working relationship in order to set up a common platform to work jointly together on some projects. Such projects should be for example:
   a. Submitting comment letters on matters pertaining to financial reporting and auditing to the authorities jointly.
   b. Increasing the availability of training centers in Myanmar in collaboration with the universities or private accountancy schools.
   c. Organizing events and conferences jointly to raise awareness of international standards, added value of accountants and auditors in the society.

3. The MICPA with the assistance of the MAC and OAG should aspire to comply with the IFAC's SMOs so that the MICPA can become a fully fledged member of IFAC.

4. The APC should assign a sub-group to conduct a study on potential IFRS online training tools and make a recommendation to the committee.

တာဂန်ရှိသော အဖွဲ့များ

၁၇၀ ဤလုပ်ငန်းများအတွက် တာဂန်ရှိသော အဓိကဆက်စပ်ပတ်သက်သူများမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပူးတွဲဆောင်ရွက်ရမည့် မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်အသင်းတို့ဖြစ်ပါသည်။ ဤအဖွဲ့အစည်းများသည် ဘဏ်များ၊ ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများထံမှ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုများလိုအပ်ပါ လိမ့်မည်။

၁၇၁ လုပ်ငန်းများကို ၂၀၁၅ ခုနှစ်တွင် စတင်၍ ၂၀၂၀ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သင့်ပါသည်။

မဟာဗျူဟာမြောက် အကျိုးရလာဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ထိန်းသိမ်းကြီးကြပ်ရေး အခန်းကဏ္ဍများပိုင်ဆိုင်ထားပြီး၊ ပိုမိုတက်ကြွသော ဥပဒေလိုက်နာစေရေးအဖွဲ့အစည်းဖြစ်လာစေခြင်း။

(၂) မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းအား IFAC အဖွဲ့ချုပ်၏ အဖွဲ့ဝင်ဖြစ်လာစေခြင်း။

ဇယား (၄) - ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍတိုးတက်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဂန်ရှိသည့်အဖွဲ့များ
၁။	စာရင်းပညာရပ်ဆိုင်ရာအဖွဲ့အစည်းများအား ၂ နှစ်မှ ၅ နှစ်အထိ သင့်တော်သော စီမံချက်များဖြင့် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေရင်းမြစ် နှင့် နည်းပညာအကူအညီများ ရှာဖွေရန်။							၁	စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၂။	စာရင်းပညာရပ်ဆိုင်ရာအဖွဲ့အစည်းများက စီမံကိန်းအချို့တွင် ပူးတွဲလုပ်ကိုင်နိုင်မည့် ဘုံလမ်းကြောင်း တစ်ခုတည်ဆောက်နိုင်ရန် အတွက် ဆွေးနွေးပွဲများကို ဦးဆောင်၍ လုပ်ငန်းချင်း ချိတ်ဆက်မှုများကို အားပေးရန်။							၂	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၃။	မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို IFAC ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်လာစေရန်အတွက် စာရင်းကောင်စီနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့၏ အကူအညီဖြင့် IFAC အဖွဲ့ဝင်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်။							၃	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

ဤဇယားတွင် အဆိုပြုထားသော လုပ်ငန်းများ၊ ထိုလုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် အချိန်ဇယား (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပါဝင်သော သက်ဆိုင်ရာ အတိုင်းများတွင် ဘားများဖြင့် ဖော်ပြထားပါသည်)၊ လုပ်ငန်း တစ်ခုချင်းစီ၏ ဦးစားပေးအဆင့်၊ လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် တာဂန်ရှိသော အဖွဲ့များ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း)စသည်တို့ကို ဖော်ပြထားပါသည်။ ဦးစားပေးအဆင့်ကို (၁)မှ (၃)အထိ (ဦးစားပေး တစ်ဖြည်းဖြည်းနည်းသွားသောအစီအစဉ်ဖြင့်) ဖော်ပြထားပါသည်။ လုပ်ငန်းအားလုံး အရေးကြီးသော်လည်း၊ အချို့သောလုပ်ငန်းများကို ဖြစ်နိုင်သမျှမြန်မြန်ပြီးစီးရပါမည်။ လုပ်ငန်းများအားလုံးကို တစ်ချိန်တည်းတွင် ပြီးစီးအောင်မဆောင်ရွက်နိုင်သောကြောင့် ဦးစားပေး (၁) လုပ်ငန်းကို ချက်ချင်းလုပ်ရန်ဖြစ်ပြီး၊ ဦးစားပေး (၃)လုပ်ငန်းကိုမူ နောက်တစ်ဆင့်တွင် ဆောင်ရွက်နိုင်ပါ သည်။ ဦးစားပေး (၂) လုပ်ငန်းကို ပထမအဆင့်၏ နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ဦးစားပေးအဆင့်ဆိုသည်မှာ လုပ်ငန်း များ၏ အရေးကြီးမှုကိုရည်ညွှန်းပြီး၊ အချိန်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

Source: GIZ

Responsible parties:

The main stakeholders responsible for these actions are the MAC and MICPA together with the OAG. They will need the assistance and collaboration of other stakeholders such as banks and audit firms. 170

The activities should start in 2015 and will run until 2020. 171

Strategy outcomes are:

1. More pro-active association and enforcement body with regulatory and oversight role.
2. MICPA becomes member of IFAC.

Table 4: Summary of Actions for Role of Professional Associations

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	Mobilizing resources and technical assistance so that the professional associations are restructured with a proper 2-5 years action plan							1	OAG, MAC, MICPA
2	Leading the discussions and fostering a working relationship so that the professional associations set up a common platform to work jointly together on some projects							2	OAG, MAC, MICPA
3	With the assistance of the MAC and OAG, compliance of MICPA with the IFAC's SMOs so that MICPA can become a full fledge member of IFAC							3	OAG, MAC, MICPA

This table lists the proposed actions, an indication of the time frame in which each of these actions should be completed (corresponding to the columns ranging from year 2015 to year 2020 which are covered by the bar), the priority of each action, and the responsible parties (CBM, OAG, MAC, MICPA) for completing the action. Priority is classified from 1 to 3 with descending order of priority. All actions are important but some should be delivered as soon as possible. Priority 1 is the most urgent and priority 3 can be delivered in the second phase since not all the actions can be delivered at the same time. Priority 2 should be delivered in the first phase but at a later stage. Priority refers to the importance of the actions and not the timing.

Source: GIZ

၃-၄ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေခြင်း

ကြောင်းကျိုးဆက်စပ်မှုနှင့် ရည်ရွယ်ချက်များ

၁၇၂ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာ စံများ (MFRS) ကို လိုက်နာအောင် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ လိုက်နာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (IFRS) နှင့်အညီရေးဆွဲထားသော ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့် ပုံမှန်သုံးသပ်ခြင်း ကဲ့သို့သော အပိုဆောင်း တာဝန်ဝတ္တရားများ ရှိလာပါလိမ့်မည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်စစ်ဆေးရေးဌာန (FISD) တွင် IFRS စံများကို ကျွမ်းကျင်သော ဝန်ထမ်းများလည်း ထပ်မံလိုအပ်လာပါမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စာရင်းပိုင်းဆိုင်ရာကျွမ်းကျင်မှုအတွက်လည်း ထပ်တိုးလာမည့် တာဝန်များနှင့်အညီ ပြန်လည်ဖွဲ့စည်းရန် လိုအပ်ပါလိမ့်မည်။

၁၇၃ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အရည်အချင်းပြည့်မီသောစာရင်းကိုင် အနည်းဆုံး (၂) ဦးကို ခန့်ထားသင်ကြောင်း အကြံပြု အပ်ပါသည်။ အနည်းဆုံးတစ်ဦးမှာ နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်ပညာရှင် ဖြစ်သင့်ပြီး၊ နောက် တစ်ဦးမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) ဖြစ်သင့်ပါသည်။

အကျိုးခံစားရသူများနှင့် တာဝန်ဝတ္တရားများ

၁၇၄ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဥပဒေလိုက်နာစေရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်မီသော စာရင်းကိုင် အနည်းဆုံး (၂)ဦးကို ခန့်ထားသင့်ပါသည်။ ထို့အပြင် စာရင်းကိုင်နှင့်စာရင်းစစ်လုပ်ငန်းဆိုင်ရာ ပြဿနာများအတွက် တာဝန်ရှိသော သီးခြားအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းရပါမည်။ အသစ်ခန့်အပ်မည့် အရည်အချင်းမီ စာရင်းကိုင် (၂) ဦးမှာ ထိုအဖွဲ့တွင် ဖြစ်သင့်ပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အတွင်းရှိ IFRS စံ ကျွမ်းကျင်သူများဖြစ်လာပါမည်။ ထိုစာရင်းကိုင် (၂)ဦးတို့သည် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ(MFRS) နှင့်ပတ်သက်သောပြဿနာများအတွက် ပထမဦးဆုံး ဆက်သွယ်ရမည့်သူ (focal points) များ ဖြစ်ကြပါမည်။ ဥပမာအားဖြင့် ဘဏ်ကြီးကြပ်သူများက ဘဏ္ဍာရေးရှင်းတမ်းများနှင့် ပတ်သက်သည့် မေးခွန်းများမေးလိုပြီး၊ စာရင်းသွင်းပုံနှင့်ဘဏ္ဍာရေးရှင်းတမ်းပါဖော်ပြချက်များကို နားမလည်ပါက၊ ထိုဌာနတွင်း IFRS ကျွမ်းကျင်သူ (၂)ဦးတို့က ပထမဆုံးရှင်းလင်းပေးပါလိမ့်မည်။ ထိုကျွမ်းကျင်သူများသည် ကြီးကြပ်ရေးဌာနများက ပြင်ပစာရင်းစစ်များနှင့် ဘဏ်များအား မေးရမည့် IFRS စံများနှင့် ပတ်သက်သည့် မေးခွန်းများပြင်ဆင်ရေးအတွက်လည်း ကူညီပေးပါမည်။ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းကဏ္ဍ၏ အရွယ်အစားအရ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပထမအဆင့် အနေဖြင့် IFRS ကျွမ်းကျင်သူ အနည်းဆုံး (၂)ဦးကို ခန့်ထားရပါမည်။

၁၇၅ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘဏ်များက MFRS နှင့်အညီပြုစုတင်ပြမည့် အချက်အလက်များကို အမြင့်ဆုံး အသုံးချနိုင်ရန်အတွက်၊ စာရင်းစစ်များနှင့်ဘဏ်များအား နှစ်ဦးနှစ်ဖက်ပုံမှန်အစည်းအဝေးများပြုလုပ်၍ စာရင်းရေးသွင်းပုံများ နှင့်သတိပြုရမည့် ကိစ္စရပ်များ ချိတ်ဆက်နေမှုကို ဆွေးနွေးရပါမည်။

၁၇၆ MFRS နှင့်အညီ ပြုစုထားသော ဘဏ္ဍာရေးရှင်းတမ်းများကို ပြန်လည်သုံးသပ်စစ်ဆေးနိုင်ရန်အတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ယင်းဘဏ္ဍာရေးရှင်းတမ်းများကို ပုံစံတကျတည်ဆောက်ထားသော တစ်ပြေးညီ ပုံစံများဖြင့် စုဆောင်းရပါမည်။ ဘဏ်လုပ်ငန်းကဏ္ဍရှိ အချက်အလက်များအား စုစည်း၍ သရုပ်ခွဲဆန်းစစ်နိုင်ရန်အတွက် ထို MFRS ဘဏ္ဍာရေးရှင်းတမ်းများကို အခြေခံထားသော အချက်အလက်စနစ် (database) တစ်ခုကို တည်ထောင်ရပါမည်။ ဤသို့ သရုပ်ခွဲဆန်းစစ်ရာတွင် ဥရောပသမဂ္ဂတွင်သုံးနေသော FINREP အချက်အလက်စုဆောင်းရေးစနစ်မှ အသင့်သုံးပုံစံများဖြင့် ဖြည့်သွင်းထားသော ဘဏ္ဍာရေးရှင်းတမ်းမူဘောင် (ဆိုလိုသည်မှာ FINREP စနစ်၏ သုံးရလွယ်သော version တစ်ခု)ကို အခြေခံရပါမည်။

3.4 Strengthening Institutional Capacity

Rationale and objectives

CBM should enforce MFRS in the banking sector in Myanmar. In order to enforce MFRS, CBM will be required to take on additional responsibilities such as verification and review of IFRS financial statements on a regular basis. CBM will therefore need additional staff with IFRS skills in the FISD. An accounting center of expertise in the CBM should be set-up to fulfill these additional responsibilities. 172

It is recommended that the CBM should have at least 2 qualified accountants. At least one internationally recognized professionally qualified accountant and one Myanmar CPA. 173

Beneficiaries and responsibilities

In the context of its role for enforcement, the CBM should employ at least 2 qualified accountants. In addition, the CBM should set up a dedicated team that will be responsible for accounting and auditing issues. The 2 qualified accountants will be part of the team and will be the in-house IFRS experts within the CBM. They can act as a first point of contact in the CBM for all issues pertaining to MFRS. For example, when supervisors have queries on financial statements and do not understand the accounting treatment or financial statements disclosures, they will first clarify these issues with these in-house IFRS experts. The experts will also help the supervision department to draft and formulate IFRS related questions to external auditors and banks. Because of the size of the banking sector in Myanmar, CBM should employ at least 2 IFRS experts initially. 174

In order for the CBM to make maximum use of MFRS data that banks will prepare, CBM should organize regular bilateral meetings with auditors and banks separately to discuss accounting treatment and linkages with prudential matters. 175

To facilitate the review and verification of MFRS financial statements, the CBM must collect MFRS financial statements in a structured manner and on a consistent basis. CBM should build a database based on MFRS financial statements data for analysis and data aggregation for the banking sector. This analysis may be based on the Financial Reporting Framework in the European Union (FINREP) data collection templates, i.e. a light version of FINREP. 176

၁၇၇ FINREP သည် ဘဏ္ဍာရေး (စာရင်းကိုင်) အချက်အလက်များအား အစီရင်ခံခြင်းအတွက် စံပြုသတ်မှတ်ထားသော မူဘောင် ပုံစံတစ်ခုဖြစ်ပြီး၊ အရှုံး/အမြတ်ရှင်းတမ်း နှင့် လက်ကျန်ရှင်းတမ်းမှ ကိန်းဂဏန်းများကို အစီရင်ခံရန်အတွက် အသင့်သုံး ပုံစံများ ပါဝင်ပါသည်။

၁၇၈ FINREP စနစ်ကို IFRS များကို လိုက်နာရန်လိုအပ်သည့် ချေးငွေအဖွဲ့အစည်းများ (စုစည်းထားသော အုပ်စုများ) နှင့် ဘဏ္ဍာရေးကဏ္ဍတွင် စာရင်းမသွင်းထားသော ကုမ္ပဏီများက အသုံးပြုကြပါသည်။ အစီရင်ခံရသည့် အကြိမ်မှာ ကုမ္ပဏီ အများစုအတွက် သုံးလတစ်ကြိမ်ဖြစ်ပါသည်။

၁၇၉ FINREP စနစ်ရှိ အသင့်သုံးပုံစံများကို အောက်ပါအတိုင်း အုပ်စုများ ခွဲခြားနိုင်ပါသည် -

- အပိုင်း (၁) - မူလရှင်းတမ်းများ (အရှုံး/အမြတ်ရှင်းတမ်း၊ လက်ကျန်ရှင်းတမ်း၊ ဘက်စုံဂင်ငွေ)
- အပိုင်း (၂) - ပိုင်ဆိုင်မှုများနှင့် ပေးရန်တာဝန်များကို ဖော်ပြခြင်း
- အပိုင်း (၃) - လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော လုပ်ငန်းများနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ သတင်းအချက် အလက်များ
- အပိုင်း (၄) - နောက်ဆက်တွဲ အချက်အလက်များ (အုပ်စုဖွဲ့စည်းပုံ၊ လျာထားငွေ၊ မတည်ငွေများ အပြောင်းအလဲ၊ အခြား)

၁၈၀ FINREP စနစ်ကို အကောင်အထည်ဖော်ခြင်းသည် ရှုပ်ထွေးပြီး၊ ရေရှည်ဆောင်ရွက်ရသော စိမ်ကိန်းတစ်ခု ဖြစ်သော်လည်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အတွက် ဘဏ္ဍာရေးအစီရင်ခံစာများကို ပုံမှန်နှင့်တစ်ပြေးညီ စုဆောင်းဆန်းစစ်နိုင်မည့် စနစ်ကျသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

၁၈၁ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များက IFRS စံအရ အချက်အလက်များ တည်ဆောက်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏအချိန်ကာလကို လျော့နည်း၍ မခန့်မှန်းစေလိုပါ။ FINREP စနစ်ကို ၅ နှစ်မှ ၆ နှစ်ကာလဖြင့် ပြီးစီးအောင် ဆောင်ရွက် ရပါမည်။ ပထမအချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် IFRS စံများအား အကောင်အထည်ဖော်ရေးအတွက် မှန်ကန် သော အခြေခံအုတ်မြစ်ရှိထားရန် အရေးကြီးပါသည်။ ထိုအခြေခံလုပ်ငန်းသည်ပင် အနည်းဆုံး ၃ နှစ်မှ ၄ နှစ်အထိ ကြာမြင့်နိုင်ပါသည်။

၁၈၂ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကာလတိုအနေဖြင့် သင့်တော်သော ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ရှိသည့် ဝန်ထမ်းများဖြင့် စာရင်းကိုင်နှင့် စာရင်းစစ်မူဝါဒဌာနခွဲတစ်ခု တည်ထောင်၍ IFRS စံဖြင့် ပြုစုထားသော ဘဏ္ဍာရေး ရှင်းတမ်းများကို သုံးသပ်ဆန်းစစ်ရန် စတင်ဦးတည်သင့်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များက MFRS စံများအား အသုံးပြုခြင်းကို တစ်ပြေးညီ စောင့်ကြည့်စစ်ဆေးနိုင်ပါမည်။

၁၈၃ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို ထပ်မံတိုးတက်စေရေးအတွက် နည်းလမ်းတစ်ခုမှာ ဒေသတွင်းရှိ ဤကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပြီးသည့် နိုင်ငံများမှ ကျွမ်းကျင်သူများနှင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပိုမိုပြုလုပ်ရန်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ဒေသတွင်းရှိ ကြီးကြပ်သူများအကြားတွင် ပုံစံတကျတည်ဆောက်ထားပြီး ဆောင်ရွက်နေသော ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ မရှိသေးပါ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များသည် အခြားသော ကြီးကြပ်သူများ၊ ဘဏ်များနှင့်ပြုလုပ်သော ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်ရှိ ပညာရပ်ဆိုင်ရာ ဆွေးနွေး ပွဲများတွင် ပိုမိုတက်ကြွစွာ ချိတ်ဆက်ပါဝင်သင့်ပါသည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ သည် ပြုပြင်ပြောင်းလဲမှုအောင်မြင်နေသော နိုင်ငံများမှ သင်ခန်းစာများကို လေ့လာရန်လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ဆဲနိုင်ငံများမှ အတွေ့အကြုံများကို မျှဝေရန်လည်းကောင်း၊ ဒေသတွင်းရှိ အခြားနိုင်ငံများမှ ကြီးကြပ်သူများနှင့် ဆက်ဆံရေးများ ပိုမိုတည်ဆောက်သင့်ပါသည်။

FINREP is a standardized framework for reporting financial (accounting) data. It comprises templates for reporting selected figures from the income statement and the balance sheet. 177

FINREP applies to credit institutions (consolidated groups) and unlisted financial sector companies which are required to apply IFRS. The frequency of reporting is quarterly for the most part. 178

The FINREP templates are split into the following groups: 179

Part 1: Primary statements (balance sheet, income statement, and comprehensive income)
Part 2: Disclosure of financial assets and liabilities
Part 3: Off balance sheet activities and related parties' information
Part 4: Supplementary information (group structure, provisioning, changes in equity, other)

Implementation of FINREP is a complex and long term project but it would be a systematic way for the CBM to collect and analyze financial statements data in a regular and consistent manner. 180

The CBM should not underestimate the amount of work involved and the time to build an IFRS database for banks. FINREP can be completed in a period of 5 to 6 years. First, it is crucial that CBM gets the foundation of IFRS implementation right. This in itself will take at least 3 to 4 years. 181

In the short term, the CBM should focus on building up the accounting and auditing policy unit with staff who have the appropriate experience and expertise and start reviewing and analyzing IFRS financial statements. This will help the CBM to monitor application of MFRS by banks in a consistent manner. 182

In order to further strengthen institutional capacity one approach is to develop and foster technical discussions among peers in the region and with countries that have already adopted these reforms. Currently, there are no structured and on-going technical discussions among regulators in the region. OAG, CBM and banks should participate and engage more actively at the regional and international level in technical discussions with other regulators and banks. OAG and CBM should build relationships at the technical level with other regulators in the region to either learn from the lessons of countries which are ahead of the curve or share their lessons with countries which are behind of the curve. 183

၁၈၄ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဘဏ်အချို့တို့သည်အတိတ်ကာလကဆင်တူသောပြဿနာများကိုရင်ဆိုင်ခဲ့ရသည့်အခြားနိုင်ငံများသို့လေ့လာရေးခရီးစဉ်များ ဆက်လက်စေလွှတ်ရန်လည်း စဉ်းစားသင့်ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၅ ခုနှစ် မေလတို့တွင် မလေးရှားနိုင်ငံသို့ လေ့လာရေးခရီးစဉ် (၂)ကြိမ်သွားခဲ့ပြီး၊ နောက်ထပ်သွားမည့် ခရီးစဉ်များအတွင်းတွင် မြန်မာနိုင်ငံမှ ဆက်စပ်ပတ်သက်သူများအား IFRS များ အကောင်အထည်ဖော်ခြင်းနှင့် ကတိကဝတ်/ ပိုင်ရှင်ဖြစ်မှုဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေပါလိမ့်မည်။

၁၈၅ နောက်ထပ်လေ့လာခရီးစဉ်များအတွက် သင့်တော်သော နိုင်ငံမှာ တောင်ကိုရီးယားဖြစ်ပြီး၊ မကြာသေးမီကမှ IFRS စံများကို အကောင်အထည်ဖော်နိုင်ခဲ့သော နိုင်ငံဖြစ်ပါသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားနိုင်ငံသည် IFRS အကောင်အထည်ဖော်သည့်လုပ်ငန်းကို ပံ့ပိုးကူညီနိုင်ရန်အတွက် ပညာရှင်များပါဝင်သော ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ တောင်ကိုရီးယားနိုင်ငံသည် ၄င်းတို့ဘဏ်များက ထုတ်ပြန်သော ဘဏ္ဍာရေးရှင်းတမ်းများ၏ အရည်အသွေးကောင်းမွန်သည်ဟူသော အမြင်တိုးတက်စေရန်နှင့် နိုင်ငံတကာစာရင်းကိုင်အသိုင်းအဝိုင်းတွင် တောင်ကိုရီးယားနိုင်ငံ၏ အဆင့်တိုးတက်လာစေရန် မျှော်မှန်းနေပါသည်။ ဤပြဿနာများအားလုံးတို့မှာ နှစ်အနည်းငယ် အချိန်အတွင်း အခြေခံအုတ်မြစ်ကို သင့်တော်စွာ ချပြီးချိန်တွင် မြန်မာနိုင်ငံ၏ ဆက်စပ်ပတ်သက်သူများအတွက် အားထားစရာ အတွေ့အကြုံများ ဖြစ်လာပါမည်။

၁၈၆ လေ့လာရေးခရီးစဉ်များကို ကောင်းမွန်စွာ စီမံချက်ရေးဆွဲ၍ ပြင်ဆင်သင့်ပါသည်။ လေ့လာရေးခရီးစဉ်များတွင် အဓိက ဆက်စပ်ပတ်သက်သူ (၄)ဖွဲ့နှင့် ဘဏ်များမှ ကိုယ်စားလှယ်များ ပါဝင်သင့်ပါသည်။ ဘဏ္ဍာရေးပန်ကြီးဌာနနှင့် ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများမှ ကိုယ်စားလှယ်များကိုလည်း ဖိတ်ကြားသင့်ပါသည်။ လေ့လာရေးခရီးစဉ်များအတွင်းတွင် သွားရောက် သည့် နိုင်ငံ၏ ဘဏ်လုပ်ငန်းကြီးကြပ်သူ၊ စာရင်းကိုင်လုပ်ငန်းကြီးကြပ်သူ၊ ပုဂ္ဂလိကစာရင်းကိုင်အဖွဲ့များ၊ ဘဏ်များ၏ စာရင်းကိုင်ချုပ်များ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများစသည့် သက်ဆိုင်ရာ counterparts များဖြင့် တိကျသော အစီအစဉ် များအတိုင်း အစည်းအဝေးများ စီစဉ်ပြုလုပ်ရပါမည်။ နောက်တစ်ကြိမ်လေ့လာရေးခရီးစဉ်ကို လုပ်ငန်းတိုးတက်မှု အချို့ ရှိလာပြီးနောက်တွင် စီစဉ်ရပါမည်။

အဆိုပြုထားသော လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည် -

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စာရင်းကိုင်နှင့် စာရင်းစစ်ဝန်ထမ်းများနှင့် အလားအလာရှိသော စာရင်းဆိုင်ရာမူဝါဒ ဌာနစိတ်တစ်ခု သို့မဟုတ် အလုပ်အတူလုပ်နိုင်သောအုပ်စု တည်ထောင်၍ နည်းပညာနှင့် အကူအညီများထောက်ပံ့ပေးရပါမည်။ သို့မှသာ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်စွမ်းရှိလာပါမည် -

(က) စာရင်းကိုင်/စာရင်းစစ်ပြဿနာများ၊ IFRS နှင့် ISA စံနှုန်းများနှင့်ပတ်သက်လာပါက ဗဟိုဘဏ်၏ အကောင်းဆုံးဌာန တစ်ခုဖြစ်လာရန်။

(ခ) စာရင်းကိုင်/စာရင်းစစ်ပြဿနာများ၊ ကြီးကြပ်ရေး၊ မတည်ငွေဆိုင်ရာ ပြဿနာများ (တန်ဖိုးဖြတ်ခြင်း၊ ပျက်စီးခြင်း၊ မတည်ငွေ စသည်ဖြင့်) နှင့် စာရင်းကိုင်စာရင်းစစ်ပြဿနာများ ချိတ်ဆက်နေမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခြားဌာနများအား အကြံပေးနိုင်သည့် ဌာနတစ်ခု အဖြစ် ဆောင်ရွက်ရန်။

(ဂ) ဘဏ်များ၏ ဘဏ္ဍာရေးရှင်းတမ်းများအား ပုံမှန်သုံးသပ်၍ ဆန်းစစ်ရန်။

(ဃ) ကြီးကြပ်ရေးပန်ထမ်းများနှင့်ပူးတွဲ၍ စာရင်းကိုင်လုပ်ငန်း အချက်အလက်စနစ်တစ်ခု တည်ထောင် ထိန်း သိမ်းရန်။

(င) မြန်မာနိုင်ငံရှိ ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ လုပ်ဆောင်ချက်များနှင့်ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းပေးရန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့နှင့် ပုံမှန်စနစ်တကျဖြင့် အပြန်အလှန် ဆောင်ရွက် ရန်/အထောက်အကူပြုရန်။

OAG, CBM, MAC, MICPA and some banks should also consider continuing the organization of study visits in countries that have faced similar issues in the past. After 2 study visits in Malaysia in October 2014 and Mai 2015, the next study visits will allow the stakeholders in Myanmar to keep the momentum in IFRS implementation and the commitment/ownership. 184

A suitable partner for the next study visit could be South Korea. The country implemented IFRS successfully in the recent past. For instance, South Korea set up a number of committees with experts and task force to facilitate IFRS implementation. South Korea is now expecting to see improved perception of the reliability of financial statements provided by Korean companies as well as enhanced status of South Korea in the international accounting community. All these issues would be relevant for the stakeholders in Myanmar in a few years' time once the foundation has been properly built. 185

The study visits should be well planned and prepared. Representatives from the 4 key stakeholders and banks should participate in the study visits. Representatives from the MoF and audit firms could also be invited to participate. During the study visits, meetings with specific agenda and with relevant counterparts such as the partner country's banking regulator, accounting regulator, accounting firms, chief accountants of banks and professional associations should be organized. The next study visits should take place after some progress has been made. 186

Proposed activities will include:

1. The CBM should provide technical know-how and assistance to their accounting and auditing staff and potentially set up an internal accounting group so that they are able to carry out the following functions:
    a. Be a center of excellence for the CBM regarding accounting/auditing issues, IFRS and ISA;
    b. Act as expert advisors to other areas of the CBM on accounting/auditing issues and their linkages with supervisory and capital issues such as valuations, impairment, capital, etc.;
    c. Review and analyze financial statements of banks on a regular basis;
    d. Build and maintain an accounting database jointly with supervision staff; and
    e. Deal with issues related to the role and activities of auditing firms in Myanmar and support/interact on a regular and systematic basis with the OAG, audit firms and MICPA.

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ် ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့သည် မလေးရှားနှင့် တောင်ကိုရီးယားကဲ့သို့သော နိုင်ငံများသို့ လေ့လာရေး ခရီးသွားရောက်ရန် စီမံချက်ရေးဆွဲပြီး၊ ထိုလေ့လာခရီးစဉ်တွင် ပါဝင်မည့် ဆက်စပ်ပတ်သက်သူများ၊ ခရီးစဉ် အတွင်း သွားရောက်တွေ့ဆုံမည့် အဖွဲ့အစည်းများ၊ ဦးတည်လေ့လာမည့်နယ်ပယ်များ စသည်တို့ကို သတ်မှတ် ဖော်ထုတ်ထားရပါမည်။ နောက်ထပ်လေ့လာရေးခရီးစဉ်များကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များအတွင်း ရရှိခဲ့ သည့် လုပ်ငန်းတိုးတက်မှုများပေါ်မူတည်၍ ဆက်လက်စီစဉ်သင့်ပါသည်။

(၃) ဆက်စပ်ပတ်သက်သူအားလုံးတို့သည် ပညာရပ်ဆိုင်ရာအကြံပြုချက်များ (ဥပမာ - မူဘောင်အတွက် ပုံစံများ ၊ နည်းစနစ်များ၊ နည်းလမ်းကိရိယာများ၊ စာရင်းကိုင်နှင့် စာရင်းစစ်ခြင်း ကျင့်ထုံးများနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများမှ ထွက်ပေါ်လာသောအကြံပြုချက်များ) နှင့် သင်တန်းများ (ဥပမာ - ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ယင်းတို့၏ နယ်ပန်ထမ်းများ အား IFRS ဆိုင်ရာ သင်တန်းများကိုလည်းကောင်း၊ ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အတွင်း မွမ်းမံသင်တန်းများ ကိုလည်း ကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ္ဍာရေးအစီရင်ခံစာဆိုင်ရာ စည်းကမ်းချက်များနှင့် အခြား စည်းကမ်း ချက်များကို ပေါင်းစပ် ထုတ်ပြန်နိုင်စွမ်းရှိစေမည့် သင်တန်းများကိုလည်းကောင်း စီစဉ်ပို့ချပေးခြင်း) ကို ထောက်ပံ့ ပေးနိုင်ရန် ပူးပေါင်းလုပ်ဆောင်သင့်ပါသည်။

(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ကျိုးကြောင်းဆီလျော်သော စည်းမျဉ်းများ (prudential regulations) နှင့် ယင်းတို့နှင့် IFRS စံများ ပိုမိုချိတ်ဆက်မိစေရန် ဆောင်ရွက်ရပါမည်။

(၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ရေရှည်တွင် အသုံးပြုမည့် အစီရင်ခံခြင်းစနစ်တစ်ခုဖြစ်သည့် FINREP စနစ်ကို အကောင်အထည်ဖော်နိုင်ရန် ၎င်း၏ IT အသိပညာနှင့် စွမ်းဆောင်ရည်တို့ကို ခိုင်မာအောင်ဆောင်ရွက်ရပါမည်။

(၆) မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့သည် IFRS အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်သည့် ပြဿနာများကို ဆွေးနွေးနိုင်ရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်မှ ဘဏ်ကြီးကြပ်ရေး အဖွဲ့များနှင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။

တာဝန်ရှိသော အဖွဲ့များ

၁၈၇

ဤလုပ်ငန်းများအတွက် တာဝန်ရှိသော ဆက်စပ်ပတ်သက်သူများမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံ စာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အသင်းတို့ဖြစ်ပါသည်။

၁၈၈

လုပ်ငန်းအများစုတို့ကို ၂၀၁၆ ခုနှစ်တွင်စတင်ပြီး၊ ၂၀၂၀ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်ရပါမည်။

မဟာဗျူဟာမြောက် အကျိုးရလာဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် IFRS နှင့်အညီပြင်ဆင်ထားသော ဘဏ္ဍာရေးရှင်းတမ်းများကို စုဆောင်း၍ သရုပ်ခွဲဆန်းစစ်နိုင်ပါမည်။

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် FINREP စနစ်ဖြင့် ပြင်ဆင်ထားသော အချက်အလက်များကို စုဆောင်း အသုံး ပြုနိုင်မည့် IT နည်းပညာရှိလာပါမည်။

(၃) ဆက်စပ်ပတ်သက်သူများ၏အခန်းကဏ္ဍတည်ဆောက်မှုနှင့်ကတိကဝတ်များကို အားဖြည့်ပြီး၊ အရှိန်မြှင့်တင်နိုင်ရန် အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း မလေးရှားနှင့် တောင်ကိုရီးယားသို့ လေ့လာရေးခရီးစဉ်များ သွားရောက်ပါမည်။

2. The CBM, OAG, MAC and MICPA should start planning study visits to countries such as Malaysia and South Korea by identifying stakeholders who will participate in the study visit, organizations that they will need to visit, and areas the study visit should focus on. The next study visits should take place after some progress has been made in 2015 and 2016.
3. All key stakeholders should work together to provide technical advice (e.g. workshops on procedures, methodologies, tools, templates for accounting and auditing framework) and training (e.g. developing and providing training on IFRS to CBM, OAG and their regional staff in 2015-2017 and update training in 2018-2020, training to enable CBM to reconcile statutory financial statements with other regulatory statements).
4. CBM should engage in the improvement of prudential regulations and their linkages with IFRS (including revision of CBM regulations for conflicting provisions with IFRS).
5. CBM should strengthen its IT know-how and capacity to implement FINREP as a reporting system in the long term.
6. CBM and OAG should actively engage in the exchange with regulatory bodies in the region and at the international level to discuss IFRS implementation issues.

Responsible parties:

The stakeholders responsible for these activities are the OAG, CBM, MAC and MICPA. 187

Most activities should start in 2016 will run until 2020. 188

Strategy outcomes are:

1. CBM can collect and analyze IFRS financial statements.
2. CBM has the IT know-how to collect and use FINREP data.
3. OAG, CBM and professional associations organize study visits to Malaysia and South Korea from 2016 to 2020 to keep momentum and reinforce ownership/commitment.

ဇယား (၅) - အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများ အကျဉ်းချုပ်

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	အောက်ပါတို့ဖြစ်လာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အား စာရင်းကိုင်နှင့်စာရင်းစစ် ကျွမ်းကျင်သူများပြုစုပျိုးထောင်ပေး၍ နည်းပညာနှင့် အကူအညီများ ထောက်ပံ့ပေးရန်။ (က) စာရင်းကိုင်ပြဿနာများ၊ IFRS/ISA စံများနှင့် ပတ်သက်၍ ဗဟိုဘဏ်၏ အကောင်းဆုံးဌာနတစ်ခုဖြစ်လာစေရန်။ (ခ) အဆိုပါကျွမ်းကျင်သူများသည် စာရင်းကိုင်/စာရင်းစစ်ပြဿနာများ၊ ယင်းတို့နှင့်ဆက်စပ်နေသော ကြီးကြပ်ရေးနှင့် အရင်းအနှီးဆိုင်ရာ ပြဿနာများ (တန်ဖိုးဖြတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ အရင်းအနှီး စသည်ဖြင့်) တွင် ဗဟိုဘဏ်၏ အခြားဌာနများအား အကြံပေးနိုင်သည့် မူဝါဒဌာနတစ်ခု အဖြစ်ဆောင်ရွက်ရန်။ (ဂ)ငင်းတို့သည် ဘဏ်များ၏ ငွေကြေးအစီရင်ခံစာများအား ပုံမှန်သုံးသပ်၍ ဆန်းစစ်နိုင်ရန်။ (ဃ) ကြီးကြပ်ရေးဥပဒေများနှင့်ပူးတွဲ၍ စာရင်းကိုင်လုပ်ငန်း အချက်အလက်စနစ်ကိုဖန်တီး၊ ထိန်းသိမ်းရန်နှင့် မြန်မာနိုင်ငံရှိ စာရင်းစစ်လုပ်ငန်းများ ၏ အခန်းကဏ္ဍ၊ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းပေးရန်။							၁	ဗဟိုဘဏ်
၂။	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီနှင့် လက်မှတ်ရ စာရင်းကိုင်များ အသင်းတို့က လေ့လာရေးခရီးစဉ်များအတွက် စီမံချက်စတင်ရေးဆွဲရန်။							၂	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၃။	အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို တာဝန်ယူဆောင်ရွက်ရန် (ဥပမာ - စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းမူဘောင်အတွက် လုပ်ထုံးလုပ်နည်းများ၊ နည်းစနစ်များ၊ နည်းလမ်းကိရိယာများ၊ အသင့်သုံးပုံစံများစသည်ဖြင့်)							၂	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၄။	ကျိုးကြောင်းဆီလျော်သောစည်းမျဉ်းများ (Prudential regulations)နှင့် ယင်းတို့နှင့် IFRS စံနှုန်းများ ချိတ်ဆက်မှု ကို တိုးတက်စေရန်။							၂	ဗဟိုဘဏ်
၅။	ဗဟိုဘဏ်သည် ဘဏ်များအစီရင်ခံခြင်းစနစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ၎င်း၏ IT နည်းပညာနှင့် စွမ်းဆောင်ရည်ကို မြှင့်တင်ရန်။							၃	ဗဟိုဘဏ်
၆။	ဗဟိုဘဏ်နှင့် စာရင်းစစ်ချုပ်ရုံးတို့သည် IFRS စံနှုန်းများအကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများကို ဆွေးနွေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်နှင့်ဒေသတွင်းရှိ ကြီးကြပ်ရေးအဖွဲ့များနှင့် တက်ကြွစွာချိတ်ဆက်ဆောင်ရွက်ရန်။							၃	ဗဟိုဘဏ်

Source: GIZ

ဤဇယားတွင် အဆိုပြုထားသော လုပ်ငန်းများ၊ တိုလုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် အချိန်ဇယား (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပါဝင်သော သက်ဆိုင်ရာ အတိုင်းများတွင် ဘားများဖြင့် ဖော်ပြထားပါသည်)၊ လုပ်ငန်း တစ်ခုချင်းစီ၏ ဦးစားပေးအဆင့်၊ လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် တာဝန်ရှိသော အဖွဲ့များ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်း) စသည်တို့ကို ဖော်ပြထားပါသည်။ ဦးစားပေးအဆင့်ကို (၁)မှ (၃)အထိ (ဦးစားပေး တစ်ဖြည်းဖြည်းနည်းသွား သော အစီအစဉ်ဖြင့်) ဖော်ပြထားပါသည်။ လုပ်ငန်းအားလုံး အရေးကြီးသော်လည်း၊ အချို့သောလုပ်ငန်းများကို ဖြစ်နိုင်သမျှမြန်မြန် ပြီးစီးရပါမည်။ လုပ်ငန်းများအားလုံးကို တစ်ချိန်တည်းတွင် ပြီးစီးအောင်မဆောင်ရွက်နိုင်သောကြောင့် ဦးစားပေး (၁) လုပ်ငန်းကို ချက်ချင်းလုပ်ရန်ဖြစ်ပြီး၊ ဦးစားပေး (၃)လုပ်ငန်းကိုမူ နောက်တစ်ဆင့်တွင် ဆောင်ရွက်နိုင်ပါ သည်။ ဦးစားပေး (၂) လုပ်ငန်းကို ပထမအဆင့်၏ နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ဦးစားပေး အဆင့် ဆိုသည်မှာ လုပ်ငန်း များ၏ အရေးကြီးမှုကိုရည်ညွှန်းပြီး၊ အချိန်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

Table 5: Summary of Actions for Strengthening Institutional Capacity

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	Establishing and providing technical know-how and assistance to the accounting and auditing experts in CBM so that: (a) There is a centre of excellence for the CBM regarding accounting issues and IFRS/ISA; (b) They can advise other areas of the CBM on accounting/auditing issues and their linkages with supervisory and capital issues such as valuations, impairment, capital, etc.; (c) They are enabled to review and analyze financial statements of banks on a regular basis; (d) Creation and maintenance of accounting database jointly with supervision staff; and deal with issues related to the role and activities of auditing firms in Myanmar.							1	CBM
2	The CBM, OAG, MAC and MICPA to start planning study visits							2	CBM, OAG, MAC, MICPA
3	Undertaking workshops and trainings, e.g. on procedures, methodologies, tools or templates for accounting and auditing framework							2	CBM, OAG, MAC, MICPA
4	Improving prudential regulations and their linkages with IFRS							2	CBM
5	The CBM to strengthen its IT know-how and capacity to implement a bank reporting system							3	CBM
6	Active engagement of CBM and OAG with regulatory bodies in the region and at the international level to discuss IFRS implementation issues							3	CBM

Source: GIZ

This table lists the proposed actions, an indication of the time frame in which each of these actions should be completed (corresponding to the columns ranging from year 2015 to year 2020 which are covered by the bar), the priority of each action, and the responsible parties (CBM, OAG, MAC, MICPA) for completing the action. Priority is classified from 1 to 3 with descending order of priority. All actions are important but some should be delivered as soon as possible. Priority 1 is the most urgent and priority 3 can be delivered in the second phase since not all the actions can be delivered at the same time. Priority 2 should be delivered in the first phase but at a later stage. Priority refers to the importance of the actions and not the timing.

၃-၅ ပညာရပ်ဆိုင်ရာ သင်တန်းများ တိုးလာစေခြင်း

ကြောင်းကျိုးဆက်စပ်မှုနှင့် ရည်ရွယ်ချက်များ

၁၈၉ မြန်မာနိုင်ငံတွင် အောက်ပါအကြောင်းများကြောင့် အရည်အချင်းပြည့်မီသော စာရင်းကိုင်များအရေအတွက် (ဘွဲ့အားလုံးပါဝင်ပါ သည်) အလွန်နည်းပါသည်-

(က) သင်တန်းကျောင်းများ နည်းပါးခြင်း။
(ခ) အရည်အချင်းမီသော သင်တန်းဆရာများ မလုံလောက်ခြင်း။
(ဂ) ကျောင်းသားသစ်များတိုးလာစေရန်အတွက် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများတွင် ရင်းမြစ် (resource) များ မရှိခြင်း။
(ဃ) အရည်အချင်းမီသော စာရင်းကိုင်များကို လစာပေးသည့် ပုံစံများ။
(င) သင်တန်းအတွက် ကုန်ကျစရိတ်များ။

အကျိုးခံစားရသူများနှင့် တာဝန်ပတ္တရားများ

၁၉၀ မြန်မာနိုင်ငံတွင် စာရင်းကိုင်ပညာရေးအတွက် စနစ်ပိုင်းဆိုင်ရာ အားနည်းနေသေးသောကြောင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းစစ်များ၊ စာရင်းကိုင်အဖွဲ့အစည်းများနှင့် ဘဏ်အဖွဲ့အစည်းများအားလုံး ပူးပေါင်း၍ အောက်ပါတို့ကို ဆောင်ရွက် သင့်ပါသည် -

(၁) နိုင်ငံတကာအသိအမှတ်ပြုသည့် အရည်အချင်းပြည့်မီသော စာရင်းကိုင်အရေအတွက် တိုးလာစေမည့် အခြေ အနေများ ထောက်ပံ့ပေးရန်။
(၂) နိုင်ငံတကာအသိအမှတ်ပြုသည့် အရည်အချင်းပြည့်မီသော စာရင်းကိုင်များကို အလုပ်ခန့်ခြင်းနှင့် ရာထူးတိုး ပေးခြင်းတို့ကို အားပေးရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များ)တွင် ဘွဲ့ပေးနိုင်သည့် သင်တန်းများဖော်ထုတ်ဆောင်ရွက်ရန်။
(၃) နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်စာမေးပွဲဖြေဆိုရန် သင်တန်းတက်လိုသော ဝန်ထမ်းများအား အနည်းဆုံး တစ်စိတ်တစ်ပိုင်းအားဖြင့် ငွေကြေးထောက်ပံ့နိုင်ရန်နှင့် ဘဏ်များတွင် IFRS ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက် နေပြီး၊ နိုင်ငံတကာအသိအမှတ်ပြုစာရင်းကိုင်စာမေးပွဲ ဖြေဆိုရန် သင်တန်းတက်လိုသော ဝန်ထမ်းများအား အပြည့်အဝငွေကြေး ထောက်ပံ့နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များ စုပေါင်း၍ ပညာသင်ထောက်ပံ့ကြေး အစီအစဉ်များ စတင်ဆောင်ရွက်ရန်။
(၄) ကျောင်းသားသစ်များကို စွဲဆောင်နိုင်ရန်အတွက် စာရင်းကိုင်ပညာလေ့လာခြင်း၏ ကောင်းကျိုးများကို တက္ကသိုလ် ကျောင်းသားများအတွင်း ကျယ်ပြန့်စွာ ဖြန့်ဖြူးပေးရန်နှင့် တက္ကသိုလ်များ၏ စာရင်းကိုင်နှင့်စာရင်းစစ်ပညာရေး အစီအစဉ်များ ခေတ်မီစေရေးအတွက် ကူညီပေးရန်။

၁၉၁ ပညာရပ်ဆိုင်ရာ သင်တန်းများ တိုးလာစေရေးအတွက်၊ ရွေးချယ်စရာနည်းလမ်းတစ်ခုမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဘဏ်များ၊ စာရင်းစစ်လုပ်ငန်းများ အနေဖြင့် ၄င်းတို့ထံတွင် အလုပ်လုပ်နေသော ဘွဲ့ရအသစ်များနှင့် ဝန်ထမ်းအသစ်များအား IFRS သင်တန်းပေးရန် ကုန်ကျစရိတ်များကို ပူးတွဲကျခံခြင်းဖြစ်ပါသည်။ ကုန်ကျစရိတ်များကို မျှခံခြင်းအားဖြင့် ဝန်ထမ်း တစ်ယောက်ချင်းစီအတွက် စုစုပေါင်းကုန်ကျစရိတ်များကို လျော့ချနိုင်ပါသည်။

၁၉၂ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများသည် ဝန်ထမ်းများအတွက် အချိန်ပိုင်း CPA သင်တန်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု စာရင်းကိုင်သင်တန်းများကို ဖွင့်နိုင်ပါသည်။ ဆက်စပ်ပတ်သက်သူများကလည်း ဘွဲ့ရများအား မွမ်းမံသင်တန်းပေးခြင်း အစီအစဉ်ကို ဆောင်ရွက်နိုင်ပါသည်။ ထိုအစီအစဉ်အရ တက္ကသိုလ်များမှ ဘွဲ့ရအသစ်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များတွင် အလုပ်အကိုင်များပေးနိုင်ပြီး၊ ထိုဘွဲ့ရအသစ် များအနေဖြင့်လည်း စာရင်းပညာရပ်များကို လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းရှိလာပါမည်။ ဤအခြေအနေများအရ အဖွဲ့အစည်းတိုင်းသည် တစ်နှစ်လျှင် ဘွဲ့ရ အနည်းဆုံး (၂)ဦးနှုန်းဖြင့် အလုပ်ခန့်ထားနိုင်ပါသည်။

3.5 Strengthening Professional Training

Rationale and objectives

The number of qualified accountants (all qualifications included) in Myanmar is very low. This is due to a number of factors such as: 189

a. Few training centers;
b. Insufficient qualified trainers;
c. Lack of resources of professional associations to increase significantly the number of new students;
d. Remuneration structure for qualified accountants; and
e. Training costs.

Beneficiaries and responsibilities

Due to systemic weaknesses in accounting education in Myanmar, all the key stakeholders including the CBM, auditors, accounting associations and banking associations should work together to: 190

1. Provide conditions conducive to the development of a pool of qualified accountants recognized internationally.
2. Develop a graduate training scheme in relevant organizations (CBM, OAG and banks) to encourage recruitment and fast track promotions of internationally recognized qualified accountants.
3. Introduce scholarships by CBM, OAG and banks to finance at least partially staff who would like to train for internationally recognized accounting exams and to finance fully the bank staff which will primarily deal with IFRS issues in the banks to train them for internationally recognized accounting exams.
4. Disseminate to a broad range of university students the advantages of studying professional accounting qualifications so as to attract new students and assist universities to modernize their accounting and auditing program.

To strengthen professional training, one option could involve the OAG, CBM, banks and audit firms co-financing the costs of IFRS training for new graduates and staff working at their organizations. By sharing the costs, the total costs per staff will decrease. 191

The professional associations could develop part-time CPA and internationally recognized professional qualification courses for the employees. The stakeholders could also set up a graduate training scheme that will provide employment to new graduates of universities in CBM, OAG or banks and give them the opportunity to study professional accounting qualifications. Each organization could employ at least 2 new graduates every year on these conditions. 192

၁၉၃ ဘွဲ့ရအသစ်များကို အလုပ်ခန့်ခြင်းအပြင်၊ ပုံမှန်အချိန်ဇယားများဖြင့် စီစဉ်ဖွင့်လှစ်ပေးနိုင်သည့် အခြားသော သင်တန်းများလည်း ရှိပါသေးသည်။

၁၉၄ ပထမနည်းလမ်းမှာ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် ဆက်စပ်ပတ်သက်သူအားလုံးသို့ IFRS ဆိုင်ရာ အသိပညာများ ဖြန့်ဝေနိုင်ရေးအတွက် နည်းပညာအနှစ်ချုပ်ဆွေးနွေးပွဲများကို တစ်ကြိမ်လျှင် (၂)နာရီခန့်ဖြင့် လစဉ် စီစဉ်ပြု လုပ်ပေးသင့်ပါသည်။ ဆွေးနွေးပွဲတစ်ခုတွင် ဆွေးနွေးတင်ပြသူ (၂)ဦး သို့မဟုတ် (၃)ဦး ပါဝင်သင့်ပါသည်။ ဆွေးနွေးတင်ပြသူ တစ်ဦးသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှဖြစ်သင့်ပြီး၊ ကျန်သူများမှာ ဘဏ်များ/စာရင်းစစ်များမှ ဖြစ်သင့်ပါသည်။ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသည်လည်း ဤဆွေးနွေးပွဲများတွင် ပါဝင်သင့်ပါသည်။

၁၉၅ နည်းပညာအနှစ်ချုပ်ဆွေးနွေးပွဲများတွင် IFRS အသစ်များအကြောင်း နောက်ဆုံးရအချက်အလက်များကို ထောက်ပံ့ပေးသင့်ပြီး၊ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော လက်ရှိ IFRS များကို ဦးတည်ဆွေးနွေးသင့်ပါသည်။ ရှင်းလင်းဆွေးနွေးရမည့် ခေါင်းစဉ်ဥပမာများကို အောက်တွင် ဖော်ပြထားပါသည် -

(က) ရင်းနှီးမြှုပ်နှံမှုများကို တန်ဖိုးဖြတ်ရာ၌ Fair value စနစ်ကို အသုံးပြုခြင်း။
(ခ) တန်ဖိုးလျော့ကျမှုများနှင့်ထုတ်ချေးငွေများဆုံးရှုံးနိုင်မှုအတွက်သီးသန့်လျာထားငွေ။
(ဂ) IFRS စံများနှင့် ကျိုးကြောင်းဆီလျော်သည့် မူဘောင် (prudential framework) အကြား ချိတ်ဆက်မှုများ။
(ဃ) ဘဏ်များ၏ လက်ကျန်ရှင်းတမ်းများအပေါ် IFRS စံများ၏ သက်ရောက်မှု။
(င) IFRS စံများနှင့် ကိုက်ညီစေရန်အတွက် သတင်းအချက်အလက်စီမံအုပ်ချုပ်မှုစနစ်အသစ်များ။
(စ) ဘဏ်များက IFRS ကိုမည်သို့အကောင်အထည်ဖော်ရန် စီစဉ်နေသော လုပ်ငန်းများ။

၁၉၆ ဒုတိယနည်းလမ်းမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများသည် နည်းပညာ အနှစ်ချုပ်ဆွေးနွေးပွဲများအပြင်၊ တစ်ရက်ကြာနည်းပညာအလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်ရန်ဖြစ်ပါသည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲများတွင် အနှစ်ချုပ်ဆွေးနွေးခြင်းများထက် ပြဿနာများကို ပိုမိုအသေးစိတ် တင်ပြဆွေးနွေးသင့်ပြီး၊ IFRS များကို မည်သို့ကျင့်သုံးရမည်ကို ဖော်ပြသည့် ဖြစ်ရပ်လေ့လာမှု (case study) များကို တင်ပြမည့် ဆွေးနွေးတင်ပြသူ (speakers) များ ပိုမို ပါဝင်သင့်ပါသည်။

၁၉၇ ထိုနည်းပညာအနှစ်ချုပ်ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ အောင်မြင်စေရေးအတွက်၊ ဆွေးနွေးတင်ပြသူများ (speakers) များသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဘဏ်များနှင့် ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းစသည့် အဖွဲ့အစည်းအမျိုးမျိုးမှ ဖြစ်သင့်ပါသည်။

၁၉၈ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီးပွားရေးဘဏ်များသည် စာရင်းကိုင်ဌာနဝန်ထမ်းများနှင့် IFRS လုပ်ငန်းများဆောင်ရွက်နေသောဝန်ထမ်းများအား ဥရောပ၊ အရှေ့တောင်အာရှနှင့် ဒေသတွင်းနိုင်ငံများရှိ နိုင်ငံတကာ အဖွဲ့ အစည်းများ၊ အခြားသော ကြီးကြပ်သူများက စီစဉ်ပြုလုပ်သည့် လိုအပ်ချက်အရပြုလုပ်မည့်သင်တန်းများအား တက်ရောက်ရန် စေလွှတ်ခြင်း ဖြစ်ပါသည်။ သို့ရာတွင် ဤသို့သော သင်တန်းများမှာ နိုင်ငံတကာအဖွဲ့အစည်းများက လိုအပ်သောအခါ သို့မဟုတ် အထောက်အပံ့ပေးသောအခါများတွင်သာ ပြုလုပ်တတ်ကြပါသည်။ သို့ဖြစ်၍ ထိုသင်တန်းများသည် စနစ်တကျ တည်ဆောက်၍ ဘက်စုံစီမံထားသော သင်တန်းအစီအစဉ်များမဟုတ်ကြပါ။

၁၉၉ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ ဝန်ထမ်းများအတွက် သင့်တော်သော သင်တန်းသင်ရိုးညွှန်းတမ်းတစ်ခု ရေးဆွဲသင့်ပါသည်။ ဤသင်ရိုးညွှန်းတမ်းသည် ဗဟိုဘဏ်ဝန်ထမ်းများအတွက် လိုအပ်သော သင်တန်းအမျိုးအစား အားလုံးကို ဦးတည်ထားပြီး၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းထားရပါမည်။ ထိုသင်ရိုးညွှန်းတမ်းတွင် IFRS နှင့် ISA ဆိုင်ရာ သင်တန်းလိုအပ်ချက်များလည်း ပါဝင်ရပါမည်။

In addition to the recruitment of new graduates, there are other training events that can be organized and delivered on a regular basis. 193

First, the Action Plan Committee should organize monthly technical briefings for about 2 hours each to disseminate IFRS knowledge to all stakeholders. Each briefing should include 2 or 3 speakers. One speaker should be from the CBM and the others could be from the banks and/or auditors. MICPA should also take part in these events. 194

The technical briefings should provide update about new IFRS being developed and also focus on existing IFRS that are relevant to Myanmar. Examples of topics that could be presented are: 195

a. Use of fair value for valuation of investments;
b. Impairment and provisioning of loans exposures;
c. Linkages between IFRS and prudential framework;
d. Impact of IFRS on balance sheet of banks;
e. New management information systems to comply with IFRS; and
f. How banks are planning for IFRS implementation.

Second, in addition to the above short briefings, OAG, CBM and the professional associations should also organize 1-day technical workshops. These workshops will present and discuss the issues more in detail than the briefings and will include more speakers who will also present case studies of how IFRS should be applied. 196

For the briefings and the workshops to be successful, the speakers for these events should come from the different organizations such as OAG, CBM, banks or audit firms. 197

Finally, CBM and commercial banks should send staff from their accounting departments and staff who primarily deal with IFRS issues on an ad-hoc basis to training events delivered by other regulators or international organizations in Europe, South East Asia and in the region. However, these trainings are either delivered on an ad-hoc basis, as and when required or when they are offered by international organizations. The above training events are not part of a structured and comprehensive training plan. 198

The CBM should develop a proper training curriculum for its staff. This training curriculum should act as a focal point for all types of training required by CBM staff and should be embedded in the staff development process. The training curriculum should also include training needs on IFRS and ISA. 199

အဆိုပြုထားသော လုပ်ငန်းများတွင် အောက်ပါတို့ပါဝင်ပါသည် -

(၁) လုပ်ငန်းစီမံချက်ကော်မတီတွင် ပါဝင်သောဆက်စပ်ပတ်သက်သူများသည် စာရင်းကိုင်နှင့်စာရင်းစစ်ဆိုင်ရာ နည်းပညာအနှစ်ချုပ်ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို လစဉ် စီစဉ်ပြုလုပ်သင့်ပါသည်။

(၂) မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များသည် ၎င်းတို့၏ စာရင်းကိုင်ဝန်ထမ်းများအတွက် သင့်တော်သော သင်တန်းစီမံချက်နှင့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲထားရပါမည်။ ထိုစီမံချက်များတွင် ဆရာဖြစ် သင်တန်းအတွက် နည်းစနစ်များ (ဥပမာ - ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း IFRS/ISA သင်တန်းများကို အခြေခံအဆင့်၊ အလယ်အလတ်အဆင့်နှင့် အဆင့်မြင့်ဟူ၍ အဆင့် ၃ ဆင့်ခွဲခြားကာ၊ ဘဏ်ရုံးချုပ်နှင့် နယ်ရုံးများတွင် အဆင့်တစ်ဆင့်လျှင် ၄ ပတ်ကြာ သင်တန်းပေးခြင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း မွမ်းမံသင်တန်းများပေးခြင်း) လည်း ပါဝင်ရပါ မည်။

(၃) စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် IFRS များနှင့် အခွန်စနစ်များအကြား ချိတ်ဆက်မှု များကို အခွန်ဦးစီးဌာနဝန်ထမ်းများ (ရုံးချုပ်နှင့် နယ်ရုံးများ) အား သင်တန်းများ ပို့ချပေးသင့်ပါသည်။

(၄) ဆက်စပ်ပတ်သက်သူအားလုံးတို့သည် ပူးပေါင်းပြီး IFRS/ISA သင်တန်းများအတွက် စာရွက်စာတမ်းများနှင့် သင်တန်းလက်စွဲ စာအုပ်များကို အင်္ဂလိပ်/မြန်မာနှစ်ဘာသာဖြင့် ပြင်ဆင်ခြင်း၊ IFRS/ISA အတွက် ဒေသခံသင်တန်းဆရာများ ပြင်ဆင်ထားခြင်း၊ ဘက္ကောရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပုဂ္ဂလိကစာရင်းစစ်လုပ်ငန်းများနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများအား IFRS/ISA သင်တန်းများပေးခြင်းတို့ကိုဆောင်ရွက်ရပါမည်။

(၅) တက္ကသိုလ်များအနေဖြင့် တက္ကသိုလ်ကျောင်းသားများအား နိုင်ငံတကာအသိအမှတ်ပြု၍ အရည်အချင်းမီသည့် စာရင်းကိုင်ပညာရပ်များ သင်ကြားနိုင်စေရန် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီဖြင့် စာရင်းကိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင့်ပါသည်။ ထိုသင်ရိုးညွှန်းတမ်းများသည် ရေရှည်တွင် IFAC ကော်မတီ၏ နိုင်ငံတကာစာရင်းကိုင်ပညာရေးစံအဖွဲ့ (IASEB)မှ ထုတ်ပြန်ထားသော နိုင်ငံတကာပညာရေးစံများနှင့် ကိုက်ညီရပါမည်။

(၆) ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် တက္ကသိုလ်များအကြား ဆွေးနွေးပွဲများကို ဦးဆောင်၍ အားပေးသင့်ပါသည်။ သို့မှသာ တက္ကသိုလ်များအနေဖြင့် ကျောင်းသားများအတွက် စာရင်းကိုင်ပညာနှင့် နောက်ဆုံးပေါ်ပညာရပ်လေ့လာမှုများ၊ စာမေးပွဲများကို ပြင်ဆင်ပေးနိုင်ပါလိမ့်မည်။

(၇) ဆက်စပ်ပတ်သက်သူများအားလုံးတို့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဘဏ်များတွင် အလုပ်လုပ်နေသော စာရင်းကိုင်များအတွက် ဘွဲ့ပေးနိုင်သည့် သင်တန်းအစီအစဉ်များ ဖော်ထုတ်ဆောင်ရွက်ပေးသင့်ပါသည်။

တာဝန်ရှိသော အဖွဲ့အစည်းများ

၂၀၁၀ ဤလုပ်ငန်းများအတွက် တာဝန်ရှိသော ဆက်စပ်ပတ်သက်သူများမှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည် ဘဏ်များနှင့် ပုဂ္ဂလိုစာရင်းစစ်လုပ်ငန်းစသည့် အခြားသော ဆက်စပ်ပတ်သက်သူများထံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများလည်း လိုအပ်ပါသည်။

၂၀၁၀ ဤလုပ်ငန်းများအတွက်အချိန်ဇယားမှာ ၂၀၁၅ ခုနှစ်၊ သို့မဟုတ် ၂၀၁၆ ခုနှစ်တွင် စတင်သင့်ပြီး၊ ၂၀၂၀ ခုနှစ်အထိ ဖြစ်ပါမည်။

မဟာဗျူဟာမြောက် အကျိုးရလာဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) နည်းပညာဆိုင်ရာ နောက်ဆုံးပေါ်အချက်အလက်များ၊ လစဉ် နည်းပညာအနှစ်ချုပ်ဆွေးနွေးပွဲများနှင့် IFRS ဆိုင် ရာ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ခြင်း။

(၂) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များတွင် ၎င်းတို့၏ ဝန်ထမ်းများအတွက် သင့်တော်သော သင်တန်းစီမံချက်များ ရှိလာခြင်း။

(၃) အဓိကဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းများတွင် ဝန်ထမ်းများအား နိုင်ငံတကာအသိအမှတ်ပြု၍ အရည် အချင်းမီသည့် ဘွဲ့ပေးနိုင်သော သင်တန်းအစီအစဉ်တစ်ခုကို ဖော်ထုတ်နိုင်ခြင်း။

(၄) ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများနှင့် တက္ကသိုလ်များပူးပေါင်း၍ စာရင်းကိုင်သင်တန်းအစီအစဉ်များနှင့် စာမေးပွဲ များကို ပြင်ဆင်နိုင်ခြင်း။

Proposed activities will include:

1. The stakeholders in the Action Plan Committee should organize and deliver monthly technical briefings and workshops in accounting and auditing.
2. The CBM, OAG and banks should develop a proper and coherent training plan and curriculum for their accounting staff, including training the trainers methodology (for example, developing and providing 3-levels (basic, intermediate and advanced) training on IFRS/ISA for head office and regional branches of the banks with duration of 4 weeks for each level in 2015-2017, and update training in 2018-2020).
3. The OAG and CBM should provide training on IFRS and tax linkages to the tax authorities (head office and regional branches).
4. All key stakeholders should jointly develop bi-lingual course materials and manuals on IFRS/ISA training, preparing local trainers on IFRS/ISA and provision of IFRS/ISA training to the representatives of MoF, CBM, local audit firms and professional associations.
5. The universities with the help of the professional associations should develop an accounting curriculum and syllabus that will allow university students to study internationally recognized professional accounting qualifications and that in the long term would comply with the International Education Standards issued by IFAC's International Accounting Standards Education Board (IASEB).
6. Leading and fostering discussions between the professional associations and the universities so that the latter can provide professional and up to date accounting studies and exams to their students.
7. All key stakeholders should jointly develop a graduate training scheme for accountants who will be employed by the OAG, CBM and banks.

Responsible parties:

The stakeholders responsible for these actions are the CBM, OAG, MAC and MICPA. The CBM, OAG, MAC and MICPA will need the assistance and collaboration of other stakeholders such as banks and audit firms. 200

Time frames for the activities should start in 2015 or 2016 and vary in length up to 2020. 201

Strategy outcomes are:

1. Deliver technical updates, monthly briefings and IFRS workshops.
2. OAG, CBM and banks have a proper training plan for their staff.
3. Key stakeholders develop a graduate training scheme which will train employees for internationally recognized accounting qualifications.
4. Professional associations and universities collaborate to develop an accounting training program and exams.

ဇယား (၆) - ပညာရပ်ဆိုင်ရာ သင်တန်းများ တိုးလာစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများအကျဉ်းချုပ်

	အဆိုပြုထားသောလုပ်ငန်းများ	၂၀၁၅	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	ဦးစားပေးအဆင့်	တာဝန်ရှိသည့်အဖွဲ့များ
၁။	လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီ သည် စာရင်းကိုင်နှင့် စာရင်းစစ်ပညာရပ်များနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာရှင်းလင်းတင်ပြပွဲများကို လစဉ် စီစဉ်ဆောင်ရွက်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်းကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၂။	မြန်မာနိုင်ငံတော်ဗဟိုဘဏ်/ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဘဏ်များပူးပေါင်း၍ စာရင်းကိုင်ဝန်ထမ်းများအတွက် သင့်တော်သော သင်တန်းစီမံချက်နှင့် နည်းပညာအနှစ်ချုပ် ဆွေးနွေးပွဲများ ပြင်ဆင်ရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၃။	အခွန်ဝန်ထမ်းများအား IFRS စံများနှင့် အခွန်လုပ်ငန်းချိတ်ဆက်နေမှု ကိစ္စရပ်များ အတွက် သင်တန်းများ ပို့ချပေးရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး
၄။	IFRS/ISA သင်တန်းများအတွက် သင်တန်းလက်စွဲနှင့် သင်တန်းသုံး စာရွက်စာတမ်းများကို အင်္ဂလိပ်/မြန်မာနှစ်ဘာသာဖြင့် ပြင်ဆင်ရန်၊ IFRS/ISA စံများနှင့်ပတ်သက်၍ ဒေသခံသင်တန်း ဆရာများကို ပြင်ဆင်ထားရန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စာရင်းစစ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် များအား IFRS/ISAသင်တန်းများ ပို့ချပေးရန်။							၁	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၅။	တက္ကသိုလ်များတွင် ကျောင်းသားများက နိုင်ငံတကာအသိအမှတ်ပြု သည့် အရည်အသွေးမီ စာရင်းကိုင် ပညာရပ်များကို လေ့လာနိုင်စေရန်အတွက် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ အကူအညီဖြင့် စာရင်းကိုင်ပညာသင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရန်။							၂	စာရင်း ကိုင်ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၆။	တက္ကသိုလ်များတွင် စာရင်းကိုင်ပညာသင်ကြားနိုင်၍ စာမေးပွဲများ စစ်ဆေးပေးနိုင်ရန် အတွက် တက္ကသိုလ်များနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ ဆွေးနွေးဆောင်ရွက်ကြရန်။							၂	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ စာရင်းကိုင်များ အသင်း
၇။	စာရင်းကိုင်များအတွက် ဘွဲ့ပေးနိုင်သည့် သင်တန်းအဓိကအစဉ်တစ်ခု ဖော်ထုတ်နိုင်ရန်အတွက် ဘဏ်လုပ်ငန်းကဏ္ဍရှိ ဆက်စပ်ပတ်သက်သူများကို အားပေးရန်နှင့် ကူညီပေးရန်။							၃	ဗဟိုဘဏ်၊ စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း
၈။	IFRS သင်တန်းများကို အင်တာနက် online မှတစ်ဆင့် သင်ယူနိုင်ရေးအတွက် လေ့လာမှုများပြုလုပ်ရန်။							၃	စာရင်းစစ်ချုပ်ရုံး၊ စာရင်း ကောင်စီ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း

Source: GIZ

ဤဇယားတွင် အဆိုပြုထားသော လုပ်ငန်းများ၊ ထိုလုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် အချိန်ဇယား (၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ပါဝင်သော သက်ဆိုင်ရာ အတိုင်းများတွင် ဘားများဖြင့် ဖော်ပြထားပါသည်)၊ လုပ်ငန်း တစ်ခုချင်းစီ၏ ဦးစားပေးအဆင့်၊ လုပ်ငန်းတစ်ခုချင်းစီကို ပြီးစီးအောင်ဆောင်ရွက်ရမည့် တာဝန်ရှိသော အဖွဲ့များ (မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင် များ အသင်း) စသည်တို့ကို ဖော်ပြထားပါသည်။ ဦးစားပေးအဆင့်ကို (၁)မှ (၃)အထိ (ဦးစားပေး တစ်ဖြည်းဖြည်းနည်းသွား သော အစီအစဉ်ဖြင့်) ဖော်ပြထားပါသည်။ လုပ်ငန်းအားလုံး အရေးကြီးသော်လည်း၊ အချို့သောလုပ်ငန်းများကို ဖြစ်နိုင်သမျှမြန်မြန် ပြီးစီးရပါမည်။ လုပ်ငန်းများအားလုံးကို တစ်ချိန်တည်းတွင် ပြီးစီးအောင်မဆောင်ရွက်နိုင်သောကြောင့် ဦးစားပေး (၁) လုပ်ငန်းကို ချက်ချင်းလုပ်ရန်ဖြစ်ပြီး၊ ဦးစားပေး (၃)လုပ်ငန်းကိုမူ နောက်တစ်ဆင့်တွင် ဆောင်ရွက်နိုင်ပါ သည်။ ဦးစားပေး (၂) လုပ်ငန်းကို ပထမအဆင့်၏ နောက်ပိုင်းတွင် ဆောင်ရွက်သင့်ပါသည်။ ဤနေရာတွင် ဦးစားပေး အဆင့် ဆိုသည်မှာ လုပ်ငန်း များ၏ အရေးကြီးမှုကိုရည်ညွှန်းပြီး၊ အချိန်ကို ရည်ညွှန်းခြင်းမဟုတ်ပါ။

Table 6: Summary of Actions for Strengthening Professional Training

	Proposed actions	2015	2016	2017	2018	2019	2020	Priority	Responsible Parties
1	The Action Plan Committee to organize and deliver monthly technical briefings and workshops in accounting and auditing							1	CBM, OAG, MAC, MICPA
2	The OAG/CBM and banks to develop a proper and coherent training plan and curriculum for their accounting staff							1	CBM, OAG
3	Providing training on IFRS and tax linkages to the tax authorities							1	CBM, OAG
4	Developing bilingual course materials and manuals on IFRS/ISA training, preparing local trainers on IFRS/ISA and provision of IFRS/ ISA training to representatives of the MoF, CBM, local audit firms and professional associations							2	CBM, OAG, MAC, MICPA
5	The universities to develop with the help of professional associations an accounting curriculum and syllabus that will allow university students to study internationally recognized professional accounting qualifications							2	MAC, MICPA
6	Discussions between the professional associations and universities to take place so that the latter can provide accounting studies and exams to their students							2	OAG, MAC, MICPA
7	Encouraging and assisting the stakeholders in the banking sector to develop a graduate training scheme for accountants							3	CBM, OAG, MAC, MICPA
8	Conduct a study on potential IFRS online training tools							3	OAG, MAC, MICPA

Source: GIZ

This table lists the proposed actions, an indication of the time frame in which each of these actions should be completed (corresponding to the columns ranging from year 2015 to year 2020 which are covered by the bar), the priority of each action, and the responsible parties (CBM, OAG, MAC, MICPA) for completing the action. Priority is classified from 1 to 3 with descending order of priority. All actions are important but some should be delivered as soon as possible. Priority 1 is the most urgent and priority 3 can be delivered in the second phase since not all the actions can be delivered at the same time. Priority 2 should be delivered in the first phase but at a later stage. Priority refers to the importance of the actions and not the timing.

နိဒါန်း

၂၀၂ ဤစာတမ်းတွင် အဆိုပြုထားသော လုပ်ငန်းများအားလုံးကို လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီတွင် ပါဝင်သည့် လက်ရှိ ဆက်စပ်ပတ်သက်သူများ ပူးပေါင်း၍ မူကြမ်းပြုစုထားခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းစီမံချက်မှာ ဆက်လက် ဆောင်ရွက်နေဆဲ ဖြစ်ပြီး၊ ပုံမှန်ပြန်လည်မွမ်းမံ၍ လိုအပ်ပါက ထပ်မံတိုးချဲ့ရပါမည်။ ဆက်စပ်ပတ်သက်သည့် အဖွဲ့အစည်းတစ်ခုချင်းစီသည် နိုင်ငံတော်မှ ပေးအပ်ထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အမျိုးမျိုးရှိနေပြီး၊ ထိုလုပ်ပိုင်ခွင့်နှင့်တာဝန်များကို IFRS စံများအား အကောင်အထည်ဖော်ရာတွင် ထည့်သွင်းအသုံးချရန်လိုအပ်ပါသည်။ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများ၏ လုပ်ငန်းများကို ဆက်သွယ်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်း ပေးခြင်း တို့ကို အုပ်စုလိုက်ဆောင်ရွက်ရန် ရည်မှန်းထားပြီး၊ လိုအပ်သော လုပ်ငန်းများကိုမူ ဆက်စပ်ပတ်သက်သူတစ်ဦးချင်းက ဦးစားပေးအဆင့်သတ်မှတ်၍ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၀၃ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် စိန်ခေါ်မှုအသစ်များကို ဖော်ထုတ်ဖြေရှင်းရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍရှိ IFRS စံများ အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အထောက်အကူပြုရန်အတွက် အခါအားလျော်စွာ ဆက်လက် တွေ့ဆုံစည်းဝေးသွားပါမည်။ သင့်တော်သော အခါတိုင်းတွင် နောက်ထပ်ဆက်စပ်ပတ်သက်သူများကိုလည်းကော်မတီတွင် ပါဝင်ရန် ဖိတ်ခေါ်သွားပြီး၊ လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသော သီးခြားတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့ငယ်များကို ဖွဲ့စည်းသွားပါမည်။ လုပ်ငန်းစီမံချက်ရေးဆွဲရေးကော်မတီသည် အကောင်အထည်ဖော်သည့် အဆင့်တွင် ရှိနေသောကြောင့် အနာဂတ်ကာလတွင် ဘဏ်လုပ်ငန်းကဏ္ဍရှိ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်နှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများကို ဆက်လက်အကောင်အထည်ဖော်ရာတွင် မဟာဗျူဟာမြောက် လမ်းညွှန်ချက်များ ထောက်ပံ့ပေးနိုင်ရန်အတွက် လမ်းညွှန်ကော်မတီတစ်ခုကို ဖွဲ့စည်းရန် အဆိုပြုလိုပါသည်။

Conclusion

All the actions proposed here were drafted in collaboration with the current stakeholders of the APC. The Action Plan is an ongoing process and will routinely be updated and expanded when necessary. Each stakeholder has different authority granted by the Union and different tasks that need to be taken in order to implement IFRS. It is intended that the APC as a group communicates, monitors and coordinates the activities of the respective stakeholders, but ultimately the actions that are required will be prioritized and undertaken by the individual stakeholders. 202

The APC will continue to meet periodically to address new challenges and support the IFRS implementation activities in the banking sector. When it is appropriate additional stakeholders will be invited to join the APC and sub groups of the APC can be formed to take on specific assignments outlined in the Action Plan. As the APC is a working level committee it is proposed that in the future a steering committee can be set up to further reinforce the cooperation of organizations in the banking sector and provide strategic guidance in the implementation and continuance of financial reporting standards in Myanmar. 203

နောက်ဆက်တွဲ
စာရင်းကိုင်ခြင်း၊ စာရင်းစစ်ခြင်း၊ ကြီးကြပ်ခြင်းတို့နှင့်သက်ဆိုင်သည့် အဓိက အဖွဲ့အစည်းများ အတွက် ဥပဒေ မူဘောင်

အဖွဲ့အစည်း	ဥပဒေမူဘောင်
ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး	ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အရည်အချင်းသတ်မှတ်ချက်များ (၂၀၀၈ ခု၊ မေလ ၂၉ ရက်)
	ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေ (၂၀၁၀ ခု၊ အောက်တိုဘာလ ၂၈ ရက်)
	ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၃ ခု၊ ဇန်နဝါရီလ ၂၁ ရက်)
	ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခု၊ အောက်တိုဘာလ ၁၉ ရက်)
မြန်မာနိုင်ငံ စာရင်းကောင်စီ	မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၂၀၁၅ ခု၊ ဇွန်လ ၅ ရက်)။ (ဤဥပဒေဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ၁၉၉၄ ခုနှစ်ကို ပယ်ဖျက်သည်)
	မြန်မာနိုင်ငံစာရင်းကောင်စီအား ပြန်လည်ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ (၂၀၁၄ ခု၊ ဒီဇင်ဘာလ ၁၅ ရက်)
မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့ စာရင်းကိုင်များ အသင်း	မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ (၁၉၁၄ ခု၊ ဖေဖြေလ ၁ ရက်)
	အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ (၁၉၈၈ ခု၊ စက်တင်ဘာလ ၃၀ ရက်)
မြန်မာနိုင်ငံတော် ဗဟိုဘဏ်	မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဆိုင်ရာ ဥပဒေ (၁၉၉၀ ခု၊ ဇူလိုင်လ ၄ ရက်)။ ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၉၄ ခု၊ ဖွန်လ ၂၁ ရက်)နှင့် နည်းဥပဒေ (၁၉၉၁ ခု၊ ဖေဖြေလ ၉ ရက်) တို့လည်း ပါဝင်ပါသည်။
	မြန်မာနိုင်ငံတော် ဗဟိုဘဏ်နည်းဥပဒေများ (၁၉၉၁ ခု၊ ဖေဖြေလ ၉ ရက်)
	ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်သက်ဆိုင်သော စည်းမျဉ်းများ (၁၉၉၂ ခု၊ မေလ ၂၈ ရက်)
	AML/CFT စည်းကမ်းချက်များ (၂၀၀၂ ခုနှစ်၊ ဖွန်လ ၁၇ ရက်မှစ၍)
	မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၂၀၁၃ ခု၊ ဇူလိုင် ၁၁ ရက်) ဤဥပဒေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ (၁၉၉၀ ခု၊ ဇူလိုင် ၂ ရက်)၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၉၀ ခု၊ ဇူလိုင် ၂ ရက်)၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၉၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်) တို့ကို ပယ်ဖျက်သည်။

သက်ဆိုင်သည့် အချက်များ

ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း
ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်ခြင်းနှင့် အရည်အချင်းများ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ
မြန်မာနိုင်ငံ စာရင်းကောင်စီကို ဖွဲ့စည်းခြင်း မြန်မာနိုင်ငံ စာရင်းကောင်စီး၏ တာဝန်များ
မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ဖွဲ့စည်းတည်ဆောက်ပုံ
မြန်မာနိုင်ငံ စာရင်းကောင်စီဖွဲ့စည်းခြင်းအတွက် အခြေခံများ
MICPA အသင်း ပြန်လည်ဖွဲ့စည်းရန်အခြေခံများ
ငွေရေးကြေးရေးအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ဆောင်ချက်များ၊ တာဝန်များ၊ စာရင်းစစ်ခြင်း၊ အစီရင်ခံခြင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ကြီးကြပ်မှုခံယူခြင်း
ငွေရေးကြေးရေးအဖွဲ့အစည်းများအား လိုင်စင်ထုတ်ပေးခြင်း၊ ဗဟိုဘဏ်သို့ အစီရင်ခံခြင်း၊ အရန်ငွေကြေးလိုအပ်ချက်များ၊ ဒဏ်ကြေးငွေများ
အရန်ငွေကြေးလိုအပ်ချက်များ၊ အတိုးနှုန်းများ၊ ထိန်းသိမ်းထား ရမည့် အချိုးများ၊ exchange ratios များ၊ ဗဟိုဘဏ်သို့ အစီရင်ခံခြင်း
ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်အဖွဲ့အစည်းများအား ရန်ပုံငွေ ထောက်ပံ့ခြင်းကို တိုက်ဖျက်ခြင်း (AML/CFT) ဆိုင်ရာ ကြီးကြပ်ထိန်းသိမ်းရေး မူဘောင်များ
မြန်မာနိုင်ငံတော် ဗဟိုဘဏ် တည်ထောင်ခြင်း။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို လွတ်လပ်ခွင့်ပေးခြင်း။

ANNEX

Legal framework of key accounting, auditing and supervisory institutions

Institution	Legal Framework
OAG	Requirements of Union Auditor General Under the Constitution (5/29/2008)
	The Auditor General of the Union Law (10/28/2010)
	The Law Amending the Auditor General of the Union Law (1/21/2013)
	The Law Amending the Auditor General of the Union Law (10/19/2014)
MAC	The Myanmar Accountancy Council Law (5/6/2015) (repealed The Myanmar Accountancy Council Law (1994))
	MAC Notification: Reorganization of MAC (15/12/2014)
MICPA	The Myanmar Companies Act (4/1/1914)
	The Law Relating to Forming Organizations (9/30/1988)
CBM	The Financial Institutions of Myanmar Law (FIML) (7/4/1990) including the The Law Amending the FIML-1994 (6/21/1994) and Rules Relating to FIML (4/9/1991)
	The Central Bank of Myanmar Rules (4/9/1991)
	Regulations for Financial Institutions (5/28/1992)
	AML/CFT Regulations (since 06/17/2002)
	The Central Bank of Myanmar Law (7/11/2013) (replealed The Central Bank of Myanmar Law (7/2/1990), The Law Amending the CBM Law-1995 (5/5/1995), and The Law Amending the CBM Law-1997 (1/13/1997))

Relevant Contents
Appointment of OAG
Appointment and qualifications of OAG Duties and powers of OAG
Duties and powers of OAG
Duties and powers of OAG
Establishment of MAC Responsibilities of MAC
Organizational set-up of MAC
Basis for establishment of MICPA
Basis for re-organization of MICPA
Establishment, management, functions, duties and powers of financial institutions auditing, reporting and supervision by CBM State-owned financial institutions
Licensing of financial institutions, reporting by CBM, reserve requirements, fines
Reserve requirements, interest rates, ratios and exchange ratios to be maintained financial institutions, information for CBM
Regulatory and supervisory framework for Anti-Money Laundering and Combating the Financing of Terrorism (AML/CFT)
Establishment of CBM Independence of CBM